

# နုနုရည်(အင်းဝ)

## သူစိမ်းတွေကြားမှာနှင့်အခြားစုစည်းမှု

မားဆိုး( mmcybermedia ) မှစာရိုက်ပေးပါသည်

mmcybermedia.com

# နုနုရည်(အင်းဝ)

## သူစိမ်းတွေကြားမှာနှင့်အခြားစုစည်းမှု

မားဆိုး(mmcybermedia)
မှစာရိုက်ပေးပါသည်

mmcybermedia.com

edit & PDF • rfanquee (mmcybermedia)

# ဆံပင်မဖြီးမသင်
# မုတ်ဆိတ်မှင်သူမရိတ်
# ဆေးလိပ်တိုတဖွာဖွာပေါ့

"ဟော့ကလေးမ ကြည့်စမ်း၊ ဝါဆိုဝါခေါင် တောင်သမန်ရဲ့အလှ။ ရေပြည့်လျှံစ တမျှော်တခေါ်၊ အင်းရေ ပြင်ကြီးက စိမ်းလို့၊ ကြည်လို့၊ အေးလို့။ လထွက်ခါနီးဆိုတော့ အင်းရေပြင်မှာပေါ်မှာ မလင်း တလင်း။ လေစိမ်းတွေကလည်း ကြမ်းကြမ်းရမ်းရမ်း တိုက်နေလိုက်တာ။"

"ဒီမှာကလေးမ၊ လေစိမ်းဆိုတာ ဒီလို လေမျိုးကို ခေါ်တာရယ်။"

"ညည်း သိရဲ့လား။ အေး... ပြီးတော့ နားထောင်ကြည့်စမ်း။ အင်းလှိုင်းလုံးတွေ တို့လျှောက်နေတဲ့ တံတားအောက်ခြေကို လာပြီးတော့ ရိုက်နေတဲ့အသံ။"

"ဝုန်းခနဲ ဝုန်းခနဲ။"

"ဘယ်လောက် ယစ်မူးစရာကောင်းတဲ့ အရိုင်း ဂီတသံလဲ။ သေသေချာချာ နားထောင်ကြည့်နော်။"

"ကလေးမရေ ညည်းတို့ ရန်ကုန်မှာ ဒီလိုအရသာမျိုး ဘယ်ခံစားရမလဲအေ။ ဟုတ်တယ်မဟုတ်လား။ မခံစားရပါဘူး။ အေး ဒါကြောင့် ညည်းတို့ ဇနီးမောင်နံ တောင်သမန် လထွက်ချိန်အလှကို ခံစားရအောင်လို့ ငါရယ်၊ ဟောဒီက ဆရာတော် ကိုပညာရယ်၊ ညည်း လေးလေးကြီးရယ် တို့က တမင်တကာ အချိန်ရွေးပြီး ခေါ်လာခဲ့တာ။"



"ဟော ကြည့်။ ဟိုမှာ လထွက်တော့မယ်။ အရှေ့ဘက်ကောင်းကင် နီဝါရောင် မလင်းတလင်းကနေ တဖြည်းဖြည်း ဝါဝါပြီး လင်းလာပြီ။"

"ဘယ်နှယ့်လဲ မလှဘူးလား။ အဝါရောင်ကလေး လင်းလင်းလာတာကို ကြည့်ရင်း၊ ကြည့်ရင်း ကြည့်ရင်း။ ဟော လဝန်းရဲ့ အစွန်းလေး ရိပ်ခနဲ အင်းရေပြင်အစပ်မှာ ပေါ်လာတာဟာ ကဗျာမဆန် လိုက်ဘူးလားအေ ဟင်။"

"ရွှန်းမြမြလရောင်ဆိုတာ ဒါကို ခေါ်တာရယ်။ မပြုံးနဲ့ ကလေးမဟုတ်တယ်ရယ်။ ဒါ ရွှန်းမြမြလရောင်။ ကြည့်စမ်း အင်းရေပြင်ကြီးတခုလုံး လရောင်နဲ့ တလက်လက်တောက်လို့။ ဟောဟိုက လှမ်းမြင်နေရတဲ့ လရောင် အောက်က စေတီဖြူဖြူလေးဟာ ဟောဒီ ဦးပိန်တံတားကြီး အဆုံးမှာရှိတဲ့ တောင်သမန်ရွာလေးရဲ့ ရွာဦးစေတီလေး ပေါ့။"

"ပြီးတော့ ဟော့ကလေးမ ဟိုမှာရော ကြည့်လိုက်စမ်းပါဦး။ အင်းလှိုင်းခေါင်းဖြူတွေ ရိုက်ခတ်ဦးညွှတ် ရှိခိုး ပူဇော်နေတဲ့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသရဲ့ အမှတ်တရအထိမ်းအမှတ် ဗိမာန် တော်လေ။ ဆရာတော်ဘုရားကြီးဟာ ညည်းတို့ငါတို့လို စာရေးဆရာ၊ ကဗျာဆရာတွေ အတုယူ စံထားလောက်တဲ့ ကြည်ညိုလေးစားဖွယ် စာရေးဆရာကြီးလည်း ဖြစ်တာရယ်။ ဟုတ်တယ်၊ ဆရာတော်ဘုရားကြီး ရေးသားပြုစုတဲ့ ကျမ်းစာအုပ်တွေဟာ နည်းတာမှတ်လို့။"

"အင်း...၊ ကလေးမ ညည်း ဆရာတော်ဘုရားကြီး စာဘယ်လိုရေးတာရော ညည်း သိရဲ့လား။ ဆရာတော်ဘုရားကြီးဟာ စာရေးရင် အင်းရေပြင်ကို မျက်နှာမူနေတဲ့ ကျောင်းစကြံန်မှာ စာပွဲခုံမြင့်နဲ့ မတ်တတ်ရေးတာ။ အင်းရေပြင်ကို လှမ်းမျှော်ကြည့်လိုက်၊ စာရေးလိုက် နေမှာပေါ့။ တို့ စာရေးဆရာ တွေမှာ အကျင့်လေးတွေ တမျိုးစီလေ။ စာပွဲခုံမြင့်နဲ့ ရေးတတ်တဲ့သူ၊ စားပွဲခုံနိမ့်နဲ့ ရေးတတ်တဲ့သူ။ ကဲ စာရေးဆရာမကြီး ညည်းကော ဘယ်လိုရေးလဲ။ အင်း လူတကိုယ် အကျင့်တစ်မျိုးစီရယ်နော်။"

"ဒါပေမယ့် တို့ဆရာတော်ဘုရားကြီးနဲ့ ရေးပုံရေးနည်းချင်း သွားတူနေတဲ့ စာရေးဆရာတယောက် ရှိတယ်။ ဘယ်သူလဲဆိုတော့ ကလေးမ ညည်းသိမှာပါ။ ကမ္ဘာကျော် စာရေးဆရာကြီး အားနက်စ် ဟဲမင်းဝေး။ သိတယ်နော်။ အေး၊ စာရေးဆရာကြီး ဟဲမင်းဝေးကလည်း ပင်လယ်ပြင်ပေါ်က သူပိုင် သင်္ဘောရဲ့ ဟိုးအပေါ်ဆုံးထပ်ရဲ့ အမြင့်မှာ ပင်လယ်ပြင်ကို ကြည့်ပြီး မတ်တတ်ရပ်ရေးတာရယ်။ ထူးခြားတဲ့တိုက်ဆိုင်မှုလေးနော် ကလေးမ။"

"ဘယ့်နယ်လဲ၊ တောင်သမန်လထွက်ချိန်ဟာ ညည်းကို ဖမ်းစားထားပြီ မဟုတ်လား။ ခံစားစမ်း။ ညည်းတို့ မောင်နှမ အပြည့်အဝ ခံစားစမ်း။ အဲ၊ ဟော့ ကလေးမ တို့တတွေ တောင်သမန် လထွက်ချိန်ကို မခံစားတတ်ခင် အရင်ခံစားနေတဲ့သူ၊ ခုလည်း ညတိုင်းခံစားနေတဲ့သူ တယောက်ရှိတယ်အေ့။ သိလား။ ဘယ်သူမှတ်လဲ။ ဟော ဟောဒီက ဆရာတော် ကိုပညာ။ အင်မတန် နှလုံးသားနူးညံ့သိမ်မွေ့တော်မူတဲ့ ကိုပညာ (အမရပူရ) ဆိုတဲ့ စာရေးဆရာကြီးပေါ့။ ဟုတ်တယ်နော် ဆရာတော်။"

"ဒီမယ်အေ့ ကလေးမရဲ့။ ကိုပညာဆရာတော်ကို ငါ သိပ်ချစ်တယ်။ ညီအစ်ကိုရင်းလိုကို ချစ်တာ။ သူကလည်း စာရေးဆရာ၊ ကဗျာဆရာ။ အို.... ၊ အနုပညာသမားဆို အားလုံးကို ချစ်နေတာပဲနော်။ တောင်သမန်အခြေက တောင်လေးလုံးကျောင်းတိုက်ဆိုတာ အနုပညာသမားတို့ရဲ့ ဝိဟာရလေးရယ်။ နော် ကလေးမ။ ညည်းတို့လည်း ဆရာတော်ကို ချစ်တာပဲ။ ဟုတ်တယ်မဟုတ်လား။ ဟား ဟုတ်တာပေါ့။ ဆရာတော်က ညည်း အစ်ကိုတော်ပဲ။ ဒီမယ်ကလေးမ ဆရာတော်ရဲ့ နှမအငယ်ဆုံးလေးက ညည်းနဲ့ အရွယ်ချင်းမတိမ်းမယိမ်းရယ်။ ဆရာတော်က သူ့နှမလေး ရုတ်တရက်ဆုံးရှာတော့ သိပ်စိတ်ထိခိုက်ရှာတာ။ အဲဒါ ညည်းနဲ့ သိကျွမ်းခင်မင်တော့ ဝမ်းသာအားရ ပြောရှာတယ်။ ကျုပ်နှမလေး အစားပြန်ရသလိုပဲတဲ့ဗျာ။ ညည်းက စာရေးဆရာဆိုတော့ သူ့မှာ သံယောဇဉ်တွေကို ပိုကြီးလို့။ သူ့နှမအငယ်ဆုံး စာရေးဆရာမလေးပေါ့။"

"ဟား ဟား ဘာတဲ့၊ ညည်းယောက်ျားကတော့ ဘုန်းကြီးယောက်ဖတဲ့။ ဟုတ်လား ဆရာတော်။ ဟား ဟား ပြုံးပြီး ကျေနပ်နေတယ် ဟုတ်လား။ အင်း ပျော်တယ်နော်။ ဟော့ ကလေးမ ညည်းတို့လည်း ပျော်တယ်နော်။ ဆရာတော် တပည့်တော်တို့ ဟောဒီ တံတားအဆုံးအထိ လျှောက်ကြမယ်နော်။ လရောင်အောက်မှာ စကားတွေ ပြောပြီးတော့။ ဟော့ ကလေးမ ညည်းလျှောက်နိုင်တယ်မဟုတ်လား ဟင်။ အေး မလျှောက်နိုင်လည်း ညည်းမောင်တော် ထမ်းခိုင်း အေ။ ဘယ့်နယ်လဲ ကလေးမ။ ထမ်းခိုင်းရဲပ့ါမလား။ ဟင်၊ ဟုတ်လား။ ထမ်းခိုင်းရဲသလား။ ဩော်.... ၊ ညည်းကလည်း ငါ့ကို နောက်နေပြန်ပြီအေ။ ကလေးမ၊ ဒီမှာကလေးမ၊ ဦးပြောမယ်။ ဟော ညည်းရယ်ပြန်ပြီ။"

"ဘာလဲ။ ဩော်... ညည်းက ကလေးမဆိုတာကို ရယ်နေတာကိုး။ မရယ်နဲ့ ညည်း။ နားထောင်ကလေးမ။ ငါ မိန်းကလေးတိုင်းကို ခေါ်တာမဟုတ်ဘူး။ အဲ ငါ အင်မတန် ရင်းနှီးချစ်ခင်ပြီး သွေးရင်းသားရင်း၊ တူမရင်း၊ ညီမရင်းလို မိန်းကလေးမျိုးကိုမှ ငါ ခေါ်တာ။ ကြားလား ကလေးမ။"

"ညည်းကို တို့က ကိုယ့်တူမလေးလို၊ ရဲဘော်ရဲဘက်လို၊ မိတ်ဆွေသူငယ်ချင်းလို သဘောထားပြီး ငါတို့က သိပ်ချစ်တာ။ အေး ဒါပေမယ့် ညည်း စိတ်ကောက်ချင်ကောက်။ ဟောဒီလူ ညည်းမောင်တော်ကိုတော့ ငါက ညည်းထက် ပိုချစ်တယ်ဗျ သိလား။ ဟော့လူ ဒီမယ် ကျုပ်က ကိန်းကြီးခန်းကြီး နိုင်တဲ့သူဆို သိပ်စိတ်ပျက်တာဗျ သိလား။ ခင်ဗျားကို ကျုပ်က သိပ်ခင်တာ။"

"ဒါပေမယ့် ဟော့လူ ကျုပ်တခုတော့ပြောမယ်။ ခင်ဗျား ကြင်ယာတော်ကြီးတော့ မဖြစ်စေနဲ့နော်။ ဘုရင်မရဲ့ ကြင်ယာတော်ကြီး ဘယ်တော့မှ မဖြစ်စေနဲ့ ကိုယ့်လူ။ ကျုပ်က ခင်လို့ပြောတာ။ ပြီးတော့ ဟော့လူ ဒီကောင်မလေးကို ခင်ဗျား အလိုမလိုက်နဲ့နော်။ ဘေးကနေ ကောင်းကောင်းထိန်းပေး ကြားလား။ ကလေးမက စတက်ဘွန်းလေးဗျ။ ခေါင်းမာတယ်။ မှန်တယ်ထင်ရင် ကြက်ခေါင်းဆိတ် မခံတကတဲ။ ဟဲ ဟဲ သူ့ကိုကျုပ်တို့က သူ့ကွယ်ရာမှာ နာမည်ပေးထားတယ်ဗျ။ တိုက်ကြက်မတဲ့။ အရွယ်ရောက်ပြီး ခွပ်လက်ခွပ်သွေးစုံနေတဲ့ တိုက်ကြက်မလေးတွေကိုခင်ဗျား မြင်ဖူးတယ် မဟုတ်လား။"

"ခေါင်းကလေးမော့မော့၊ ရင်အုပ်ကလေးတချီချီ၊ မျက်လုံးကလေးတွေက နီရဲပြီး တောင်ပံတဖျန်းဖျန်း ခတ်လို့ သူ တိုက်ပွဲအတွက် အဆင်သင့်ပြင်၊ ဖျတ်လတ်တက်ကြွနေတဲ့ တိုက်ကြက်မကလေးတွေ လေ။ ဟော့ ကလေးမ ညည်း အဲဒီနာမည်ကို သဘောကျရဲ့လား။ တကယ်ပါအေ ကလေးမ ဟောဒီလူကို ငါ တကယ်ခင်တာ။ ညည်း လင်ကောင်းသားကောင်း ရတယ်နော၊ ကလေးမ သိလား။ ညည်းက မရယ်ပါနဲ့အေ့။ ဘာလဲ ညည်းနဲ့ ညည်းလေးလေးကြီးနဲ့ နှစ်ယောက်ပေါင်းပြီး ငါ့ကို ရယ်နေကြတာပေ့ါ ဟုတ်လား။ ဒီမှာ ကလေးမ ငါ့ကို မူးနေတယ်လို့ ညည်း ထင်မနေနဲ့နော်။ ငါသောက်တာ နည်းနည်းလေး။ နှစ်ပိုင့်ထဲရယ်။ ညည်းလေးလေးကြီး သိတယ်။ အလကား၊ ညည်းလေးလေး ကဗျာဆရာကြီးက တခါမှ လျှာပေါ်မှာ အရက်ကို တစက်တောင် တင်ဖူးတာ မဟုတ်ဘူး။ ဟော့ သူငယ်ချင်း ဒီမှာ ယောက်ျားဆိုတာ ယောက်ျားအလုပ် အစုံလုပ်တတ်ရတယ်ကွ။ ဒါမှ ယောက်ျားပီသတာ။ ယောက်ျားပီသခြင်းဆိုတာ....။"

"အေးပါကွာ အေးပါကွာ။ မင်း ယောက်ျားပီသတော် မူပါတယ်ကွာ။ မင်းမိန့်ခွန်းကို မင်းဘာသာ ဆက်ခြွေတော်မူပါ။ ကဲ ကလေးမရေ နားထောင်လိုက်။ ကြင်ယာတော်ကြီးရေ လာဟော့ သီချင်းဆိုရအောင်"

"လုပ်လိုက်လေ။ ဘာလဲ ဟိုဟာလေးလား။ မမလေးကိုနော်ဗျာ မောင်ကခိုးမယ်လို့"

"ဟုတ်ပ့ါမောင်ရာ ဟုတ်ပ့ါ။ လာပြီလူလေးရေ"

"..... မမလေးကိုနော်ဗျာ... မောင်ကခိုးမယ်လို့... လူဆိုးတွေနဲ့ မောင်တိုင်ပင်... မြို့အဝင်... ညောင်ပင်ကြီးမှာ .... မြင်းကိုယ်စီပြင်။ လထွက်ကလေးရယ်တဲ့.... မြင်းပေါ်တင်... လဝင်ရင် မန်းတောင်ရောက် အောင်... လလေး ဝင်ရင်နော်ဗျာ မန်းတောင်ရောက်အောင်... မြင်းဇောက်လို့နှင်"

"ကောင်းတယ်ဟေ့ ကောင်းတယ်"

"ဩော် ဆရာတော်ကလည်း သဘောကျ၊ ကောင်းတယ်တဲ့။ အင်း "လထွက်ကလေးရယ်တဲ့ မြင်းပေါ်တင်၊ လထွက်ကလေးရယ်တဲ့ မြင်းပေါ်တင်" ဘယ်လောက် လိုက်ဖက် လှပတဲ့ စကားလေးလဲ။ ဟင်ကလေးမ ညည်းရော သဘော မကျဘူးလား။ ဒီမှာ ဆရာတော်၊ တပည့်တော်လည်း မမလေး တယောက်လောက်ကို ဟောဒီလို လထွက်ကလေးမှာ မြင်းပေါ်တင်ပြီး ခိုးပြေးကြည့်ချင်တယ်။ ဒါပေမယ့် တပည့်တော်မှာ မမလေး မရှိဘူးဘုရား။ တယောက်ဆို တယောက်မှ မရှိဘူးဘုရား။ ဆရာတော်ဘုရား တပည့်တော်ကို မသနားတော့ဘူး လားဟင်။"

"အိုး မရှိတော့ ဘာဖြစ်တုံး။ အသက်ကြီးပြီ ဆံပင်ဖြူပြီ။ ကိုယ့်ဟာကိုယ် ကဗျာပဲရေး"

"ရက်စက်လိုက်တာ ဆရာတော်ဘုရားရယ်။ သွားပါပြီ၊ သွားပါပြီ။ တပည့်တော် အသက်ကြီးတာ မဟုတ်ဘူးဘုရား သိရဲ့လား။ အသက်နဲ့ မမျှအောင် ရင့်ရော်ခြင်း ဒဏ်ကို ခံရတာ။ ဒဏ်ရာဒဏ်ချက်တွေရဲ့ ရိုက်ပုတ် ထုထောင်းမှုကြောင့် တပည့်တော် ဒီလို ဖြစ်ရတာ။ တပည့်တော် အသက်မကြီးသေးဘူး။ ကလေးမ ညည်း လေးလေး အသက်မကြီးသေးပါဘူးအေ့။"

"ဟုတ်တယ်ဟေ့ တိုက်ကြက်မ။ ငါ့သူငယ်ချင်း အသက်မကြီးသေးဘူး။ အသက်မကြီးသေးပေါင် မောင် ရယ် ထန်းရွက်ပုတီးလေး ဆွဲဖို့ ရွှေစာရံကို အရောက်သွားမယ်"

"... ဟေ့ ... အဖော်တွေ ... ပျော်ပျော်ပါးပါး... မော်တော်ကားနဲ့ရယ်.... လိုက်ခဲ့တော့ အကုန်လုံး ဖုန်တွေ မွန်ရင်ကွယ်.... လက်ကိုင်ပုဝါ.. ခေါင်းစည်းလေးနဲ့ တမျိုးလှလို့ ခန့်ညားတယ်....."

"အသက်မကြီးသေးပေါင် မောင်ရယ်၊ ဘာတဲ့၊ ဟေ့လူ ကျုပ်ဆိုချင်တယ်။ အင်း ထန်းရွက်ပုတီးလေး ဆွဲဖို့၊ ထန်းရွက်ပုတီးလေးဆွဲဖို့၊ သိတ်ချစ်စရာကောင်းတဲ့ ထန်းရွက်ပုတီးလေးတွေ၊ ကလေးမ ညည်း ငယ်ငယ်တုန်းက ဆွဲဖူးတယ် မဟုတ်လား။ ရောင်စုံလေးတွေလေ။ အဲဒါလေးတွေဆွဲဖို့ တို့တူဝရီးတ
တွေ၊ ဟော့လူ ဘာ၊ ရွှေစာရံကို အရောက်သွားမယ်။ ပြီးတော့ ကျန်သေးလားဟ။ ဟော့ လူတွေရ လုပ်ပါဦး၊ ဆိုစမ်းပါဦး။"

"အို လာစမ်းကွာ။ ကဲ အစ်ကိုရေ ပွဲတောင်းနေပြီ။ ဟော့ လုံမငယ် ဖော်တသင်း ရေချိုး ရေခပ် ဆင်းကြတယ်။ ကျွဲနဖားတောင်အောက် ဒုဋ္ဌဝတီရစ်ခွေပတ်လည် ဟော့ ဟိုမှာကွ ကျွဲနဖားတောင်က လရောင်အောက်မှာ"

"ကြည့်စမ်း ဘယ်လောက်လှသလဲ။ ကလေးမ ကြည့် ဟိုမှာ။ ဟုတ်တယ်နော် ဆရာတော်၊ အဲဒီ ကျွဲနဖားတောင်ကို ဒုဋ္ဌဝတီမြစ်ကြီးက ရစ်ခွေပတ်လည် စီးဆင်းနေသတဲ့။ သိတ်ကောင်းတဲ့ သီချင်း။ ပီးတော့ ဘာတဲ့ လုပ်ပါဟ ဆိုစမ်းပါဦး။"

"ဟင်း စကားလုံးမလှ လိုက်တာနော်။ ဟော့ကောင် ငြိမ်ငြိမ် နားထောင်ကွာ။ ဘာသာမပြန်နဲ့။ ကဲ အတောလေး လုပ်စမ်းပါဦး ကိုကိုရယ်။ xxx ဒုဋ္ဌဝတီရစ်ခွေပတ်လည် xxx အင်းxx မြစ်ကမ်းသာဝယ် ရွှင်လန်းဖြာတယ် အဲဒီအတက် ဈေးနားဝယ် ထန်းရွက်ပုတီလေး xx ဆေးအလှ xxx ရောင်စုံခြယ် xxx အိမ်အပြန် လက်ဆောင်ပေးပါရစေxxx ကလေးနမရယ်တဲ့ အမြတ်တနိုး ဆင်မယ် xx မောင်ရယ် ကျွန်မ အသက်ငယ်သေးတယ်"

"အေး ဟုတ်တယ်။ ဆရာတော်ရယ်၊ တပည့်တော် အသက်ငယ်သေးတယ်။ နုပျိုသစ်လွင် တက်ကြွတဲ့ ကဗျာများစွာကို စပ်ဦးမယ်။ ဟား ဟား စပ်မယ်နော် ဆရာတော်။ ပျော်တယ်နော် ဆရာတော်။ ဟော့ ကလေးမ ပျော်တယ်မဟုတ်လား။ အေး ပျော်တယ် ဟုတ်ပြီ။ ဟော့လူ ခင်ဗျားရော ပျော်တယ်နော်။ သူငယ်ချင်း မင်းရော ပျော်တယ်နော်။ အေး ငါ့ သူငယ်ချင်းကြီးက အမြဲတမ်း ပျော်နေတာဟ ကလေးမရ။ အဲဗားဂျော်လီ နဲ့ဗားဆောရီး။"

"ဟော့ ကလေးမ ညည်းတခု စဉ်းစားစမ်း။ တို့ ဒီလထွက် ညလေးဟာ ပျော်စရာ၊ ကြည်နူးစရာ၊ ချမ်းမြေ့စရာ ကောင်းသလို၊ လွမ်းစရာလည်း ကောင်းမနေဘူးလားဟင်။ ကောင်းတယ်နော ညည်း တို့တော့ မသိဘူး။ ငါတော့ ခံစားနေရတယ်။ တကယ် ခံစားနေရတယ်။"

"ခံစားတတ်တဲ့ နှလုံးသားဆိုတာ လူတိုင်းမှာမရှိဘူးနော။ အင်း အနုပညာသမားကို နားလည်နိုင်တဲ့ နှလုံးသားပိုင်ရှင်ဆိုတာလည်း သိပ်ကိုရှားတယ် ကလေးမရေ။ ကဗျာကို နားလည်နိုင်တဲ့၊ ကဗျာကို

နားလည်နိုင်တဲ့၊ ကဗျာကို ချစ်တတ်တဲ့ နှလုံးသားပိုင်ရှင်မျိုးလေးဟာ ဘယ်လိုဟာမျိုးလေးပါလိမ့် ဆိုတာ ငါသိပ်သိချင်တာပဲ။ ဟော့ ကလေးမ စွန့်ပယ်ခြင်းရဲ့ဒဏ်၊ အထီးကျန်မှုရဲ့ဒဏ်၊ ငြင်းပယ်ခြင်း ရဲ့ဒဏ် အဲဒါတွေရဲ့ ခါးသီးမှုဒဏ်ကို ညည်းခံစားဖူးသလား ဟင်။ သိပ် နာကြည်း ကြေကွဲဖို့ ကောင်း တာရယ်။ ကလေးမ၊ တကယ် ညည်း ကြားဖူးမှာပါ။ ပန်းချီဆရာကြီး ဗန်ဂိုး။"

"ကနေ့ ဗန်ဂိုးရဲ့ပန်းချီကား တကားကို ပိုင်တဲ့လူဟာ သန်းကြွယ်သူဌေးလို့ ပြောခံရတဲ့အချိန်။ အေး ဗန်ဂိုး သက်ရှိထင်ရှားရှိစဉ်တုန်းကတော့ ဗန်ဂိုးဟာ ပန်းချီကားကလေး တကားကိုတောင် အနိုင်နိုင် ရောင်းခဲ့ရပြီး ဆင်းဆင်းရဲရဲ ငတ်ငတ်ပြတ်ပြတ်နဲ့ လူတွေရဲ့ စွန့်ပယ်မှု၊ ငြင်းပယ်မှုဒဏ်တွေကို အများကြီး ခံခဲ့ရရှာတာ။ ဘယ်လောက်များခံခဲ့ရသတုန်းဆိုရင် ဗန်ဂိုးရဲ့မေတ္တာကို မိန်းမပျက်ကလေး ကတောင်မှ မတုံ့ပြန်နိုင်ရုံမက ဖိုးတာအိုကြီးရယ် ရှင့်ရဲ့ ကြီးမားလှတဲ့ နားရွက်ကြီးတွေကို ဖြတ်တောက်ပြီး လက်ဆောင်ပေးပါလားလို့ နောက်ပြောင်ပြောလိုက်တာကို အထီးကျန်မှုဒဏ် မခံနိုင်လွန်းတဲ့ ဗန်ဂိုးဟာ အဟုတ်ကြီးမှတ်ပြီး ချစ်သူမိန်းမပျက် လေးဆီ သူ့နားရွက်ကို ဖြတ်ပြီး ပို့ခဲ့ရှာတယ်။ ဘယ်လောက်ရင်နင့်စရာကောင်းလဲဟင် ကလေးမ။ ညည်းခံစားလို့ ရမှာပါ။"

"ကလေးမရေ ဟောဒီက လရောင်နဲ့ တလက်လက်တောက်ပနေတဲ့ အင်းရေပြင်ကြီးကို ကြည့်ပြီး သတိရသေးတော့တယ်။ ဗန်ဂိုးလောက်မဟုတ်ပေမယ့် ဟောဒီလို ရေပြင်ကြီးကို ကြည့်ရင်း အထီးကျန်မှုဒဏ်ကို ဆယ်နှစ်တော်တော်များ ငါ ခံစားရဖူးတယ်အေ့ သိလား။ ပြီးတော့ စွန့်ပယ်မှုရဲ့ ဒဏ်၊ ငြင်းပယ်မှုရဲ့ဒဏ်၊ ကလေးမရေ အဲဒီဒဏ်ရာဒဏ်ချက်တွေများစွာထဲမှာ မိန်းကလေးယောက် ရဲ့ ငြင်းပယ်မှုဒဏ်ကိုလည်း ငါအလူးအလဲ ခံစားဖူးတယ်နော။ ညည်းမရယ်နဲ့။ အလူးအလဲ ဆိုလို့လည်း ညည်း ငါ့ကို အထင်မသေးနဲ့ဦး။ ငါအလူးအလဲဖြစ်လောက်အောင်လည်း ငါ့အဖြစ်က ထူးခြားတယ်ရယ်။ ကလေးမ ညည်း ဝတ္ထုဖြစ်လောက်တယ်နော။ တကယ် ပြောတာရယ်။"

"ငါးဆယ့်ခုနစ်၊ ငါးဆယ်ရှစ်။ ရေဇလာ ရွှေကြာ ဝေဆာ မွှေးသပ။ ရွှေညာကျေးက မန်းတက္ကသိုလ်ကို တက္ကသိုလ် ကျောင်းတော်သားကြီးတယောက် အနေနဲ့ ငါ စရောက်တဲ့ နှစ်ပေါ့အေ။ နေဦး ကလေးမ ငါးဆယ်ခုနစ်နှစ်ဟာ ညည်းမွေးတဲ့နှစ်နော်။ အင်းကလေးမရေ နောင် ဆယ့်ခြောက်နှစ်၊ ဆယ်ခုနစ် နှစ် ရှိမှ ညည်းတွေ့ရမယ့် မန်းတက္ကသိုလ်ဟာ အဲဒီတုန်းကတည်းက သိပ်ကို လှတာ။ တမာ စိမ်းဝါဝါ၊ လယ်ကွင်း စိမ်းဝါဝါ၊ နီလွင်တဲ့ ရေအလျဉ် တသွင်သွင်စီးဆင်းနေတဲ့ ရေနီမြောင်း ညည်းလည်း သိပါတယ်။"





"တချို့က မန်းတက္ကသိုလ်ဟာ ခြောက်သွေ့သတဲ့။ ခြောက်သွေ့တဲ့အလှကို သူတို့ မခံစားတတ်လို့ပါ။ ငါ့အဖို့ကတော့ ရှမ်းရိုးမတောင်ရိပ်ပြာပြာအောက်က မန်းတက္ကသိုလ်ရဲ့ ခြောက်သွေ့တဲ့ အလှတွေဟာ အင်မတန် ဖမ်းစားတာပဲ။ အင်မတန် ရင်ခုန်စေတာပဲ။ ငါ ကဗျာတွေ အများကြီး ရေးဖြစ်ခဲ့တာပေါ့ အေ။"

"အဲဒီလိုပဲ မန်းတက္ကသိုလ်ရဲ့ တမာပွင့်ဝါဝါလေးတွေလိုပဲ နွဲ့တဲ့၊ လှတဲ့၊ ရင်ခုန်စရာကောင်းတဲ့ ကောင်မလေးတယောက်ကို ငါ သွားတွေ့တယ်အေ့ ကလေးမ သိလား။ အင်း အသားလေး ညိုစိမ့်စိမ့်ဆိုတော့ ခြောက်သွေ့တဲ့ အလှလို့လဲ ပြောမယ်ဆိုရင် ပြောနိုင်တာပေါ့လေ။ ဒါပေမယ့် ခြောက်သွေ့တဲ့အလှဟာ အင်မတန် ရင်ခုန်စေတာလား။ သူ့နာမည်က နှင်းတဲ့။ မခင်နှင်းတဲ့။ သူက နေ့ကျောင်းသူ။ မန္တလေးမြို့ထဲကနေ တက်တာ။ မှတ်မှတ်ရရ သူတို့အိမ်ရှေ့မှာ ဇာဒ်ပင်ပုပု ဝိုင်းဝိုင်း လေးနှစ်ပင် ရှိတယ်။"

"ငါက အဆောင်နေတဲ့သူဆိုတော့ ညနေ၊ ညနေဘက်ကျရင် စက်ဘီးတစီးနဲ့ သူတို့အိမ်ရှေ့ကို သွား သွားပြီး ကြည့်တယ်။ သူငယ်ချင်းတယောက်က ငါ့ကို စက်ဘီးနဲ့ ရှေ့ကတင်နင်း။ ငါက နဂါးဆေးလိပ်လေး တဖွာဖွာနဲ့။ သူတို့ အိမ်နားရောက်တာနဲ့ သူ့ကို မမြင်ရသေးဘူး။ ဇါဒ်ပင်လေးနှစ် ပင်မြင်တာနဲ့ ရင်တွေခုန်ပြီး ကတုန်ကရင်ဖြစ်လာတာပဲ။ နဂါးဆေးပေါ့လိပ်ကို ခဲပြီး တအားဖွာပစ်မိ တော့တာပဲ။ အဲဒီမှာ ငါ့ကို စက်ဘီးတင်နင်းရတဲ့ ငါ့သူငယ်ချင်းက ဘယ်လို စ,သလဲဆိုတော့ ဟော့ကောင် လက်စသတ်တော့ မင်း ဟိုကဗျာက စက်ဘီးကို မြင်းမှတ်၊ နဂါးဆေးပေါ့လိပ်ကို ဓားမှတ်ပြီး စပ်တာကိုးကွတဲ့။ ဒီလိုအေ့ ကလေးမရဲ့။ ငါစပ်ထားတဲ့ ကဗျာလေး တပုဒ်ရှိတယ်။ ရှေးယခင်က မန္တလေးနန်းမြို့တော်သူလေးကို နောက်ပိုးသွားတဲ့ လုလင်ပျိုဟာ မြင်းကြီး စီးပြီး လက်ထဲမှာလည်း ဓားတဝင့်ဝင့်နဲ့ နေမှာပေါ့လို့ဆိုပြီး စပ်ထားတဲ့ ကဗျာက ရှိတာကိုး။ သြော် လွမ်းမိပါတယ်အေ။ အဲဒီသူငယ်ချင်း ဆုံးသွားရှာပြီ။ ကဗျာစပ်လည်း တော်တယ်။ ယုံကြည်ချက် ကလည်း သိပ်ပြင်းထန်တဲ့ သူငယ်ချင်း။"

"ကဲ ထားပါလေ။ ကလေးမ ငါ့ဇာတ်လမ်းလေးကို ပြန်ဆက်ကြစို့။ ငါက မခင်နှင်းကိုလိုက်သာ ကြည့် ပြီးတော့သာ သဘောကျနေတာ။ တနှစ်သာကျော်ရော စကားလည်း တခါမှ လိုက်မပြောဖူးဘူး။ စာလည်းတစောင်မှ မပေးဖူးဘူးရယ်။ ဒါပေမယ့် သူကတော့ ငါ့ကို သိတာပေါ့။ ငါ သူ့ကို သဘောကျ နေမိတယ်။ ချစ်နေမိတယ်။ ငါသူ့ကို သဘောကျနေမိတယ်၊ ချစ်နေမိတယ်။ သူ့နောက်လိုက်ကြည့် နေတယ် ဆိုတာကိုတော့ သူသိတာပေါ့။ "

“ဘာတဲ့ မိန်းကလေးတို့ရဲ့ အလိုလို သိစိတ်နဲ့ပေါ့အေ။ ညည်း နားလည်တယ် မဟုတ်လား။”

“ငါက သူ့ကို စာမပေးချင်ဘူးအေ့ ကလေးမ သိလား။ ကဗျာပေးချင်တာ။ ရည်းစားစာ မပေးချင်ဘူး။ ကဗျာစာအုပ် ပေးချင်တာ။ ငါ့ရဲ့အချစ်ကို ကဗျာတွေကနေတဆင့် သူ နားလည်စေချင်တာ။ ငါ အစိုးရိမ် အပူပန်ဆုံးက သူ ကဗျာကို ချစ်တတ်ရဲ့လား၊ ကဗျာကို မြတ်နိုးတဲ့ စိတ်ကလေး ရှိရဲ့လား ဆိုတာကိုပဲ။ ကဗျာဆရာရဲ့ ချစ်သူဟာ ကဗျာကို ချစ်မှ။ ကဗျာကို မြတ်နိုးမှ ကဗျာဆရာကို နားလည်မှာရယ်။ ဒါ အရေးကြီးဆုံးပဲ။ ဟုတ်တယ်နော်။ ကလေးမ ဟုတ်တယ် မဟုတ်လား။ အေး ဒီတော့ကာ သူ့ကို ငါ ရည်းစားစာမပေးဘူး။ ရည်းစားစကား လိုက်မပြောဘူး။”

“ဒီလိုနဲ့ ထောင့်ကိုးရာနဲ့ ခြောက်ဆယ် ခုနှစ်မှာ ( ညည်း သုံးနှစ်သမီးပေါ့နော်) ငါ့ရဲ့ ပထမဦးဆုံး ကဗျာစာအုပ်လေးထုတ်တယ်။ ကိုယ့်ရဲ့ ကဗျာလေးတွေကို တစုတစည်းတည်း ပထမဆုံးအကြိမ် ပုံနှိပ်ထုတ်ဝေခွင့် ရတဲ့ စာအုပ်လေးပေါ့အေ။ ကဗျာစာအုပ်လေးကို တစိမ့်စိမ့်ကြည့်ပြီးရင်း ကြည့်။

ကြည့်လို့ကို မဝဘူး။ ဘယ့်နယ်လဲ ညည်းခံစားဖူးမှာပေါ့နော်။ ညည်း ပထမဆုံးလုံးချင်း ဝတ္ထုလေး တုန်းကလည်း ဒီလိုပဲ မဟုတ်လား။ အဲဒီ အရသာက တမျိုးရယ်၊ နော ကလေးမ။ ခံစားဖူးမှ သိတာ ရယ်။ အင်း အဲဒီတင် ကဗျာစာအုပ်လေးကို ကြည့်ပြီး ငါ ဘာအကြံပေါက်လာသလဲ ဆိုတော့၊ ဟာ ဟုတ်ပြီ၊ ငါ စာအုပ်ကို သူ့ သွားပေးမယ်။ မခင်နှင်းလက်ထဲ ငါ့လက်နဲ့ ကိုယ်တိုင်ပေးမယ်။”

“စာအုပ်ရဲ့ ပထမစာမျက်နှာမှာ ချစ်တဲ့မခင်နှင်းသို့ ဆိုတာလေးပဲ ရေးထည့်လိုက်ပြီး ငါ့လက်မှတ် ထိုးလိုက်မယ်ပေါ့။ တကယ်ပဲ သိပ်ပျော်သွားတယ်အေ ကလေးမသိလား။ တကတဲ ဘာပြော ကောင်းမလဲ။ ကဗျာစာအုပ်တွေထဲက အသပ်ရပ်ဆုံး၊ အပြန့်ပြူးဆုံး၊ အကောင်းဆုံးလို့ ထင်ရတဲ့ စာအုပ်လေးကို သေချာရွေး၊ စာလုံးအကျအပေါက်တွေ ပါမှာစိုးလို့ တညလုံးပဲ လိုက်စစ်ဆေးကြည့် ရသေးတယ်။ စိတ်တိုင်းကျပြီ ဆိုတော့မှ စာရေး၊ ဆိုင်းထိုးပြီး မခင်နှင်းကျောင်းအပြန်မှာ ငါလိုက် ပေးတယ်။ ပေးတဲ့နေရာက ဘယ်နေရာလဲ သိလား ကလေးမ။ တို့ ကျောင်းဝင်းထဲက မြို့ထဲပြေးတဲ့ ဘတ်စ်ကားဂိတ် ကုက္ကိုပင်ကြီးအောက်က ထိုင်ခုံလေးမှာ။ စက်ဘီးပြင်ဆိုင်လေးလည်း ရှိတယ်။ သိတယ်မဟုတ်လား။ အေး သိပါတယ်။ အဲဒီနေရာလေးဟာ မန်းတက္ကသိုလ်က ချစ်သူပေါင်း မြောက်မြားစွာရဲ့ ဇာတ်လမ်းအစနဲ့ အဆုံးများစွာတို့ ဖြစ်ပျက်ခဲ့တဲ့ နေရာလေးပဲ အေ။ ဘယ့်နယ့်လဲ ညည်းတို့ရော အဲဒီနေရာလေးမှာ အမှတ်တရလေးတွေ ရှိသေးလား။ ဟား ဟား သိပ်ရှိတာပေါ့ ဟုတ် လား။ ရှိရမှာပေါ့ ကလေးမရယ် ရှိရမှာပေါ့။”





“အေး နေဦး ပြောဦးမယ်။ အဲဒီနေ့က မခင်နှင်းဝတ်ထားတာ အပြာရောင်အေ့ ကလေးမ။ ငါ ကောင်းကောင်းမှတ်မိတယ်။ အပြာနုနုလေး။ မျက်စိအေးတဲ့အရောင်။ ကြည်နူးစရာကောင်းတဲ့ အရောင်လေးပေါ့။ အဖော်တယောက်လည်း သူနဲ့ ပါတယ်။ သူတို့က စက်ဘီးပြင်ဆိုင်လေးနားက ထိုင်ခုံလေးမှာ ထိုင်ပြီး ဘတ်စ်ကား စောင့်နေကြတယ်။ ငါ အဲဒီနေ့က ဘယ်သူ့မှ အဖော်မခေါ်ဘူး။ ငါတယောက်တည်း ကဗျာစာအုပ်လေးကိုင်ပြီး သူ့နားကပ်သွားတော့ မခင်နှင်းက မျက်လုံးလေးတွေ ပြူးပြီး ငါ့ကို လှမ်းကြည့်တယ်။ ငါလည်း စိတ်သာတင်းထား ရတာ။ တကယ်တော့ သူ့နားကို အဲလောက်နီးနီး တခါမှ မနေဖူးဘူးရယ်။”

“ဒီမှာ မခင်နှင်းအတွက် ကျွန်တော့်ရဲ့ ပထမဆုံး ကဗျာစာအုပ်လေးဆိုပြီး ငါ သူ့ကို လှမ်းပေးလိုက် တယ်။ ရှင် တဲ့။ သူ့မျက်နှာတပြင်လုံး ရှက်သွေးဖြန်းသွားလိုက်ပုံများ အေ သနားစရာ၊ အားနာစရာ တောင် ကောင်းသေးတော့။ အင်း ချစ်စရာလည်း ကောင်းတယ်အေ့ သိလား။”

“ကလေးမ သူကလေ ရှက်သွေးဖြန်းနေတဲ့ မျက်နှာလေးနဲ့ပဲ ငါ့ကဗျာစာအုပ်လေးကို ယူတယ် သိလား။ ပြီးတော့ စာအုပ်လေးကို ကြည့်တယ်။ ဟာ ငါဝမ်းသာလိုက်ပုံများအေ ရင်ထဲမှာ ကြည်နူးပြီး သူ့နားကနေ ငါ ပြန်လှည့်လာခဲ့တယ်။ ဟင့်အင်း ငါ ဘာအပိုတွေမှ မပြောခဲ့တော့ဘူး။ ပြောစရာမလို တော့ဘူးလို့ ငါထင်တယ်လေ။ သေချာပါတယ် သူကလေးဟာ မုချ ကဗျာကို ချစ်တတ်၊ မြတ်နိုး တတ်တဲ့ မိန်းကလေးပါပဲလို့ ငါ စွဲမှတ်လိုက်တော့ တယ်။ အဲဒီည ငါ ကဗျာတွေ အများကြီး ရေးပစ် လိုက်မိတယ်။ စိတ်ကူးယဉ်လို့လဲ ဘယ်မဆုံးပေါ့အေ။”

“ဒါပေမယ့် ကလေးမရေ မုန်တိုင်းမလာခင် တိုက်ခတ်နေတဲ့ လေပြေလေညှင်း၊ လေနုအေးကလေး တိုက်ခတ်ချိန်က အင်မတန် တိုတောင်းပေတာပဲ။ ငါ ကျောင်းက ထွက်ရတယ်။ ငါချစ်တဲ့ အမိ တက္ကသိုလ်က ငါ့ကို စွန့်ပစ်လိုက်ပြီ။ စွန့်ပယ်လိုက်ပြီ။ ငါ့ကို စွဲလန်းဖမ်းစားတဲ့၊ ငါ့ကို ရင်ခုန်စေတဲ့ ရှမ်းရိုးမပြာပြာ၊ လယ်ကွင်း စိမ်းဝါဝါ၊ တမာစိမ်းဝါဝါ၊ ရေနီမြောင်း၊ ပြီးတော့ မခင်နှင်း။ သူတို့ အားလုံး ကို ငါ နှုတ်ကလေးတချက်တောင် မဆက်ခဲ့ရဘူး။ ကလေးမရေ အဲဒီကစပြီး တကိုယ်တော်ခရီးကြမ်း ကို စတင်ရတော့တာပဲပေါ့။ ငါ့လွယ်အိတ်ထဲမှာ အဝတ်အစားတစုံရယ်၊ ငါ့ကဗျာစာအုပ်လေးရယ်၊ အမေ့ရဲ့ ပင်နီအင်္ကျီအဟောင်းလေးရယ်၊ ဒါပဲပါတယ်။ ဒီလွယ်အိတ်လေး တလုံးလွယ်ပြီး မြို့ပြပတ် ဝန်းကျင်၊ ပညာတတ် အသိုက်အဝန်း၊ တက္ကသိုလ်အသိုက်အဝန်း၊ ကဗျာအသိုက်အဝန်း၊ စာအသိုက် အဝန်းတွေနဲ့ စွန့်ခွါပြီး အထီးကျန်မှု ဝေဒနာကို ခံစားပြီးနေရတာ နည်းတဲ့နှစ်တွေလား ကလေးမ ရယ်။ ဆယ်နှစ်ကျော်တယ်ရယ်။ ဟိုးအထက်မြစ်ညာ ဝေးလံသီခေါင်လှတဲ့ တံငါရွာလေးတရွာမှာ

တံငါသည်တပိုင်းဘဝနဲ့ ငါ နေခဲ့ရတယ်။ ကလေးမ ဘာလဲ ညည်းအံ့ဩသွားလား။ အင်း ဟောဒီလို ရေပြင်ကြီးပေါ်မှာ လှေကလေးတစင်းနဲ့ ငါကျင်လည်ခဲ့ဖူးတာပေါ့။ ဒါပေမယ့် ဟော့ ကလေးမရေ၊ အဲဒီတုန်းက ကဗျာဆရာဟာ လရောင်ကို မုန်းတယ်အေ့၊ သိရဲ့လား။ ဟောဒီလို ရေပြင်မှာ လရောင်ဖြာနေရင် တံငါကဗျာဆရာ သိပ်ကိုမုန်း။ ခုချိန်မှာ တို့တတွေကသာ လရောင်နဲ့ ရေပြင်ရဲ့ အရသာကို တရှိုက်မက်မက် ခံစားနေကြတာ။ တံငါရွာက လူတွေကတော့ စိတ်ပျက်နေကြရှာ ရော့မယ်။ ကလေးမ ညည်း သိရဲ့လား။ လသာညဟာ ငါးမရတဲ့ ညလေ။ လရောင်ဖြာရင် ငါးတွေက မလာဘူးရယ်။ လရောင်လန့်နိုး၊ ငါးမတိုးလို့၊ စိတ်ဆိုးမာန်ဆိုး၊ သူ ငြင်ငြိုကာ၊ လကိုမော့ကြည့်၊ ကျိန်ဆဲမိ။ ကဗျာဆရာ၊ တံငါရွာတွင်၊ ကာလညည့်နက်၊ ဝမ်းစာခက်တော့၊ ပိုက်ကွက်တဖောင်၊ လှေဦးထောင်နဲ့၊ လရောင်မုန်းသူဖြစ်နေပေ့ါတဲ့။ ငါ ကဗျာလေး စပ်ခဲ့တယ်။ ညမှာ မီးခွက်ကလေး တခွက်နဲ့ ငါ ကဗျာရေးတယ်။ နေ့မှာ တံငါအလုပ်ကို ဝိုင်းကူ လုပ်ပေးပေ့ါ။ အဲဒီမှာ ကလေးမ နား ထောင်၊ သူတို့တွေနဲ့ ရောနှောနေထိုင် လုပ်ကိုင်ပြီး ငါ ဘာတွေ သိလာရသလဲဆိုတော့ သူတို့ရဲ့ နေပုံ၊ ထိုင်ပုံ၊ ပြောပုံ ဆိုပုံစရိုက်တွေ၊ လူနေမှုဘဝတွေ၊ သူတို့ရဲ့ စကားလုံး၊ ဝေါဟာရ၊ သုံးပုံသုံးနည်းတွေ။ အဲဒါတွေဟာ သိပ်ကို အဖိုးတန်တာရယ်။ လူ့အလွှာတခုအကြောင်းကို ရေးတော့မယ်ဆိုရင် အဲဒီအလွှာထဲကို နက်နက်ရှိုင်းရှိုင်း တိုးဝင်ဆင်းသက်နိုင်လေ ကောင်းလေ ပဲနော် ကလေးမ။ ညည်း ဝတ္ထုဟာ ပိုပြီးတော့ ပီပြင်မယ်။ ပိုပြီးတော့ သဘာဝကျမယ်။ အဲဒါ ညည်းအတွက် စကားလက်ဆောင်ပေ့ါနော်။ ငါ့ အကြောင်းကို ဆက်ကြဦးစို့ ဆိုရင်....။"

"အဲဒီ တံငါရွာလေးမှာ အထီးကျန်မှုဒဏ်ကို ခံစားနေရချိန်မှာ ငါ မခင်နှင်းကို သိပ်သတိရတယ်။ အမေ့ကိုလည်း သိပ်လွမ်းတယ်။ အမေ့ကိုလွမ်းရင် ငါ့ ခေါင်းအုံးအောက်က အမေ့ပင်နီအကျႌဟောင်း လေးကို အလွမ်းပြေ နမ်းရှိုက်ရတယ်။ မခင်နှင်းကို သတိရရင်တော့ ကဗျာစာအုပ်လေးကို ထုတ်ထုတ်ပြီး ကြည့်ရတယ်။ ဩော် သူ အခုအချိန်ဆိုရင် ငါ့ကဗျာလေးတွေကို ဖတ်ကြည့်ပြီး ပျောက်ချင်းမလှ ပျောက်သွားတဲ့ ကဗျာဆရာကို ဒေါကလေးများ ပွနေမလား။ ဒါမှမဟုတ် ပူပင်သောကများ ပွါးနေမလားပေ့ါ။"

"ကလေးမလေးရေ ကိုယ်လိုရာ ကိုယ်ဆွဲပြီး ကြည်နူးတဲ့အခါ ကြည်နူးရပေမယ့် သေချာစဉ်းစားမိပြန် တော့လည်း ဝမ်းနည်းရပြန်ရော သိလား။ ငါ နဲ့ ကွဲကွာနေရတဲ့ အချိန်ကာလဟာ သိပ်ကို ကြာခဲ့ပြီ လေ။ ခုချိန်ဆို သူက ကျောင်းပြီးသွားလို့ ကြင်သူသက်ထားတွေ့ခဲ့ရင် ကလေးတွေ ဘာတွေတောင် ကြီးလောက်ရောပေ့ါဆိုတဲ့ အတွေးကို တွေးမိပြန်တော့ ဝမ်းနည်းတယ်အေ့ သိလား။ ဒါပေမယ့် ငါ သူ့ကို ခွင့်လွှတ်ရမှာပေ့ါလို့။ ငါ့အပြစ်ပဲ။ သူ့အပြစ်မှ မဟုတ်တာလေလို့ စိတ်ကို ဖြေတွေးပေမယ့် ဘာတဲ့ ဟော့လူ။ ခင်ဗျားတို့ ဆိုက်ကိုမှာခေါ်တဲ့ မသိစိတ်၊ အဲ မသိစိတ်က မျှော်လင့်နေသေးတယ်။ သူ ကလေးဟာ ခုချိန်ထိ ကဗျာစာအုပ်လေးတအုပ်နဲ့ ငါပြန်လာမယ့် အချိန်ကို စောင့်နေရှာရော့လေ သလား။ အင်း ဒါမှမဟုတ် အိမ်ထောင်ရက်သားများ ကျနေခဲ့လို့ ရှိလျှင်လည်း ကဗျာစာအုပ်လေးကို ထုတ်ပြီး သူ့ကလေးတွေကိုများ ဖတ်ပြနေလေမလား။ ကဗျာစာအုပ်ကလေး ကို ခဏခဏ ထုတ် ကြည့်တတ်တဲ့ သူ့ကို သူ့အိမ်သားကများ မနာလိုဝန်တိုဒေါသနဲ့ ဆူပူတာ ခံနေရလေမလား။ တမြည့်မြည့်နဲ့ပေ့ါ။ ဒါပေမယ့် ကလေးမရေ ဒီဒဏ်လောက်ကိုတော့ ငါ ခံနိုင်ရမှာပေ့ါ။ ကဗျာနဲ့ ယုံကြည်ချက် အတွက်ဆို ငါ အားလုံးကို စွန့်လွှတ်နိုင်ပါတယ်။ အဆိုးဆုံး အခြေအနေတွေအတွက် ငါ အမြဲတမ်း အဆင်သင့် ပြင်ထားပါတယ်။"

"ပြီးတော့ ဟော့ ကလေးမ ငါ ပြောပြရဦးမယ်။ အထီးကျန်မှုဝေဒနာကို ကြိတ်မှိတ်ခံစာရင်း တံငါရွာလေး မှာ ငါ ဝမ်းနည်းပက်လက် ခံစားခဲ့ရတာလေး ရှိသေးတယ်။ အဲဒီမှာတုန်းက တလတခါလောက် ငါက တံငါရွာလေးနဲ့ အနီးဆုံးမြို့ကလေးကို သွားသွားပြီး ဖတ်ချင်တဲ့ စာအုပ်လေးတွေ ဝယ်တယ်။ စာအုပ်ဆိုင်တွေက ငါ့ကို မသိကြပါဘူး။ ခေါင်းပေါင်ကြီးနဲ့၊ ပုဆိုးတိုတိုနဲ့၊ နေလောင်ထားတဲ့ အသားအရေ မဲ့ကြမ်းကြမ်းနဲ့ တံငါသည်ကြီးဟာ စာဖတ်ပါလား၊ အင်္ဂလိပ်စာ တတ်ပါလားဆိုတဲ့ အံ့ဩမှု မျက်လုံးတွေနဲ့ အထူးအဆန်း ကြည့်ခံရတာပဲ ရှိတယ်။ အဲဒီမှာ တနေ့ ငါမြို့ပေါ်ကို စာအုပ်ဝယ်ဖို့အသွား ညဦးပိုင်းလေးပေ့ါ။ တို့ရွာနဲ့ မြို့ကလေးနဲ့က အနီးဆုံးဆိုတာတောင် နေ့ချင်းပြန်လို့ မရဘူး။ တညအိပ်ရတယ်။ အဲ အဲဒီညပိုင်းလေးမှာ မြို့ပေါ်ကလူတွေ လှုပ်လှုပ်ရှားရှား၊ စည်စည်ကားကား သွားလာနေကြတာ တွေ့ရတယ်။ ဘာလို့ဆိုတော့ ပွဲရှိတယ်တဲ့။ ပွဲ....။ ပွဲက မြန်မာပြည်တပြည်လုံး အဲဒီအချိန်မှာ ဟိုးဟိုးကျော် နာမည်ကြီးနေတဲ့ ဇာတ်ပွဲ။ ရေလမ်းပဲရှိတဲ့ ဒီမြို့လေးမှာ အင်မတန် လာခဲတဲ့ပွဲ။ ကြည့်ရခဲတဲ့ ပွဲကိုး။"

"ငါ ပွဲကြည့်လှေ့ ကြည့်ထ မရှိပါဘူး။ ဒါပေမယ့် တံငါရွာလေးမှာ နှစ်ပေါင်းတော်တော်ကြာကြာ သီချင်း၊ ဂီတ၊ အဆိုအက ဆိုတဲ့ ဖျော်ဖြေမှုတွေနဲ့ ဝေးနေခဲ့ရတော့ ငါ အဲဒီညမှာ ပွဲသွားကြည့်တယ်။ ငါသွားတော့ ပွဲထွက်နေပါပြီ။ လူတွေရဲ့ ဟိုး နောက်ဆုံးကနေ ငါ ကုပ်ကုပ်လေးဝင်ပြီး ကြည့်လိုက် တော့ ဇာတ်က အော်ပရာကနေတယ်။ ဘာအော်ပရာလဲသိလားကလေးမ။ ငါ့ရဲ့ ကဗျာတပုဒ်ကို အော်ပရာအဖြစ် တင်ဆက်ပြနေ တာလေ။ ငါ့ရဲ့ နလုံးသားထဲက ဇာတ်ကောင်လေးတွေ ဇာတ်ခုံပေါ် မှာ သက်ဝင်လှုပ်ရှားနေတာကို ကြည့်ပြီး ငါ့မယ် ပီတိဖြစ်လိုက်ရတာလေ။ ပရိသတ်တွေ သဘောကျ နေတာ ကြည့်ပြီးတော့လည်း ရင်ထဲမှာ တလှပ်လှပ်နေအောင် ခံစားရတယ်။ အော်ပရာပြီးတော့ ငါ့နာမည်ကို ကြေညာသံ ကြားရတယ်။ ငါ့ ကဗျာကို ကျေညာသံ ကြားရတယ်။ ပရိသတ်တွေ ချီးမွမ်း

သံကို ကြားရတယ်။ ပွဲခင်းရဲ့ ဟိုးနောက်ဆုံးမှာ ခေါင်းပေါင်းကြီး ပေါင်းပြီး ပြောင်းဖူးဖက် ဆေးလိပ်ကြီးနဲ့ ထိုင်နေတဲ့ တံငါသည်ကြီးတယောက်ကိုတော့ ဘယ်သူမှ သတိမပြုမိကြပါဘူး။”

“ငါလေ ငါ့မိတ်ဆွေ အော်ပရာပြဇာတ် နာမည်ကျော် ဒါရိုက်တာကြီးကိုလည်း သွားတွေ့ နှုတ်ဆက်ချင် လိုက်တာ။ စကားတွေ ပြောချင်လိုက်တာ။ ငါ့ကဗျာရဲ့ ဇာတ်ကောင်တွေကိုလည်း သွားပြီး ချီးမွမ်းကျေးဇူး တင်စကား ပြောချင်လိုက်တာ။ ဒါပေမယ့် ငါ လုပ်လို့မရဘူးလေ အေ ကလေးမရဲ့။ ဝမ်းနည်းပက်လက်နဲ့ပဲ တံငါရွာလေးကို ငါ ပြန်ခဲ့ရတယ်။ ကလေးမရေ ဒီအထီးကျန်ဘဝကနေ အမေရှိရာ၊ မခင်နှင်းရှိရာ၊ သူငယ်ချင်းတွေရှိရာ၊ စာတွေ ကဗျာတွေရှိရာ ငါ့ပတ်ဝန်းကျင်ကို ပြန်ရောက်တော့ ညည်း တက္ကသိုလ်ရောက်လို့ ရည်းစားတွေ ဘာတွေတောင် ထားချင်ထားနေတော့မယ်ဟုတ်လား။”

“ငါဟာလေ တောသားတံငါသည်ကြီး မြို့တက်လာသလိုပဲ။ သိလား ကလေးမ။ အရာရာဟာ ငါ့အတွက် အထူးအဆန်းတွေဖြစ်ပြီး လူတွေကို ငါကြောက်နေသလိုပဲ။ အဲဒီတော့ ငါ ဘာဖြစ်သလဲဆိုတော့ လူတွေကို ငါ ရှောင်တယ်။ ဒီတော့ ငါ့မှာ လူတောထဲမတိုးသလို၊ လူရာမဝင်သလို၊ လူမှုရေးနားမလည်တဲ့ လူ့အပြင်ဘက်က လူလို့ သတ်မှတ်ခံရတယ်။ ဒါ ငါ့ အပြစ်လားအေ့ ကလေးမ ဟင်။”

“ကလေးမရေ သူငယ်ချင်းတွေဆီကနေ ငါ မခင်နှင်းသတင်းကို ကြားခဲ့ရပါတယ်။ သူ အိမ်ထောင်ကျနေ ပြီတဲ့။ ချမ်းချမ်းသာသာဖြစ်နေတယ်တဲ့။ မသိစိတ်ရဲ့ မျှော်လင့်ချက်ကြောင့် ရင်ထဲမှာတော့ ဟာကနဲ ဖြစ်တာပေါ့ အေ။ ဒါပေမယ့် တွေးပြီးသားပဲ။ သူ့အပြစ်မဟုတ်ပါဘူး။ ငါ့ အပြစ်နဲ့ငါ ဘာတတ်နိုင်မှာလဲ၊ မဟုတ်ဘူးလား။”

“ဟေ့ ကလေးမ နေဦး။ ညည်း ငါ့ကို မေးခွန်းတွေထုတ်ဖို့ ပါးစပ်ပြင် မနေနဲ့ဦး။ ငါ့ဇာတ်လမ်းက မပြီးသေးပါဘူး။ ညည်း နားထောင်ပါဦး။”

“တနေ့၊ ငါ ပြန်ရောက်ပြီးမှ လူတွေ သူတွေထဲကို ပထမဆုံးသွားတဲ့နေ့။ စစ်ကိုင်းတောင်၊ အနုရုဒ္ဓါချောင်က စာသမား၊ ကဗျာသမားတွေ ဆုံကြတဲ့ ကထိန်ပွဲကို ငါသွားခဲ့တယ်။ သွားတော့ အဲဒီမှာ သစ်ပင်ရိပ်ကလေး တရိပ်အောက်မှာ အပေါင်းအသင်းတွေနဲ့ စကားဝိုင်းဖွဲ့နေကြတုန်း လူငယ်လေးတယောက် ငါ့ဘေးနားကို ဖြတ်ဆို ရောက်လာတယ်။ ဆရာ ကျွန်တော် ကဗျာရေးပါတယ်တဲ့။ ဆရာ့ကဗျာတွေကို အင်မတန်ကြိုက်တဲ့သူပါတဲ့။ သူ့နာမည်လေးလည်း ပြောတယ်။ ငါက



ခင်ခင်မင်မင် နှုတ်ဆက်စကား ပြန်ပြောတာပေါ့လေ။ လူငယ်လေးက ခေါင်းကလေး တညိတ်ညိတ်နားထောင်နေရာက ရုတ်တရက် သူ့လွယ်အိတ်ထဲက စာအုပ်လေးတအုပ် ထုတ်လိုက်ပြီး ငါ့ကိုပြတယ်။ ဆရာ ဒီစာအုပ်ကလေးကို မှတ်မိသလား ဆရာတဲ့။ ငါ့ရဲ့ ပထမဆုံးကဗျာစာအုပ်လေးကို ငါ မမှတ်မိဘဲ ရှိပါ့မလား။ ဒါပေမယ့် သူငယ်လေးက စာအုပ်မျက်နှာဖုံးလေးကို လှန်ပြီး ပထမစာမျက်နှာလေး ကိုလည်း ဒီမှာ ကြည့်ပါဦးဆရာလို့လည်း ပြလိုက်ရော ကလေးမရေ ငါ့တကိုယ်လုံး တုန်သွားတယ်။ ငါ့ လက်ရေးနဲ့ ရေးခဲ့တဲ့ ချစ်ရတဲ့ မခင်နှင်း ဆိုတဲ့ မှုန်ဝါးဝါး စာကြောင်းလေးက ငါ့ကို လှောင်ပြောင်နေသလိုပဲ။”

“သူငယ်လေးကို ပြုံးကြည့်နေရင်း ဒီသူငယ်လေးက မခင်နှင်းနဲ့ ဘယ်လိုများ တော်စပ်ပါလိမ့်မလဲ။ ငါ ရှိရာအရပ်ကို ဒီသူငယ်လေးနဲ့ ဒီစာအုပ်လေးကို အရောက်ပို့လိုက် ရှာတာလားဆိုတဲ့ မတွေးသာ အတွေးတွေနဲ့ ငါ ရင်တခုလုံး ပြောင်းဆန်နေတာပဲ။ ဒီစာအုပ်လေးကို ကျွန်တော့်အဖေဆီက ရတာဆရာဆိုတဲ့ မမျှော်လင့်တဲ့စကား ကိုလည်း ငါ ကြားလိုက်ရရောဟာ သိပ်လန့်သွားတာပဲ။ ငါ ဘယ်လို ထင်လိုက်တယ်မှတ်လဲ ကလေးမ။ မခင်နှင်းတယောက် လူ့လောကကြီးမှာ မရှိရှာတော့ဘူး။ ဒီသူငယ်လေးဟာ မဟုတ်မှလွဲရော ဆိုပြီး ငါ သိပ်တုန်လှုပ်သွားတယ်။”

“ဒါပေမယ့် ကလေးမရေ ငါ ထင်သမျှ အားလုံး လွဲခဲ့ရပါတယ်။ သူငယ်လေးက တုန်လှုပ်နေတဲ့ ငါ့ကို ဘာထပ်ပြောလိုက်တယ် ထင်သလဲ။ ဆရာ ကျွန်တော့်အဖေက အရင်တုန်းက မန္တလေးတက္ကသိုလ် ဘတ်စ်ကားဂိတ်နားက စက်ဘီးပြင်သမားကြီးပါ ဆရာတဲ့။ ကလေးမရေ စကားတွေ တတွတ်တွတ် ဆက်ပြော နေတဲ့ သူငယ်လေးကို ငါ ဘာမှ ပြန်မပြောနိုင်ခဲ့ပါဘူး။ အင်း ကလေးမ ညည်း ရှင်းသွားအောင် ငါပြောရမယ်ဆိုလို့ရှိရင် ဟိုးလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က မန်းတက္ကသိုလ် ဘတ်စ်ကားဂိတ်အနီးမှာ စက်ဘီးပြင်သမားကြီး တယောက်ရှိတယ်။ တနေ့မှာ သူ့ စက်ဘီးပြင်ဆိုင်နားက ထိုင်ခုံကလေးမှာ ထိုင်နေတဲ့ ကျောင်းသူ မိန်းကလေး တယောက်ကို ကျောင်းသားလေးတယောက်က မဝံ့မရဲနဲ့ စာအုပ်လေးတအုပ်ပေးတာကို သူ မြင်လိုက်ရတယ်။ ကျောင်းသားလေးက ကသုတ်ကရက်နဲ့ ပြန်ထွက်သွားတာကိုလည်း သူ ကြည့်နေမိတယ်တဲ့။ အဲဒီအချိန်မှာဘဲ မြို့ထဲသွားမယ့် ဘတ်စ်ကားက ထိုးဆိုက်လာတယ်။ စာအုပ်လေးကို ကိုင်ထားတဲ့ ကျောင်းသူမိန်းကလေးဆီက ဘာတွေမှန်းလည်း မသိဘူးဆိုတဲ့ လှောင်သံလေးနဲ့အတူ စာအုပ်ကလေးက စက်ဘီးပြင်သမားကြီးရှေ့ မြေကြီးပေါ်ကို ဘုတ်ခနဲ ကျလာတယ်။ မိန်းကလေးက စာအုပ်လေးကို လွှင့်ပစ်ခဲ့ပြီး သူ့အဖော်လက်ဆွဲလို့ ဘတ်စ်ကားပေါ်ကို အပြေးလေးတက်သွားခဲ့ပြီ။ အဲဒီအခါမှာ စက်ဘီးပြင်သမားကြီးက သူမသိတဲ့ ကျောင်းသားလေးကို သနားတဲ့စိတ်နဲ့ စာအုပ်လေးကို ကောက်ယူပြီး သိမ်း

ထားလိုက်တယ်။ ကဗျာစာအုပ်လေးမှန်း သိပေမယ့် သူက ဝါသနာမပါတော့ ဖတ်လည်း မကြည့်ဖြစ်ဘူး။ လှန်လည်း မကြည့်မိဘူး။ ဒီအတိုင်းပဲ သိမ်းထားခဲ့သတဲ့။ အဲဒီလိုနဲ့ သူ့သားလေး အရွယ်ရောက်လာတဲ့အခါမှာ ကဗျာဝါသနာပါပြီး ကဗျာဆရာဖြစ်ချင်နေတဲ့ သူ့သားလေးကို အဲဒီ စာအုပ်လေး ထုတ်ပေးသတဲ့။ အဲဒီအခါမှာ သူ့သားလေးက ဝမ်းသာအားရဖြစ်ပြီး ဟိုတချိန်က သူသနားခဲ့ဖူးတဲ့ ကျောင်းသားလေးဟာ အခု သူ့သားလေး သိပ်ကြည်ညို လေးစားတဲ့ ကဗျာဆရာ ကြီးဖြစ်နေတာကိုတွေ့ရသတဲ့။ ကဲ ကလေးမရေ မိန်းကလေးတယောက်ရဲ့ ငြင်းပယ်မှုဒဏ်ကို အလူး အလဲ ခံစားဖူးပါတယ်လို့ ငါ ဆိုလောက်ပါတယ်နော်။ ဟင် ဆရာတော် ဘယ့်နယ်လဲ၊ တပည့်တော် သူ့အပေါ် ကဗျာကို ချစ်သူ၊ ကဗျာသမားကို ချစ်သူ သစ္စာရှင်အဖြစ်နဲ့ အထင်ကြီး၊ လေးစား၊ မြတ်နိုး တွယ်တာခဲ့တာဟာ ထုနဲ့ထည်နဲ့၊ ကျောက်သားကျောက်ဆိုင်မှာ အမြစ်တွယ်နေသလို ခိုင်မာနေ ခဲ့ရတာရယ်။ အနှစ်နှစ်ဆယ်၊ အနှစ်နှစ်ဆယ်ကျော်တောင် စွဲမြဲခိုင်မာသမျှတွေ တခဏအတွင်း ကြေမွပျောက်လွင့်ခဲ့ရတာဟာ ဘယ်လောက်ခံစားရတယ်မှတ်လဲ။ ဆရာတော် မရှိုးပြုံးပြုံးရင်း တပည့်တော် တခွန်းပဲဆိုနိုင်တယ်။ သြော် သူက ကဗျာ မုန်းသူကိုးလို့။”

“ဟော့ ကလေးမ ညည်း ကိုယ်ချင်းစာလို့ ရပါတယ်နော်။ ဘာ ဘာရယ်ကလေးမ။ လေးလေးတော်တော် ပြန်ပြီး တည်ဆောက်ရမှာပေ့ါ ဟုတ်လား။ ဟား ဟား ဒီလောက် မဟုတ်ပါဘူးအေ။ ညည်းင့ါကို အထင်မသေးပါနဲ့။ တက်ကြွပြတ်သားတဲ့ စကားလုံးကာရန်တွေနဲ့ ဖွဲ့စည်းထားတဲ့ ကဗျာလေးတွေက ကဗျာဆရာကို အမြဲတမ်း အသက်ရှင်စေပါတယ်။ ကလေးမရေ ကဗျာမုန်းသူ၊ စာမုန်းသူတွေ နားမလည်လို့ပါ။ မင်းတုန်းဘုရင်ရဲ့ ရာဇဝင်ဆိုတာ ဦးပုညရဲ့ ကဗျာတပုဒ်၊ စာတပုဒ် နောက်ကွယ်မှာ မေးမှိန်ပျောက်ကွယ်ရတာပါ။ ဟုတ်တယ်မဟုတ်လား။ နော် ဆရာတော်။ ဟော့ သူငယ်ချင်း ဟုတ်တယ်မဟုတ်လားကွ။ ဘာရယ် ဆရာတော် လေသိပ်ကြမ်းလာပြီ။ အင်း ဟုတ်တယ်၊ လေသိပ်ကြမ်းလာပြီ။ သြော် တံငါတွေ မုန်းတဲ့ လရောင်ကတော့ လှလိုက်ပါတဲ့အမျိုး။ ကလေးမ ညည်း ချမ်းနေပြီထင်တယ်၊ ဟုတ်လား။”

“ကဲ ပြန်ကြတာပေ့ါအေ။ ဟော့ ကလေးမရေ ဟိုးအရှေ့ဆီကို လှမ်းကြည့်လိုက်စမ်း။ အဲဒီမှာ မန္တလေး ရှိတယ်။ အင်း အဲဒီမန္တလေးရဲ့ တနေရာမှာ ကဗျာဆရာချစ်တဲ့ ကဗျာမုန်းသူတယောက် ရှိတယ်။ ဟုတ်တယ်၊ ကဗျာဆရာ မမေ့နိုင်သေးတဲ့ ကဗျာမုန်းသူတယောက်ရှိတယ်။”

နနရည်အင်းဝ
{ရွှေအမြုတေမဂ္ဂဇင်း၊ အမှတ် ၂၃၆၊ ၂၀၀၉ ဇူလိုင်မှ ကူးယူဖော်ပြပါတယ်။}



## ထားခဲ့ပါဆရာ

အိပ်ရာက နိုးနိုးချင်း မျက်လုံးနှစ်လုံးကို ဖျတ်ခနဲ ဖွင့်လိုက်တာနဲ့ ကျွန်မနှာခေါင်းထဲကို ဂေါ်သဇင်ပန်းနံ့ တိုးဝင်လာတယ်။ လတ်ဆတ်သင့်ပျံ့တဲ့အနံ့။ ကြည်နူးချမ်းမြေ့စေတဲ့ အနံ့။ အိပ်ရာထဲကနေ ကျွန်မလူးလဲထပြီး ခေါင်းရင်းပြတင်းပေါက်ကို ဖွင့်လိုက်တယ်။

အို.... ကြည့်စမ်း ဂေါ်သဇင်တွေ အများကြီးပွင့်နေပြီ။ နှင်းရည်သောက်ထားတဲ့ ဂေါ်သဇင်တွေ အဆုပ်လိုက်၊ အခဲလိုက် မန်ကျည်းပင်မှာ နွယ်တက်ပြီး ပွင့်နေလိုက်ကြတာ။ သိပ်လှတာပဲ။ ဂေါ်သဇင်ကို ကျွန်မကြိုက်တယ်။ ခွေထိုးပြီး တခေါင်းလုံး ဖုံးနေအောင် ကျွန်မကပန်တာ။ သူများတွေ ပန်သလို ယဉ်ရုံလေး တခက်နှစ်ခက် မပန်တတ်ပါဘူး။

“ဘယ်လိုပဲပန်ပန် အေးသစ်နဲ့ ဂေါ်သဇင်တွေကို ကြည့်ရတာ ကျွန်တော် သိပ်စိတ် ချမ်းသာတာပဲ” တဲ့။ ရင်ထဲမှာ တသိမ့်သိမ့် လှုပ်ရှားရင်း ကျွန်မ သူ့ကို သတိရလာမိတယ်။ ပါဝါမျက်မှန် အောက်က မျက်လုံးမှိုင်းမှိုင်းတွေ။ လုံချည်အစိမ်း၊ အင်္ကျီအဖြူ၊ တိုက်ပုံမီးခိုးရောင်နဲ့ သူ့ဟန်ပန်။

အေးသစ်ကို ချစ်တယ်ဆိုတဲ့ ဆရာရယ်။ ဆရာတို့ ပညာတတ်တွေဟာ သိပ်ပြီးတော့ စကားတတ်တာပဲနော်။ သူတပါးကျေနပ်အောင် သိပ်ပြောတတ်တာပဲ။

တကယ်တော့ ဆရာပဲပြောတာ မဟုတ်လား။ "ဘာလို့ အများကြီး ပန်တာလဲဟင်၊ တခက်နှစ်ခက် ယဉ်ရုံလေးပန်ပါလား" ဆိုတဲ့စကားလေ။

အေးသစ်တို့က ပညာမတတ်တဲ့ ဈေးသည်တော်ရေ့။ စကားအလှတန်ဆာ မဆင်တတ်ဘူး။

"ဟင့်အင်း.... ကျွန်မက တခေါင်းလုံးဖုံးနေအောင် ပန်ရမှ ကျေနပ်တာ" လို့ ပြောတော့ "ဘယ်လိုပဲ ပန်ပန် အေးသစ်နဲ့ ဂေါ်သဇင်တွေကို ကြည့်ရတာ ကျွန်တော်သိပ်စိတ်ချမ်းသာ တာပဲ" တဲ့လေ။ ဆရာ့ကို စကားနိုင်လုဖို့ မလွယ်ပါလား ဆရာရယ်။ ပြီးတော့ ဆရာ့ကို ငြင်းပယ်ဖို့လဲ ကျွန်မမှာ မလွယ် လှပါလား။

"ဦးကျောက်နဲ့ စဉ်းစားမိရင်တော့ ကျွန်မ မညာပါဘူး၊ ဆရာ့ကို ကျွန်မ သိပ်ငြင်းချင် တာပဲ။ ဆရာတို့ က သားအမိနှစ်ယောက်တည်းပေမယ့် ဘာစီးပွါးရေးမှ မရှိဘူး။ ဆရာ့လခ ကလေးနဲ့ သားအမိနှစ် ယောက် ရုန်းကန်နေရတာ။ မူလတန်းပြဆရာတယောက်ရဲ့ လခဟာ ဘယ်လောက်ဆို တာကိုလဲ ကျွန်မသိတာပေါ့ ဆရာ။ ကျွန်မက တောမြို့ကလေးရဲ့ ဈေးထဲမှာ အထည်ဆိုင်တဆိုင်နဲ့ လူလူသူသူ ဆိုပေမယ့် ဒီဆိုင်က ကျွန်မတယောက်ထဲ ပိုင်တာမှ မဟုတ်ဘဲ။ မိဘနဲ့ ညီအကိုမောင်နှမပိုင်လေ။ ဆရာ့ကိုယူရင် ဈေးရောင်းတတ်တာ တခုတည်းနဲ့ ဆရာ့နောက်ကို လိုက်ခဲ့ရမှာ။ ဆရာက ကျွန်မကို ဘယ်အရင်းအနှီး ထုတ်ပေး နိုင်ပါ့မလဲနော်။"

"ဒါပေမယ့်ဆရာ၊ နှလုံးသားနဲ့ စဉ်းစားမိရင်တော့ ကျွန်မဟာ ဆရာ့ကို ဘယ်လိုပြောမလဲ၊ ဟိုဒင်း ချစ်တဲ့ အဆင့်အထိတော့ မဟုတ်သေးဘူး၊ သိပ်တော့ သနားနေမိတယ် ဆရာ။ ပြီးတော့ ယဉ်ယဉ်ကျေးကျေး ဆက်ဆံတတ်တဲ့ ဆရာ့ကို ခင်လဲခင်တယ်။ နောက်တချက်က ပွင့်ပွင့်လင်းလင်း ပြောရရင် ဆယ်တန်းအဆင့်ကနေ မတက်နိုင်ခဲ့တဲ့ ကျွန်မဟာ စာပေးစာယူ နောက်ဆုံးနှစ် တက္ကသိုလ်ကျောင်းသားလဲဖြစ်၊ ကျောင်းဆရာတယောက်လဲဖြစ်တဲ့ ဆရာ့ကို အထင်ကြီးတယ် ဆရာ။ တကယ်ပြောတာ။ ကျွန်မကို ဝိုင်းပိုးနေကြတဲ့ ဆိုင်နားနီးချင်း ဆန်သည် လူပျိုကြီးတို့၊ ရွှေဆိုင်က မုဆိုးဖိုကြီးတို့ထက်၊ ဆရာ့ကို ကျွန်မအထင်ကြီးတယ်။ မနက်တိုင်း ကျွန်မဆိုင်ရှေ့ကနေ သားအမိနှစ်ယောက်စာ ဈေးအိတ်လေးနဲ့ ဖြတ်သွားတတ်တဲ့ ဆရာ့ကို ကျွန်မ သနားနေမိ တတ်တယ်။ နွမ်းနေတဲ့ ဆရာ့တိုက်ပုံရယ်၊ ကော်လံအနားတွေ ဖွါစပြုနေတဲ့ ဆရာ့အင်္ကျီရယ်ကို ကျွန်မအမှတ်ထားမိပြီး၊ ကျွန်မအထည်ဆိုင်က တိုက်ပုံစ ရောင်စုံနဲ့၊ အဖြူစမျိုးစုံကို စိတ်ကူးနဲ့ ကျွန်မ ချုပ်ပေးခဲ့ဖူးတယ် ဆရာ။"



ခက်ပါတယ် ဆရာရယ်နော်။ ကျွန်မ သက်ပြင်းရှိုက်လိုက်မိတယ်။

"ဟဲ့... ခုမှ သတိရတယ်၊ အေးသစ်ကို သွားကြည့်လိုက်ကြစမ်းပါ၊ နေမှကောင်းရဲ့လား လို့၊ ညကတော့ အဖျားမရှိတော့ပါဘူး ဟဲ့... ညည်းက ဘာလဲ၊ သြော်.. အာလူးကောင်းတယ်၊ ဒီမယ် ကျုပ်က ကြက်သွန်ချိန်နေတယ်၊ ဟိုကောင်မလေး မိထွေး.... ဟိုမယ် ဆားတပိသာဖိုး ပိုက်ဆံ ယူလိုက်စမ်း...."

အိမ်ပြင်ဘက် ကုန်စုံဆိုင်က အမေ့အလုပ်ရှုပ်သံနဲ့အတူ ညီမလေး မိထွေးရဲ့ "မမအေးသစ်ဆီ သွားကြည့်ဆိုလို့လဲ သွားရသေးတယ် ခါထဲမှပဲ" ဆိုတဲ့ စူအောင့်သံကို ကျွန်မ ကြားရတယ်။
"ကျွန်မ နိုးပီ အမေရေ့..... ဖျားလဲ မဖျားတော့ဘူး၊ ဆာပဲဆာတယ်"

ကျွန်မက အခန်းပြင်ဘက် အမေ့ဆီလှမ်းအော်ရင်း... ထွက်လာခဲ့တယ်။ ခေါင်းအုံးဘေး က လက်ပတ်နာရီကလေးကို လှမ်းကြည့်ခဲ့တော့ ဆောင်းနာရီက ကိုးနာရီတောင် ကျော်နေပြီ။ ကျွန်မ ပြတင်းပေါက်နားမှာ အကြာကြီး ရပ်ခဲ့တာပဲ။ သုံးရက် ဖျားထားတဲ့ အရှိန်နဲ့ ဗိုက်ထဲမှာလဲ တုန်တုန်ယင်ယင် ဖြစ်စပြုပြီ။

"မိထွေး... နင့်အမကို ဆန်ပြုတ်သွားခတ်ပေးလိုက်ဦး၊ ထားခဲ့ အဲဒီချိန်လက်စကို၊ ကြောင်အိမ်ထဲက ငါးကြော်လေးလဲ ယူပေးလိုက်၊ ဘာလဲ မဆလာလား၊ ရှိတယ်လေ၊ ဟိုမှာ မမြင်ဘူးလား၊ အတွဲလိုက် ပေါ်မှပေါ်"

"ရတယ်မိထွေး မလာနဲ့ ငါ့ဘာသာ ခပ်သောက်နိုင်တယ်"

ကျွန်မ မျက်နှာသစ်နေတုန်း အလုပ်ရှုပ်နေတဲ့အမေက စီမံခန့်ခွဲနေတယ်။ ကျွန်မတို့အိမ် က အမြဲ အလုပ်ရှုပ်နေတတ်တဲ့အိမ်။ ဒီနေ့က ဥပုသ်နေ့ဆိုတော့ ကုန်စုံဆိုင်က အလုပ်ပိုရှုပ် နေတယ်။ အရင်ဥပုသ်တွေဆို ကျွန်မရော၊ မိထွေးရော၊ အမေရော တချက်မှ မနားရဘူး။ အဖေနဲ့ မောင်လေးကတော့ ဒီလိုအချိန် အားမကိုးရပါဘူး။ လက်ဖက်ရည်ဆိုင်မှာ ထိုင်လို့ကောင်းတုန်း။

"မနေ့တုန်းက ဈေးမှာ ဟိုကျောင်းဆရာ နင့်လာမေးသေးတယ်၊ နေကောင်းပြီလားတဲ့"

မိထွေးက ကျွန်မကို ဆန်ပြုတ်ခပ်ပေးရင်း တိုးတိုးပြောတယ်။ ကျွန်မဈေးမထွက်နိုင်တဲ့ သုံးရက်လုံး သူလာမေးရှာတယ်ဆိုတဲ့အသိနဲ့ ကျွန်မရင်တွေ လှုပ်ရှားနေမိတယ်။ မိထွေးမရိပ်မိ အောင် ဆန်ပြုတ်ကို တဖွွန်းပြီးတဖွန်း ခပ်သောက်နေမိတယ်။

"ဟော အချိန်မှန် မခင်လှသမီးလာပြီ၊ ဆွမ်းတော်တွေတောင် သွားပြီ၊ သူက ခုမှ ထမင်းချက်မှာ၊ ဟဲ့ ဆန်ဘယ်နှစ်လုံးလဲပြော"

"တလုံး"

အမေရဲ့ "ဘာဟဲ့" ဆိုတဲ့ အသံနဲ့အတူ၊ ကျွန်မရော မိထွေးပါ ဆိုင်ရှေ့က ပုဆိုးစုပ်ကလေး ကိုင်ရင်း ရပ်နေတဲ့ မခင်လှ သမီးလေးကို ကြည့်မိကြတယ်။

"ဟဲ့.... လူက ငါးယောက်၊ ဆန်က တလုံး နင်တို့ဘယ်လိုချက်စားကြမှာလဲ"

အမေက ဆန်တလုံးချိန်ထည့်ပေးရင်း မသိသားဆိုးဝါး ပြောနေတာကို မိထွေးက "ကျွပ်" ခနဲ စုတ်သပ်ပြီး "အမေကလဲနော် လူငါးယောက်နဲ့ ဆန်တလုံးဆိုကတည်းက ဘာလုပ်စားမယ် ဆိုတာ မသိဘူးလား၊ မခင်လှတို့ လင်မယားနှစ်ယောက်လုံး အလုပ်မရှိတော့တာကိုလဲ သိလျက်သားနဲ့" လို့ ပြောတယ်။ ပြီးတော့ မခင်လှသမီးလေး နောက်ကို လိုက်ငေးနေမိတဲ့ ကျွန်မဘက်လှည့်လာပြီး

"နင့်..... အဲဒီဆရာကလဲဟယ် စိတ်ညစ်ဖို့ ကောင်းတာ၊ ဘယ်တော့ ကြည့်လိုက်ကြည့် လိုက်၊ ဒီပုဆိုးနဲ့ ဒီတိုက်ပုံချည့်ပဲ"

ရှုံ့မဲ့နေတဲ့ မိထွေးမျက်နှာကို ကြည့်ရင်း ကျွန်မရင်ထဲမှာ ကျဉ်ခနဲ ဖြစ်သွားမိတယ်။ အမြဲတမ်း ညှိုးညှိုးနွမ်းနွမ်း နိုင်လှတဲ့ ဆရာ့ကို ကျွန်မ မြင်ယောင်လာတယ်။ လူငါးယောက်နဲ့ ဆန်တလုံးတဲ့။ ဆရာတယောက်ကော ဟင်။ ဆရာ့လခလေးနဲ့......

"ဟဲ့.... အေးသစ် ညည်းနေကောင်းလို့ သွားနိုင်ရင်၊ အဝင်းတို့ အမေ အသုဘလေး သွားပို့လိုက်ဦး၊ သွားနိုင်မလား၊ မနက်က ညည်းအိပ်နေတုန်း အဝင်းတခေါက်လာသေးတယ်"





ဟုတ်ပါရဲ့ ခုမှပဲ အမှတ်ရတော့တယ်။ ကျွန်မက ကဗျာကရာ ထရပ်မိတယ်။

"ကျွန်မ သွားနိုင်တယ်အမေ၊ ခုပဲ သွားမှ၊ မသွားလို့ ဘယ်ကောင်းမလဲ"

အဝင်းနဲ့ ကျွန်မက ဝလုံးတန်းကတည်းကသူငယ်ချင်း၊ ခုထိလဲ ဈေးထဲမှာ ဈေးတူတူ ရောင်းရင်း ခင်ကြတုန်း။ အဝင်းအမေက နာတာရှည်ဖြစ်နေရှာတာ။ ကျွန်မ စဖျားတဲ့နေ့က ဆုံးတာ။ အဝတ်အစား အမြန်လဲပြီး စက်ဘီးလေး ဆွဲထွက်တော့ အမေက ပူပန်ပြန်တယ်။

"ညည်း စက်ဘီးနင်းနိုင်ပါ့မလား၊ မိထွေးလိုက်ပို့ခိုင်းရမလား"

"ရတယ်အမေ... ကျွန်မနင်းနိုင်တယ်" ဆိုပြီး၊ ကျွန်မထွက်ခဲ့တယ်။ အမှန်က ကျွန်မ ဒီထက်ပိုပြီး အစောကြီး ရောက်ရမှာ။ ဒါပေမယ့် အဝင်းက ကျွန်မထက်ပိုပြီး သွက်ပါတယ်။ လုပ်လဲလုပ်နိုင်တယ်။ သူတို့မှာ ဆွေအုပ်မျိုးအုပ်လဲ တောင့်ပါတယ်လေ။ အဝင်းတို့ အိမ်ရှေ့ရောက်တော့ လူတွေတောင် တော်တော်ရောက်နေပြီ။ ဒါပေမယ့် အသုဘချမယ့် အချိန်ကတော့ စောပါသေးတယ်။ တချက်တီးမှ ချမှာဆိုတော့ ခုမှ ဆယ့်နှစ်နာရီတောင် မထိုးသေးဘူး။

"ဟဲ့... အေးသစ် နင် နေကောင်းသွားပြီလား"

စက်ဘီးတစီးနဲ့ အိမ်ထဲက ထွက်လာတဲ့ အဝင်းနဲ့ ကျွန်မ အိမ်ပေါက်ဝမှာ ဆုံတယ်။ စက်ဘီးစီးလာရလို့ နည်းနည်းမောနေတဲ့ ကျွန်မ အသက်ပြင်းပြင်း ရှူလိုက်ရင်း....

"နင်..မနက်က လာသေးတယ်ဆို၊ ငါအိပ်ရာထ နောက်ကျသွားလို့ဟယ်... နင်ခုဘယ် သွားမလို့လဲ"

"အမေ့အတွက် မြေနေရာသွားကြည့်မလို့၊ ဘယ်နားမှာလဲဆိုတာ သိချင်လို့ဟာ နင်လိုက်ခဲ့မလား..."

"နင်တယောက်ထည်းလား"

"ဟင့်အင်း... ငါ့မောင်လေးလဲ လိုက်မယ်၊ လာပါ၊ လိုက်ခဲ့ပါ၊ ဒီမှာ ဘာမှ လုပ်စရာလဲ မရှိပါဘူး" ကျွန်မ ခေါင်းညိတ်လိုက်တယ်။ အစကမလိုက်ဘဲနေမလို့ဘဲ။ ဒါပေမယ့် ဘာလို့ရယ်မသိ၊ ကျွန်မစိတ်

ဖြတ်ခနဲ အမှတ်ရလာတာက ဆရာနေတာ မြို့ပြင်ရပ်ကွက်မှာ။ သင်္ချိုင်းနားက ရပ်ကွက်မှာလေ။ ဘာလဲ။ သုံးရက်မတွေ့ရလို့ သူ့ကို ကျွန်မတွေ့ချင်လို့လား။ မသိပါဘူး။ သူနဲ့ကျွန်မက ဘာဆိုင်တာ မှတ်လို့နော်.....။

အဝင်းရယ်၊ ကျွန်မရယ်၊ အဝင်းမောင်လေးက ရှေ့ဆုံးက မြို့ပြင်ဘက်သင်္ချိုင်းဆီကို ကျွန်မတို့ စက်ဘီးနင်းခဲ့ကြတယ်။ ဟော.. ရှေ့နားမှာ ဆရာတို့နေတဲ့ ရပ်ကွက်။ ကျွန်မ ရင်ထဲလှိုက်ခနဲ ခုန်သွားတယ်။ ခက်တာက ဆရာတို့အိမ်ကို ကျွန်မ မသိဘူး။ အဝင်းလဲ ဘယ်သိပါ့မလဲနော်။ ဆရာတို့ ရပ်ကွက်ကလွန်ရင်ပဲ သင်္ချိုင်းအဝင်အဝကို လှမ်းမြင်နေရပြီ။ သင်္ချိုင်းအဝင်အဝမှာ ကလေးတွေ အတော်များများ စုရုံးနေကြတယ်။

"အေးသစ်ရေ... မမကြီး ကမ်းမယ့်ဆပ်ပြာကတော့ မလွယ်ကြောဘဲ၊ ဟိုမှာ သတင်းကြားနဲ့ လာစောင့်နေကြတာတွေလေ"

အဝင်း မေးငေါ့ပြတဲ့ မည်းညစ်ညစ် ညှိုးနွမ်းနွမ်း ကလေးတွေနဲ့ မိန်းမတချို့ကို ကြည့်ပြီး ကျွန်မရင်ထဲ မကောင်းဘူး။ အဝင်းတို့ မမကြီး၊ သူ့အမေအတွက် ကုသိုလ်အဖြစ် ကမ်းမယ့် ဆပ်ပြာတွေကို သူတို့ နှစ်ခါ သုံးခါပြန် ဝင်ယူကြမယ်၊ ပြီးတော့ ရောင်းစားမယ်၊ ရောင်းစားလို့ ရတဲ့ ပိုက်ဆံနဲ့ သူတို့ ဆန်ဝယ်ကြလိမ့်မယ်။ အရင်တုန်းကထက်လဲ လူတွေပိုများလာသလိုပဲ။

ကျွန်မတို့ သင်္ချိုင်းထဲ ဝင်ခဲ့ကြတော့ သင်္ချိုင်းထဲက ဟိုနေရာ ဒီနေရာတွေမှာ မြေမြှုပ်ဖို့ နေရာလာကြည့်တဲ့ သူတွေနဲ့ သုဘရာဇာတွေကို မြင်ရတယ်။ အဝင်းမောင်လေးက "ဟိုမှာ ငါပြောထားခဲ့တဲ့ သုဘရာဇာကြီး" လို့ လက်ညှိုးထိုးပြရင်း ကျွန်မတို့ကို ခေါ်သွားတယ်။

"ဦးကြီး... ကျွန်တော်တို့ အမေ မြေနေရာ ကြည့်ချင်လို့ ဘယ်နားမှာလဲ" သုဘရာဇာဦးကြီးက ကျွန်မတို့တွေကို ခပ်အေးအေး ကြည့်တယ်။

"နာမည်ပြောလေကွာ.. ဒီနေ့ မိန်းမနှစ်ယောက်ရှိတာကွ"

အဝင်းဆီက "ဒေါ်သိန်းခင်" ဆိုတဲ့ အသံ တိုးတိုးလေး ထွက်လာတယ်။



"အော်.... ဒေါ်သိန်းခင်လား၊ ဟောဟိုနားမှာ လာလေ လိုက်ပြမယ်၊ ကျင်းတောင် တူးပြီးလုနေပြီ" အဝင်းမောင်လေးက အိတ်ထောင်ထဲ လက်နှိုက်ပြီး....

"ဦးကြီးကို ကျင်းတူးခ မပေးရသေးဘူး၊ ရှေ့ဦးကြီး ပြောထားတာ ငါးဆယ်နော်"

"အေးပါ"

သုဘရာဇာကြီးက ငွေငါးဆယ်ကို မမှုသလို လက်ထဲကိုင်လာတယ်။ နည်းနည်း လျှောက်မိတာနဲ့ တူးထားတဲ့ မြေစာပုံတပုံကို လှမ်းမြင်ရတယ်။ သုဘရာဇာကြီးက မေးငေါ့ရင်း

"အဲဒါပဲကွ" တဲ့။ နေရာလေးက ကောင်းပါတယ်။ ကုန်းမြင့်မြင့်လေးပေါ်မှာ။

"ကျင်းကို သွားကြည့်ဦးမလား၊ လာလေ ကျင်းက ပြီးလောက်ပါပြီ"

"ငါ့ကောင်တွေကို ပိုက်ဆံပေးရအုန်းမယ်ကွ"

အဝင်းက ကျင်းကို မကြည့်ချင်တာနဲ့ မြေစာပုံနားမှာပဲ ကျွန်မတို့ ရပ်ကြတယ်။ သုဘရာဇာကြီးက ပေါက်တူးနှစ်လက်ကိုင်ပြီး ကျင်းထိပ်မှာ ရပ်နေတဲ့ လူနှစ်ယောက်ဆီ သွားတယ်။ လက်ထဲကိုင်ထားတဲ့ ပိုက်ဆံငါးဆယ်ထဲက နှစ်ဆယ်ကို သူ့အိတ်ထဲထည့်တယ်။ ဟိုလူနှစ်ယောက် ကို တယောက်တဆယ်စီပေးရင်း ကျင်းထဲကိုလဲ ဆယ်တန်တရွက် လှမ်းချပေးတယ်။ ပြီးတော့ ကျင်းထဲ လက်လှမ်းပေးရင်း သူ့အသံကျယ်ကျယ်ကြီးနဲ့ တဟားဟား ရယ်နေသေးတယ်။ သုဘရာဇာကြီးရဲ့ လက်ကို ခိုတွယ်ပြီး ကျင်းပေါ်ကို လူတယောက်တက် လာတယ်။ အို... ဘုရားရေ ကျွန်မတို့ကို ကျောပေးပြီး စကားပြောနေတဲ့ အဲဒီလူဟာ မြေကြီးတွေ ပေကျံနေတဲ့ အရောင်လွင့်လွင့် ပုဆိုးစိမ်း၊ ကုပ်ဖွာနေတဲ့ အင်္ကျီအဖြူ။ မဟုတ်ဘူး၊ မဟုတ်ဘူး။ ကျွန်မရင်တွေ တထိတ်ထိတ် ခုန်လာတယ်။ အားကိုးရာတခုလို အဝင်းလက်ကို ကျွန်မ တုန်တုန်ယင်ယင် လှမ်းဆုပ်လိုက်တုန်း မှာပဲ သူ.... သူ အဲဒီလူက ကျွန်မတို့ဘက်ကို လှည့်ကြည့်လိုက်တယ်။

"ဆရာ"

အို.... ဒီခဏကို ကျွန်မ ဘယ်လိုလုပ် မေ့နိုင်ပါတော့မလဲ၊ ချွေးတွေနဲ့ မြေကြီးတွေ၊ ရက်ခြင်းနဲ့ နာကျည်းခြင်းတွေ ရောနှော ပေါင်းစပ်ပေကျံနေတဲ့ မျက်နှာ။ မြေကြီးတွေ စွန်းထင်းနေတဲ့ ပုဆိုးစိမ်းနွမ်းနဲ့ အင်္ကျီဖြူနွမ်း။ ပြီးတော့ ပေါက်တူးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားတဲ့ မြေဖြူကိုင်နေကျ သူ့လက်ချောင်းတွေ။ သူတွေ့ချင်နေတဲ့ ကျွန်မကို တွေ့လိုက်လို့ ဖျတ်ခနဲ ဝင်းလက်သွားတဲ့ ပါဝါမျက်မှန်အောက်က မျက်လုံးမှိုင်းမှိုင်းတွေကို မြင်လိုက်ရတာက ခဏလေး ရယ်။ ခေါင်းကို အမြန်ငုံ့ချရင်းသူထွက်သွားခဲ့ပြီ ဆရာရယ်....။

ကျွန်မ နှလုံးသားတွေ ပေါက်ထွက်လုမတတ် ခုန်နေပါတယ်ဆရာ။

ကျွန်မလေ ဆရာ့ကို ချစ်တယ်ဆရာ။ သိပ်ချစ်ပါတယ်။ ဒါပေမယ့် ကျွန်မလေ ကျွန်မ သိပ်ဝမ်းနည်းတယ် ဆရာ၊ သိပ်ငိုချင်တယ်။ ကျွန်မ ငိုပါရစေနော်။

နနရည် (အင်းဝ)။
ပေဖူးလွှာမဂ္ဂဇင်း၊ ၁၉၉၀ နိုဝင်ဘာ။

လွန်ခဲ့တဲ့ ၁၈ နှစ်၊ ၁၉၉၀ နိုဝင်ဘာလ ပေဖူးလွှာမဂ္ဂဇင်းမှာ ဖော်ပြခဲ့ပေမယ့် စာဖတ် ပရိသတ် ဖတ်ခွင့်မရခဲ့တဲ့ ဝတ္ထုလေးပေါ့။



# ဆန်ပြုတ်ပွဲတော်

ညနေ သုံးနာရီမှ ထိုးမယ်မကြံသေးဘူး......၊ ဖိုးတရုပ်တို့ မောင်နှမနှစ်ယောက် ဂဏာမ ငြိမ်ဖြစ်စပြုပြီ။

အိမ်ရှေ့ထွက်လိုက်၊ နောက်ဖေးဝင်လိုက်၊ အိမ်အထက်ဆင့်ခါးပန်းကို ခေါင်းအုံးငေးမော နေတဲ့ အမေ့ကို လှမ်းကြည့်လိုက်လုပ်ရင်း၊ ဖိုးတရုပ် မျက်လုံးတွေက ပန်းကန်စင်ပေါ် မှောက် ထားတဲ့ ကြွေရည်သုပ်ဇလုံလေး ဆီ ခဏ ခဏ ဝဲနေတယ်။ သူ့ထက် ပိုပြီးအကင်းပါးတဲ့ မိငယ်ကလဲ ဖိုးတရုပ် အိမ်ရှေ့ထွက်.....ထွက်ချင်း၊ နောက်ဖေးဝင်......ဝင်ချင်း။ ပြီးတော့ ဖိုးတရုပ် တရစ်ဝဲဝဲကြည့်နေတဲ့ ပန်းကန်စင်ပေါ်က ကြွေရည်သုတ် ဇလုံလေးကို သူလဲဘဲ မျက်ခြည်မပြတ်။ တခါတခါ ဖိုးတရုပ် လှမ်းကြည့်ရင်း မျက်စောင်းခဲပြီး သတိပေးလိုက်သေး တယ်။

"အဲဒါငါ့ ဇလုံနော်...... ဒါဘဲ...." လို့။

ဖိုးတရုပ် အိမ်ရှေ့တခေါက် ထွက်ပြန်တယ်။ လမ်းထိပ်က ထွက်လာနေတဲ့ မီးခိုးငွေ့ငွေ့ လေးတွေကို လှမ်းမျှော်ကြည့်ရင်း နှာခေါင်းလေးကို ရှုံ့ပြီး အနံ့ခံ ကြည့်မိတယ်။ တရုပ်နံနံပင် အနံ့၊ ကြက်သွန်မိတ်နံ့၊ ငံပြာရည်နံ့ သင်းပျံ့တဲ့ ဆံပြုတ်မွှေးမွှေးရဲ့ အနံ့အသက်တွေများ ပါလာလေမလား။ ဖိုးတရုပ် ဗိုက်ဆာလှပြီ။ မနက်ထဲက မုံ့ပျားသလက်ငါးမူးတန် အဖြူအနီ နှစ်ယှက်ပဲရှိတဲ့ ဖိုးတရုပ်ဗိုက်ထဲမှာ

မီးရထားတွဲကြီးတွေ တဂျုတ်ဂျုတ် အော်ဟစ်ခုတ် မောင်းနေကြပြီ။

အိမ်နောက်ဖေး နောက်တခေါက် ပြန်ဝင်လာတဲ့ ဖိုးတရုပ်ကို သူ့အမေက မျက်စိနောက် လာသလို လှမ်းကြည့် လိုက်တုန်းမှာပဲ.....

"ဖိုးတရုပ်ရေ...... မိငယ်ရေ....... သွားစို့ဟေ့...."

အိမ်ရှေ့က အော်ခေါ်သံတွေ၊ ဇလုံတီးသံ၊ ဂျိုင့်ခေါက်သံတွေကို ကြားလိုက်တာနဲ့ ဖိုးတရုပ်က လေကဲ့သို့ လျင်မြန်ခြင်းမျိုးနဲ့ ပန်းကန်စင်ပေါ်က ကြွေဇလုံကို ပြေးယူတယ်။ ဘယ်ရမလဲ။ မိငယ်ကလဲ အားကျမခံ ကြွေဇလုံကို ဖွတ်ဆွဲလုတယ်။

"ပေး...... မယူရဘူး......၊ ဒီဇလုံ....... ငါယူမှာ"

"ပေးဘူး...... ဒါ....... ငါ့ဇလုံ"

"ဟုတ်ဘူး......၊ ဟိုမှာ...... ကိုတရုပ် ဇလုံက ဒန်ဇလုံ"

မိငယ်က ကြွေဇလုံကို မလွှတ်ဘဲ ဆွဲထားရင်း ပန်းကန်စင်ပေါ်ကို မေးငေါ့ပြတယ်။ စင်ပေါ်မှာ ဒန်ဇလုံရယ်၊ ချိုင့်တခုရယ် ကျန်နေသေးတယ်။ စင်တခုလုံးမှာ ဇလုံနှစ်လုံးရယ်၊ ချိုင့် တခုရယ်၊ ဇွန်းသုံးချောင်းရယ်ပဲ ရှိတယ်။ (တခြား ထမင်းပန်းကန်ပြားတွေနဲ့ ဟင်းပန်းကန်တွေ ကို ထမင်းချက် မစားနိုင်တဲ့နေ့ကစပြီး အမေသိမ်းလိုက်ပြီ။) ဆန်ပြုတ် သောက်ဖို့ထားတာ။ သုံး ယောက်တွက်။ အဖေ့အတွက်တော့မပါဘူး။ အဖေအိမ်ပြန် မလာတာရှစ်ရက်၊ ဆယ်ရက် လောက်တောင် ရှိနေပြီ။ ဟင်း မိငယ်ဆိုတဲ့ ကောင်မစုတ်က အလည်လေး။ လာသေး တယ်။ ဒန်ဇလုံက ဆန်ပြုတ်ထည့် ကိုင်ရင် တအားကြီးပူတာကို။ ဘာလို့ ယူရမှာလဲ။ ကြွေ ဇလုံကမှ မပူတာ။

"ဖိုးတရုပ်..... ဟေ့.....၊ သွားမယ်ဟေး"

အိမ်ရှေ့ကကောင်တွေကို "လာပြီဟေး" လို့ပြန်အော်ရင်း ဖိုးတရုပ် မိငယ်လက်ထဲက ကြွေဇလုံကို ဆောင့်ဆွဲယူပစ်လိုက်ပြီး အိမ်ရှေ့ တအားပြေးထွက်ခဲ့တယ်။ မိငယ် အာခေါင်ခြစ် ပြီး



အော်ငိုတဲ့အသံက ပြကနဲထွက်လာတယ်။

"ဟဲ့........ ဟဲ့ကောင်လေး...... လာခဲ့စမ်း၊ နင်တော့၊ ဖိုးတရုပ်...... နေအုံး၊ ညီမလေးကို ပေးလိုက်စမ်း..... ဇလုံကို......၊ ဟဲ့.....ဖိုးတရုပ်....."

အမေခေါ်တဲ့ အသံက ဖိုးတရုပ်တို့ ဇလုံတီးသံ၊ ဂျိုင့်ခေါက်သံတွေကြားမှာ ပျောက်သွား တယ်။ ဖိုးတရုပ်တို့၊ ဇလုံတွေ၊ ချိုင့်တွေတီးရင်း၊ ခေါက်ရင်း လမ်းထိပ်ကို တအားပြေးကြတယ်။ ပြေးရင်းလွှားရင်း ဖိုးတရုပ်သူငယ်ချင်း သူ့လိုပဲ နှစ်တန်းကျောင်းသား အမွှေးအမှင်လေးတွေ ရှည်ရှည်နဲ့ မျက်နှာက ဝက်ဝံလေးနဲ့တူလို့ "ဘဲယား" လို့ခေါ်တဲ့ ကျော်မင်းဦးက သူ့ဇလုံကို တဒေါင်ဒေါင်တီးပြီး

"ဆန်ပြုတ်...... ဆန်ပြုတ်၊ ဆုတ်ပြန်...... ဆုတ်ပြန်" လို့အော်တယ်။ ဖိုးတရုပ်တို့ ကျန်တဲ့ အကောင်တွေက

"ဆုတ်ပြန်၊ ဆုတ်ပြန်...... ဆန်ပြုတ်၊ ဆန် ပြုတ်" လို့ပြန်အော်တယ်။

"ဆန်ပြုတ် ဆန်ပြုတ်၊ သောက်လို့ ကောင်းတယ်" လို့ အော်တဲ့ကောင်က အော် တယ်။ ဘာတွေမှန်းလဲ မသိဘူး။ အော်ရတာ ပျော်တာပဲ သိတယ်။ ထမင်းမစားရတဲ့ ဖိုးတရုပ် တို့တတွေ ဆန်ပြုတ်သောက်ရတော့မယ်လေ။ ဆန်ပြုတ်ပွဲတော်ကြီး နဲ့ တွေ့ရတော့မယ်။

ဒီပွဲတော်ကြီးကို ဘယ်လူကြီးတွေ စလိုက် တယ်တော့မသိဘူး။ စ, လိုက်တဲ့ လူကြီးတွေ အရမ်းချစ်ဖို့ကောင်းတာပဲ။ ဒီဆန်ပြုတ်ပွဲတော်ကြီး ပေါ်လာတာ ဖိုးတရုပ်တို့မောင်နှမ အဖေ နဲ့အမေရင်ခွင်ထဲကို ကြောက်လန့်တကြား တိုးဝင်နားပိတ်ပြီး အိပ်ရတဲ့ညပြီးတဲ့ နောက်လေးငါး ရက်အကြာမှာပဲ။ ဖိုးတရုပ်တို့အဖေ အိမ်ကထွက် သွားတာ ဟောဒီဆန်ပြုတ်ပွဲ တော်ကြီးနဲ့ အမျှပဲ။ ဒါပေမယ့် အဖေ့ကို တခါတလေပဲ သတိရတယ်။ ပျော်နေရတာကိုး။ ဖိုးတရုပ်တို့ ကျောင်းပိတ်က တည်းက ဘာပွဲလမ်းမှမရှိတော့ ဒီလို ခလေးတွေ တစုတဝေးစုပြီး မပျော်ရတာ ကြာပြီ။

"ဟေ့ရောင်တွေ.... ဒီနေ့ ဆန်ပြုတ်နေရာ သုံးခုတောင် ရှိတယ်ကွ"

"ဟေး...... ပျော်တယ်ဟေ...."

ဖိုးတရုပ်တို့ထဲက အလည်ဆုံး၊ အကြီးဆုံး ကောင်....."ဘဲယားကျော်မင်းဦး" သတင်းပေးသံ ကြောင့် အားလုံး ခုန်ပေါက်အော်ဟစ်ကြတယ်။ ပျော်စရာကြီး.....။ တဖြေးဖြေးနဲ့ ဆန်ပြုတ် တိုက်ပွဲတွေ များလာပြီ။ ဟိုလမ်းထောင့်၊ သည်လမ်း ထောင့်၊ ဟိုအိမ်၊ သည်အိမ်။ သူဌေးတွေ နေ့တိုင်း၊ နေ့တိုင်း တိုက်နိုင်ပါစေ။ သည့်ထက်ပို ဌေးပါစေဗျာ.....။

"ဟေ့.....မြန်မြန်နေရာဦးဟေ့၊ လူတွေ အများကြီးကွ"

ဟာ ဟုတ်သားဘဲ။ ဆန်ပြုတ်တိုက်တဲ့ ဆေးလိပ်ခုံအိမ်ရှေ့မှာ ခွက်တွေ၊ ပလုံးတွေနဲ့ ခလေးတွေရော၊ လူကြီးတွေရော အများကြီး ရောက်နေကြတယ်။ ဆန်ပြုတ်အိုး.....၊ မိုးပြဲဒယ် ကြီးတွေက အငွေ့တလူလူ၊ အနံ့တွေ တမွှေး မွှေးနဲ့။ လူကြီးတွေက မွှေကြ၊ မြည်းကြတုန်း။ ဆန်ပြုတ်ကဖြင့် မဝေသေးဘူး။ လူတွေကတော့ အပြင်မှာ ကြိတ်ကြိတ်တိုးနေပြီ။ မိန်းမယောကျ်ား တချို့က ဒန်အိုးအလွတ်နဲ့၊ ချိုင့်ပလုံး အကြီးကြီးတွေနဲ့ သိပ်လောဘကြီးတာပဲ။ ဖိုးတရုပ်တို့ ကလေးတွေကတော့ သံဇလုံ၊ ကြွေဇလုံ၊ ဒန်ဇလုံလေးတွေကိုယ်စီနဲ့။ ချိုင့်ပလုံး အသေးလေးတွေကိုယ်စီနဲ့။ သူတို့လူကြီးတွေက လောဘသာကြီးတာ၊ ရှက်တော့ ရှက်တတ် တယ်။ ကုပ်ကုပ်..... ကုပ်ကုပ်နဲ့၊ သစ်ပင်ကွယ်၊ ဓါတ်တိုင်ကွယ်လေးတွေနားမှာ မယောင်မလည် ရပ်နေကြတာ။ ကောင်းတယ်၊ ဒါမှ တန်းစီခိုင်းရင် ဖိုးတရုပ်တို့ ခလေးတွေ ရှေ့ကအရင်ရောက်မှာ။

"ဟေ့..... ဘဲယား၊ နောက်တခုက ဘယ်နေရာမှာလဲကွ...... ဝေးလား"

"ဝေးဘူးကွ၊ ဟို အထက်တက်လိုက်ရုံဘဲ။ ဓမ္မာရုံကွ။ မနှစ်က ငါတို့ ဘုရားပွဲသွားတဲ့ ဆီ လေကွာ"
"ဒီနှစ်ကျ...... ဘုရားပွဲလဲမဖြစ်ဘူး"

"ဘယ်ဖြစ်မလဲကွ......"

ဘဲယားနဲ့ ဖိုးတရုပ် စကားပြောနေတုန်း ဆေးလိပ်ခုံထဲက လူကြီးတယောက် ဖွန်း အကြီးကြီးနဲ့ ထွက်လာပြီး





"ကဲ.... ကဲ..... တန်းစီကြဖို့....တန်းစီကြ၊ ချိုင့်လေးတွေ၊ ဇလုံလေးတွေ အဆင်သင့် ပြင်ထားမယ်"

ဆေးလိပ်ခုံရှေ့က ဆန်ပြုတ်စောင့်သူများ လှုပ်လှုပ်ရှားရှား ဝရုန်းသုန်းကားနဲ့၊ အလုအယက် တန်းဝင်စီကြတယ်။ ဖိုးတရုပ်တို့ ခလေးတွေက အကဲဆုံးပေါ့။ ရှေ့ရောက်ဖို့ အတင်းတိုး ရတာ ပျော်စရာကောင်းတယ်။ တအားတိုးတာတောင် ဖိုးတရုပ်တို့အုပ်စု ရှေ့မရောက်ဘူး။ အလယ်နားပဲ ရတယ်။ အရေးထဲ ရှေ့က ကောင်မလေးတယောက်က အားကြီးအဆဲကြမ်းတာ ပဲ။ လက်ထဲမှာ ဇလုံနှစ်လုံးနဲ့။ သူ့ကို နောက်က တွန်းရင် ဇလုံနဲ့ ခုတ်မယ်တဲ့။

"ဖိုးတရုပ်....... ဟိုမှာ......၊ မင်းအမေနဲ့ မိငယ် လာပြီကွ၊ ခေါ်လိုက်"

ဘဲယားက ဖိုးတရုပ်ကို လှမ်းပြတယ်။ မိငယ်က နှုတ်ခမ်းစူစူနဲ့......။ ဒန်ဇလုံလေးကိုင် လို့။ အမေကတော့ ချိုင့်ဆင့် တဆင့်နဲ့၊ ရှက်ရွံ့ရွံ့ပုံ။

"အမေ...... အမေ.... ဒီကို......လာ"

ဒါပေမယ့် အမေနဲ့မိငယ်..... ဖိုးတရုပ်တို့ ကြားထဲဝင်တော့ ဓါတ်ရှင်ရုံကျနေတာပဲ၊ နောက်က ဝိုင်းအော်ကြတယ်။

"ဟေ့...... ဟေ့...... ကြားဖြတ်မဝင်နဲ့ကွ နောက် မှာသွားတန်းဟေ့"

ဖိုးတရုပ်တို့ အုပ်စု နောက်ကိုလှည့်ပြီး လက်သီးဆုပ်ပြ၊ အံကြိတ်ပြကြတယ်။ အမေက တော့ ရှက်ရွံ့ရွံ့နဲ့ အပြင်ဘက်ထွက်ရပ်ပြီး သူ့လို ရပ်နေတဲ့ မိန်းမတယောက်ကို

"ဆန်တပြည် နှစ်ဆယ်နဲ့ ဘယ်လိုမှ မတတ်နိုင်လွန်းလို့သာ.....၊ ရှက်စရာကြီး ရှင်..... ခလေးတွေ ကြားထဲမှာ"တဲ့။ ဟိုမိန်းမကြီးက ခေါင်းခပ်ငုံ့ငုံ့နဲ့လက်ထဲကတော့ ချိုင့်ကိုပွတ်သပ်နေရင်း တိုးတိုးလေး

"သူတောင်းစားတွေ ကျနေတာပဲ" တဲ့။

"ဖြည်းဖြည်းဗျို့..... ဖြည်းဖြည်း...... ၊ အားလုံး ရမယ်။ မပူနဲ့...... ပောဒီမှာ အများကြီးရှိသေးတယ် ........ ။ ကဲ....... လာပြီ နောက်တဖွန်း...."

ဆန်ပြုတ်ထည့်ပေးတဲ့ လူကြီးရဲ့မျက်နှာမှာ ချွေးတွေကို သီးနေတာပဲ။ ဒါပေမယ့် သူက တဟားဟားနဲ့ ပျော်နေတယ်။ ဆေးလိပ်ခုံဘေး တိုက်ပေါ်ကနေကြည့်နေတဲ့ ဆန်ပြုတ်ပိုင်ရှင် အဒေါ်ကြီးတွေရဲ့ မျက်နှာကလဲ ပြုံးပြုံး၊ ပြုံးပြုံးနဲ့။ ဖိုးတရုပ် ငေးကြည့်နေမိတယ်။ သူတို့ရော ဒီဆန်ပြုတ်တွေ သောက်သလားမသိဘူးနော်။

"ဟေ့ကောင် ဖိုးတရုပ် ငေးမနေနဲ့၊ မြန် မြန်ခံ"

ဖိုးတရုပ်နောက်က ဘိုဖြူဆိုတဲ့ကောင်က ဇလုံနဲ့တွန်းထိုးပြီး သတိပေးတယ်။ ဟုတ်သားပဲ..... ။ ဖိုးတရုပ်ရှေ့ကဘဲယား။ ဘဲယားပြီးတော့ ဖိုးတရုပ်။

ဖိုးတရုပ်တို့ အငွေ့တထောင်းထောင်းထနေတဲ့ ဆန်ပြုတ် ဇလုံလေးတွေကိုယ်စီနဲ့ ပလက်ဖောင်းဘေး မန်းကျည်းပင်ရိပ်အောက်မှာ တဖူးဖူးမှုတ်ပြီး ဇလုံစောင်း မော့သောက် လိုက်ကျတယ်။ လျှာပူပူ အာပူပူနဲ့ ဆန်ပြုတ်ကလဲ ချိုမှ ချိုပဲ။

"မြန်မြန်သောက်ဟေ့ ၊ တော်ကြာ ဓမ္မာရုံ မမီပဲနေမယ်"

"အေးဟေ့...... သောက်ကြဟေ့"

တယောက်နဲ့တယောက် လောဆော်ပြီး သောက်ပြီးတာနဲ့ ဓမ္မာရုံဆီ ဇလုံလေးတွေကိုင် ပြီးပြေးကြတယ်။ အိုး ဓမ္မာရုံမှာလဲ နည်းတဲ့ လူတွေမှုတ်ဘူး။ ဓမ္မာရုံက ရပ်ကွက်လူကြီးတွေ ပိုက်ဆံစုပြီး တိုက်တာတဲ့။ ဘောကြီးမှာ အလှူရှင်စာရင်းတွေ ရေးထားတယ်။ တန်းစီ ရွေ့ရှားရာနောက် တဖြေးဖြေးလိုက်ရင်း စာဖတ်တတ်ခါ စ ဖိုးတရုပ်.... ဘောကြီးပေါ်ကစာတွေကို ဖတ်တယ်။ ဦးအောင်ခင်-ဒေါ်မြမြ..... ငါးကျပ်။ ဒေါ်ခင်ခင်တင့် သုံးကျပ်။ ဖိုးတရုပ်လိုပဲ နှစ်တန်းကျောင်းသားတွေဖြစ်တဲ့ ဘဲယားတို့၊ ဘိုဖြူတို့ လဲ လိုက်ဖတ်ကြတယ်။

"ဟေ့ရောင်..... ဟိုအောက်က စာလုံးကြီး နဲ့ရေးထားတာ ဖတ်ရအောင်..... ဘာတဲ့ကွ"

"သုံးရက်နှင့်အပြတ်ထိုင်မည်"

"ဟားဟားဟား၊ စာလဲမဖတ်တတ်ပဲ နဲ့ဟေ့"

ဘဲယားဖတ်တာမှားတော့ ဖိုးတရုပ်တို့၊ ဘိုဖြူတို့နဲ့ တခြားကောင်တွေက ဝိုင်းပြောင်ကြတယ်။ ဘဲယားက မျက်မှောင်ကြုတ်ပြီး

"ဘာမှားလို့လဲကွ........ ကဲ"

"မှားတာပေါ့ကွ၊ မင်းက ကျောင်းမ လိုက်ရတာနဲ့ စာတွေ မေ့သွားပလား"

"ငါဖတ်ပြမယ်..... ကြည့်၊ သုံးရက်နှင့် အပြတ်တိုက်မည်၊ ပြစ်ရဲရင် ပြစ် ကြည့်၊ ရေရော ပစ်လိုက်မည်၊ ပုံ ဆန်ပြုတ် တဲ့"

"ဟားဟားဟား၊ ရီရတယ်ဟေ့" ဖိုးတရုပ်တို့အုပ်စု စာဖတ်ပြီးတအားသဘောကျ ဝိုင်းရီကြတယ်။

"ဘဲယား...... နောက်တနေရာ သွားဦးမှာ လားကွ...... ဘယ်နားမှာလဲ"

ဓမ္မာရုံက ဆန်ပြုတ်တဇလုံစီကို မော့ သောက်ကြပြီး...... ရှေ့ဆက်ဖို့ တာစူကြတော့၊ ဘဲယားက လက်ဟန်ခြေဟန်နဲ့

"နီးနီးလေးပဲ။ လာ ငါသိတယ်၊ နေ့လည်က ငါ့လေးလေးနဲ့ လိုက်သွားရင်း အိုးကြီးတွေတည်နေတာ ငါမြင်ခဲ့တယ်"

ဘဲယားခေါင်းဆောင်တဲ့နောက်ကို ဖိုးတရုပ်တို့အုပ်စု ပြေးရှူးပြေးရှူးနဲ့ လိုက်ကြတယ်။ ဗိုက်ချောင် အောင်ဆိုပြီး ခုန်ပေါက်ကြရင်း ဇလုံတွေ၊ ဂျိုင့်တွေကို တီးလိုက်ကြသေးတယ်။ ဆန်ပြုတ်က ဗိုက်ပြည့်လွယ်သလို၊ ချောင်လွယ် သလားလဲမမေးနဲ့။ ခဏလေးဆို ပြန်ပြန်ဆာ တယ်။ ညနေမှာ ဘယ်လောက်သောက်သွား သွား၊ ညကျရင် ဗိုက်က ပြန်ဆာလာတာပဲ။ ထမင်းလိုလဲမဟုတ်ဖူး။

"ဟော့ ဟိုတိုက်ကြီးမှာ မြင်လား၊ မကုန်သေးဘူး..... ။ လာ တန်းဝင်စီမယ်"

ဖိုးတရုပ်တို့တတွေ ချွေးသံတရွှဲရွှဲနဲ့ အမောတကော တန်းဝင်စီလိုက်ကြတယ်။ ဟာ အိုးကြီးတွေက တော့ အများကြီးပဲ။ တော်တော် ဒွေးတဲ့အိမ်နဲ့တူတယ်။ အသားဖတ်တွေလဲ ဆန်ပြုတ်ထဲမှာ အများ ကြီးမြင်ရတယ်။ ဒီဇလုံကိုတော့ အိမ်ထိ သယ်သွားပြီး ည ဆာမှသောက် ရင်ကောင်းမယ်။ ဆန်ပြုတ်အိုးကြီးတွေထဲကို ဖိုးတရုပ် အာသာငန်းငန်းနဲ့ ကြည့်နေတုန်း ဘိုဖြူက လက်လာတို့တယ်။

"ဖိုးတရုပ် . ဟိုမယ် ငါတို့အတန်းထဲက ကောင်မလေး"

ဖိုးတရုပ်နဲ့ဘဲယား ကြည့်လိုက်တော့ သူ တို့အတန်းထဲမှာ မကြာခဏ ရန်ဖြစ်ကြတဲ့ ကောင်မလေးက ဆန်ပြုတ်တန်းစီတိုးသူများရဲ့ ဆန်ပြုတ်ပွဲတော်ကြီးကို ဘေးကနေလာရောက် ကြည့်တဲ့ ပွဲတော် ကြည့်ပရိသတ်ထဲမှာ။ သူ့ အဖေလား။ လေးလေးလားရဲ့ ဆိုင်ကယ်နောက်မှာ အိုက်စကရင် တပျပ်ပျပ်စားရင်းထိုင်လို့။ ဖိုးတရုပ်တို့ကို မချိုမချဉ်ကြည့်လို့။ ဒါ တင်မကသေးဘူး သူက လက်ညှိုးလေးကို ကွေး လို့ ကရော်ကရော်လုပ်ရင်း ဖိုးတရုပ်ဆီကို

"ဟော့ ဟော့ ရှက်ပါတယ်၊ သူတောင်းစား တွေကျနေတာပဲ ရှက်ပါတယ်"

အောင်မာ ဘုတ်အီးမကကွာ ဟင်း။ ဖိုးတရုပ်တို့ ရှက်သွားတယ်။ ရှက်ဒေါသ ဖြစ်ဖြစ် နဲ့ လူကြီးမမြင်အောင် ဘုတ်အီးမကို ဘဲယားက လက်သီးဆုပ်ပြရင်း ရှေ့ကို တရွေ့ရွေ့တိုးနေရတုန်း အမေ့ဘေးက ဟိုမိန်းမပြောတဲ့ သူတောင်းစားတွေကျနေတာပဲ စကားကို သတိရတဲ့ ဖိုးတရုပ်က စိတ်တင်းသံလေးနဲ့ သူငယ်ချင်းတွေကို မလုံမလဲ

"ငါတို့မှ ဆုတောင်းစားတွေမှ မဟုတ်တာနော့်ကွာ"

"အေးလေ ငါတို့မှ မဟုတ်တာ . . အလကား "

ဘဲယားက ရှေ့ကိုဖိတိုးတယ်။ ဖိုးတရုပ်တို့လည်း နောက်ကလိုက်တိုးတယ်။ ဟော အလှည့် ရောက်ပြီ။ ဖိုးတရုပ်တို့ ဇလုံလေးတွေ ထိုးခံ လိုက်ကြတယ်။ ကရော် ကရော် ရှက်ပါတယ် ဟော့။ ဘုတ်အီးမဘက်ကို ဘယ်သူမှ လှည့်မ ကြည့်ကြဘူး။ ဟေ ဟော့ ရှက်ပါတယ်။ ဖိုးတရုပ် တို့ရှေ့မှာ



ဆန်ပြုတ်အိုးကြီးက အနံ့တွေ တထောင်းထောင်း ။

နနရည်(အင်းဝ)

သာရမဂ္ဂဇင်း။ ၁၉၈၈ ဒီဇင်ဘာ

၁၉၈၈ ခုနှစ်၊ စက်တင်ဘာ အာဏာသိမ်းပြီးခါစ... ဗမာတပြည်လုံး မြို့ရွာအနှံ့မှာ မြင်နိုင်တဲ့ မြင်ကွင်း လေးတခုကို ခံစားရေးဖွဲ့ပါတယ်။

# ကျွန်မနဲ့ ဖုန်းဖြေစက်

ကျွန်မညီမလေး "သီ" နဲ့ ကိုရဲလင်း (Alfred)တို့ ဇနီးမောင်နှံ ဒီတခေါက် အမေရိကားက အပြန်မှာ ကျွန်မတို့အိမ်အတွက် ဖုန်းဖြေစက် (Answering Machine) လေးဝယ်လာတယ်။ မြန်မာစကားကို မွတ်နေတဲ့ ကိုရဲလင်းက "ဒါ ဆရာမတို့အတွက် အလိုအပ်ဆုံး ဖြစ်မယ်။ နောက်ဆိုရင် ကျွန်တော်တို့ မောနေအောင် လိုက်မရှာရတော့ဘူးပေါ့နော်" တဲ့။ သူပြောတာ တကယ်ကို မှန်ပါတယ်။ နှစ်ယောက်တည်းရှိတဲ့ ကျွန်မတို့အိမ်မှာ နှစ်ယောက်လုံးထွက်သွားရင် လူကိုယ်တိုင်ပဲ လာလာ၊ ဖုန်းပဲဆက်ဆက်၊ လက်ခံပြီး ဖြေမယ့်သူရယ်လို့ ဘယ်သူမှ မရှိတော့ဘူးလေ။

တခါတလေကျ ဖုန်းဆက်ပြီးလာမယ့် သူတွေကလည်း ဖုန်းမြည်ပြီး ကိုင်မယ့်သူမရှိ တာကိုပဲ ပျက်နေတယ်ထင်ပါရဲ့ ဆိုပြီးလာ၊ ဒီရောက်တော့ မတွေ့၊ မေးရမယ့်သူကလည်း မရှိနဲ့ အင်မတန် အားနာစရာကောင်းတာ။ ကျွန်မမိတ်ဆွေကြီး ရွှေပုပ္ပါးဆို အကြိမ်ကြိမ် အခါခါ ခံရလွန်းလို့ " မဖြစ်တော့ဘူးဆရာမ၊ ဘောလ်ပင်နဲ့ စာအုပ်ကလေးတအုပ် ဆရာမတို့ တံခါးဝမှာ ချိတ်မှ ဖြစ်တော့မယ်" လို့ အကြံပေးဖူးတယ်။ ဒါပေမယ့် အဲဒီနည်းလမ်းကလည်း သိပ်အဆင် ပြေမယ် မထင်လို့ အဲဒီအကြံ အထမမြောက်ခဲ့ဘူး။

နောက်တော့ ကျွန်တော်တို့ နှစ်ယောက်က စိတ်ကူးပေါက်တဲ့အချိန် ထွက်ချင်ရာ ထွက်သွား၊ မိတ်ဆွေသူငယ်ချင်းတွေက ဖုန်းဆက် မတွေ့၊ သွားတတ်တဲ့နေရာတွေ လိုက်ရှာကြ မတွေ့၊ စိတ်ညစ်ကြ၊ စိတ်တိုကြ၊ မေတ္တာပို့ကြနဲ့ပဲ.... ဒီလိုနဲ့ပဲပေါ့။

ကျွန်မ ဝေးရပ်မြေခြားမှာတုန်းက ဖုန်းဖြေစက်လေးတွေ ရုံးတိုင်းစေ့၊ အိမ်တိုင်းစေ့ တပ်ထားတာတွေ့တော့ အိမ်ဖို့ စိတ်ကူးမိသေးတယ်။ ဒါပေမယ့် ကျွန်မတို့ဆီမှာ ဘယ်အိမ်မှာ၊ ဘယ်ရုံးမှာမှ သိပ်တပ်



လေ့မရှိဘူးဆိုတာ သွားသတိရတယ်။ တယ်လီဖုံးဆိုတာလည်း အိမ်ပေါက်စေ့မရှိ။ ရှိတဲ့အိမ်တွေမှာလည်း တယ်လီဖုံးကိုင်ဖို့ လူအားတယောက်က အမြဲရှိနေတတ်တာလေ။ ကိုယ်တယောက်တည်း ကြောင်တောင်တောင်နဲ့ ဖြစ်နေဦးမယ်။ တော်ပါပြီလေဆိုပြီး မဝယ်ခဲ့တာ။ တကယ်တမ်းကျ (စီးပွါးရေး၊ ကြီးပွါးရေးကိစ္စ ဟုတ်လည်းမဟုတ်၊ ရှုပ်လည်းမရှုပ်ပေမယ့်) အပေါင်းအသင်းများစွာနဲ့ ကိစ္စများ မြောင်လှတဲ့၊ အိမ်မှာလည်း ဘယ်တော့မှ ကပ်လေ့မရှိတဲ့ ကျွန်မတို့အိမ်မှာကမှ အဲဒီစက်ဟာ တကယ်လိုအပ်တာ။ ခုတော့ ဟန်ကျသွားပြီ။ "သီ" တို့ ဇနီးမောင်နှံက သူတို့လက်ဆောင်ကလေးကို အိမ်တိုင်ရာရောက် လာရောက်တပ်ဆင်ပေးပြီး သုံးစွဲပုံ နည်းနာနိသျှတွေကို သင်ကြားပေးသွားပြီး နောက်တနေ့မှာ ပဲ ကျွန်မတို့ စတင်အသုံးပြုပါတော့တယ်။

နောက်တနေ့ အပြင်ထွက်ခါနီးမှာ စက်ကလေးကို ပလပ်ထိုး၊ အသံသွင်းခလုတ်ဖွင့်ပြီး၊ စက်ကို နည်းနည်းပါးပါး မြင်ဖူး၊ တွေ့ဖူးထားတဲ့ ကျွန်မက ဆရာကြီးလုပ်ပြီး "ဟဲလို၊ ခြောက်၊ ခြောက်၊ ခွန်၊ သုံး၊ လေး၊ သုံး" လို့ ပြောထည့်လိုက်တယ်။ ပြီးတော့ အသံ ပြန်နားထောင်ပြီး မီးနီလေး ငြိမ်သွားပြီဆိုတော့မှ "ရပြီ၊ သွားစို့" ဆိုတော့ ကျွန်မခင်ပွန်းက "ဟာ.. ဒီလောက်နဲ့ ရပ့ါမလား" တဲ့။ "ရတာပေ့ါ၊ ဒီလိုပဲသွင်းရတာ၊ ဟိုမှာ ဒီလိုပဲဖုန်းနံပါတ်ပဲ ပြောထားတာပဲ" ဆိုပြီး "ဟိုမှာ"နဲ့ ကျွန်မကိုင် ပေါက်လိုက်တော့ ကျွန်မခင်ပွန်းခမျာလည်း"ဟုတ်လား၊ ဒါဖြင့်လည်းပြီးတာပဲ"ဆိုပြီးငြိမ်သွား ရှာတာပေ့ါ။

အဲဒီနေ့ တနေ့လုံး စက်အားကိုးနဲ့ သွားချင်ရာတွေ သွားပြီး အိမ်ပြန်လာတော့ မီးနီလေးကိုလည်း ကြည့်လိုက်ရော မီးနီကလေးက နဂိုအနေအထားအတိုင်း ရဲရဲလေးပဲ ငြိမ်လို့။ တယောက်ယောက်က စက်ထဲစကားပြောထည့်ထားရင် မီးနီလေးက မှိတ်တုတ်မှိတ်တုတ်နဲ့ အချက်ပြမှာလေ၊ ခုတော့ ငြိမ်လို့။ ဘယ်လိုသဘောလဲ။

ကျွန်မတို့ သွားနေတုန်း တစုံတယောက်သောသူမှ မဆက်ဘူးဆိုတာ ကတော့ မဟုတ်နိုင်။ ဘယ်လိုမှ မဟုတ်နိုင်။ ဒါဆိုရင် ဘာကြောင့်လဲ။ ဘာကြောင့်လဲဆိုတဲ့ အဖြေကို ကျွန်မ စဉ်းစားနေတုန်းမှာပဲ ဖုန်းသံ မြည်လာပါတယ်။ ကျွန်မကောက်ကိုင်ပြီး "ဟဲလို" လုပ်လိုက် တော့ ကျွန်မသူငယ်ချင်း ကျောင်းအုပ်ဆရာမ အပျိုကြီးရဲ့ အသံ။

"ငါပါဟဲ့ မယ်နုရဲ့"

"အေးပါ၊ ဘာလဲ ပြောလေ"

“နေစမ်းပါဦး၊ နေ့လည်တုန်းက နင်ဘယ်လို ဖြစ်တာလဲ။ ဘာဖြစ်လို့ ဖုန်းနံပါတ်ပြောပြီး ဖုန်းကို ချပစ်ရတာလဲ”

“ဟောတော့”

“ဘာဟောတော့လဲ။ အရေးကြီးတာ ပြောမလို့ပါဆိုမှ နောက်စရာ မဟုတ်ဘူးဟဲ့။ ငါလေ တကယ်စိတ်တိုတယ်။ သုံးခါတောင်လုပ်တယ်၊ နင်.... ဟင်း...”

“အမယ်လေး... သေတော့မှာပဲ၊ အဲဒါလူမဟုတ်ဘူးဟဲ့။ စက်၊ စက်။ Answering Machine ဟဲ့။ နင်ပြောချင်တာတွေ အဲဒီထဲ ပြောထားခဲ့လို့ ရတယ်လေ။ ဒါလေးတောင်မှ နင်မသိဘူးလား။ ငါတနေကုန် အပြင်သွားနေတာ”

“ဟင်.. ဟုတ်လား၊ ငါဘယ်လိုလုပ် သိမလဲဟဲ့။ နင်ပဲ မှတ်တာပေါ့။ စက်ဆိုလည်း စက်မှန်းသိအောင် ပြည့်ပြည့်စုံစုံပြောပေါ့၊ တို့က တောသူတွေ”

ဟုတ်လိုက်လေ၊ ဒီတခါတော့ အပျိုကြီးမှန်သွားပြန်ပါပြီ။ စက်အတွေ့အကြုံ လုံးဝမရှိတဲ့ သူတယောက်ဟာ ဒီလိုဖြစ်နိုင်တယ် ဆိုတာကို ကျွန်မဘာဖြစ်လို့ ဘဝ မေ့ရတာလဲ။ ဝေးမြေ ရပ်ခြားမှာ အဆောင်ကနေ သူငယ်ချင်းဆီ ဖုန်းဆက်တော့ ဖုန်းသံသုံးချက် မြည်အပြီးမှာ “ဟဲလို သစ်စ်အစ်စ် ကြည်ကြည်” အစချီပြီး စက်သံပေါ်လာတာကို မသိဘဲ ဝမ်းသာအားရနဲ့ “ဟေ့... မကြည်၊ မနလေ၊ မန” နဲ့လုပ်နေတာ၊ ဟိုဘက်ကမရပ်ဘဲ ဆက်ပြောနေတော့မှ နည်းနည်း ရိပ်မိသွားပြီး ငြိမ်နားထောင်ကြည့်ရတာ၊ အဲဒါကျမှ “ဩော်... စက်ဆိုတာ ဒါကိုး”ဆိုပြီး ဉာဏ်အလင်းပွင့်သွားတာ။ နောင်စက်များစွာနဲ့ တွေ့ထိဆက်ဆံပြီးတော့မှ စက်နဲ့လူကို ချက်ချင်းကွဲနိုင်သွားတာလေ။ ဒီတော့ ကျွန်မ၏ များစွာသော ချစ်သူငယ်ချင်းများလည်း ကျွန်မကဲ့သို့ ဉာဏ်အလင်းပွင့်စေရန် စက်ဖြစ်ကြောင်း ထည့်သွင်းပြောကြားမှ ဖြစ်တော့မယ်လို့ဆုံးဖြတ်ချက်ကို ခင်ပွန်းသည်အားတင်ပြလိုက်ခါရှိသေး။ တခါတည်း အောင်နိုင်သူတို့ မျက်နှာနဲ့ “ကျုပ် မပြောဘူးလား၊ ဒါ “ဟို” မဟုတ်ဘူး။ “ဒီ.. ဒီ” မြန်မာပြည်... နော် ဖုန်းနံပါတ်လေး ပြောရုံပဲမရဘူးဗျ”နဲ့ လိုအပ်သည်များကို လမ်းညွှန်မိန့်ကြား တော့တာပဲ။

အံမယ်၊ နောက်နေ့ကျတော့ “ကိုယ်အသံသွင်းမယ်” ဆိုပြီး၊ ဘယ်လိုပြောထည့်လိုက် သလဲ သိလား။ “ဟဲလို.. ခြောက်၊ ခြောက်၊ ခွန်၊ သုံး၊ လေး၊ သုံး၊ ဦးအောင်ကျော်တိုးနဲ့ ဒေါ်နုနုရည်အင်းဝ အိမ်ကပါ





ချင်ဗျာ။ ကျွန်တော်တို့ နှစ်ယောက်လုံး အပြင်သွားပါတယ်။ ဒါစက်ပါခင်ဗျာ၊ မှာစရာရှိရင် စက်ထဲမှာ”

အဲဒီနေရာလည်းရောက်ရော ကျွန်မက မအောင့်နိုင်ဘဲ ရယ်ချလိုက်ရော။

“ဟောဗျာ.... ဒီမှာ အသံသွင်းနေတယ် ဘာဖြစ်တာလဲ”

“ဘာမှ မဖြစ်ဘူး၊ “ဒါစက်ပါခင်ဗျာ” ဆိုတာကြီးကို ရယ်ချင်လို့၊ မှာစရာရှိရင် စက်ထဲမှာ မှာခဲ့ပါ ဆိုရင် သိပါပြီ။ ကျုပ်တို့လူတွေ ဒီလောက် မတုံးပါဘူး”

အဲဒါကျမှ “အေး အေး” ဆိုပြီး နောက်ဆုံး အချောသပ် ဘယ်လိုသွင်းလိုက်လဲ ဆိုတော့ “ဟဲလို... ခြောက်၊ ခြောက်၊ ခွန်၊ သုံး၊ လေး၊ သုံး၊ ဦးအောင်ကျော်တိုးနဲ့ ဒေါ်နုနုရည်အင်းဝ အိမ်ကပါခင်ဗျာ၊ ကျွန်တော်တို့ နှစ်ယောက်လုံး အပြင်သွားပါတယ်။ မှာစရာရှိရင် စက်ထဲမှာ မှာထားခဲ့လို့ရပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ” တဲ့။ မဆိုးပါဘူး၊

အိုကေဆိုပြီး အဲဒီနေ့က ကျွန်မတို့ အပြင်ထွက်ပြီး၊ ပြန်လာတော့ ကျွန်မရဲ့ စက်ကလေးမှာ မီးနီကလေးက မှိတ်တုတ်မှိတ်တုတ်နဲ့ အချက်တွေပြလို့။ ကြည့်စမ်း ကျွန်မသူငယ်ချင်း၊ မိတ်ဆွေတွေ စက်မှန်းသိသွားပြီ။ မှိတ်တုတ်မှိတ်တုတ် မီးနီကလေး ဟာ စက်ထဲမှာ မှာထားတာတွေရှိကြောင်း အသိပေးနေတာလေ။ ဘယ်သူတွေ ဘာတွေ မှာထားပါ လိမ့်။ ကဲ.. လာခဲ့စမ်းဆိုပြီး နားထောင်တဲ့ခလုပ်ကို ကျွန်မ ဖွင့်ချလိုက်တယ်။

ပထမဆုံး ပေါ်လာတဲ့ အသံက ကျွန်မနဲ့ စိမ်းတဲ့ အမျိုးသမီးတယောက်ရဲ့ မဝံ့မရဲ အသံလေး။ “....မှာကျင်းပပါမယ်ဆရာ၊ အဲဒါ ဆရာ တက်ဖြစ်အောင်တက်ပါတဲ့။ ဒါပါပဲ” တဲ့။ ကျွန်မတို့ နှစ်ယောက် တယောက်မျက်နှာ တယောက် ကြည့်လိုက်ကြတယ်။

“အသံက ပြတ်နေတယ်။ အဲဒါ ဘယ်သူလဲ”

“ကိုယ့်ဌာနက တယောက်ယောက် ဖြစ်မယ်၊ ကောင်းရော။ ဘယ်နှစ်နာရီ၊ ဘယ်မှာဆိုတာ အကုန်ပြတ်နေတယ်။ အေး ကိုယ်သိပြီ။ စက်ထဲက တီ..တီ..တီ.. ဆိုတဲ့ အချက်ပေးသံ အဆုံးကို မစောင့်ဘူး၊ ပြောချလိုက်တာ”

"ဟုတ်တာပေါ့ ပြဿနာပဲ"

စက်ထဲမှာ "မှာစရာရှိရင်မှာပါ၊ ကျေးဇူးတင်ပါတယ်" ဆိုပြီး စကားဆုံးရင် တီ..တီ..တီ ဆိုတဲ့ အချက်ပေးသံလေး ပေါ်လာလေ့ရှိတယ်။ နောက်ဆုံး "တီ" ဆိုတဲ့ အသံရှည်လေးဟာ စပြီးအသံသွင်းဖို့ စပြီးစကားပြောဖို့ အချက်ပေးတဲ့ အသံပဲ။ အဲဒီ အချက်ပေးသံ အဆုံးကို မစောင့်ပဲ သွင်းလိုက်ရင် ရှေ့က အသံတွေ အကုန်ပြတ်ကုန်တာပေါ့။ နောက်ထပ်သွင်းထားတဲ့ (Message) သုံးခုကို ကျွန်မနားထောင်ရတော့လည်း ထိုနည်းလည်းကောင်းပဲ။ ရှေ့က အသံတွေ အကုန်ပြတ်ပြီး တယောက်ကကျ "ဒါပဲနော်" တဲ့။ နောက်တယောက်ကျ "ဖုန်းပြန်ဆက်ပါ" တဲ့။ နောက်တယောက် ကျ "လာခဲ့ပါနော်.. ဒါပဲ" တဲ့။ ဘယ်သူ့အသံလဲ ဆိုတာ ဖမ်းလို့မရဘူး။ ပြဿနာပဲ။

"ကဲ... ဘယ့်နှယ်လုပ်မလဲ"

"အင်း..နေဦး"

နောက်တနေ့ အပြင်ထွက်မယ်လုပ်တော့ ကျွန်မတို့ ဘယ်လိုလုပ်လိုက်သလဲဆိုတော့ "စက်ထဲမှာ မှာစရာရှိတာ မှာထားခဲ့လို့ရပါတယ်" ဆိုတဲ့ စကားနောက်မှာ "မှာမယ်ဆိုရင် အချက်ပေးသံလေး နားထောင်ပြီး အချက်ပေးသံလေးဆုံးတော့မှ မှာပါနော်" ဆိုတဲ့ ဝါကျရှည်တကြောင်းကို ထပ်မံဖြည့် စွက်ပစ်လိုက်တယ်။ ပြီးတော့မှ ကျေးဇူးတင်ပါတယ်ပေါ့။ အိုကေ... ဒါဆိုရင်တော့ တော်တော်လေး ဟုတ်သွားပြီ။ စက်ဖြစ်ကြောင်းလည်း ဖွင့်ဆိုရှင်းပြပြီး ပြီ။ စက်ကို ဘယ်လို အသုံးပြုပါ ဆိုတာကို လည်း မေတ္တာရပ်ခံပြီးပြီ။ ဘာများအဆင်မပြေစရာ ရှိသေးလို့လဲ။ အဆင်ကို ပြေရမယ်ဆိုပြီး ကျွန်မတို့နှစ်ယောက် အပြင်လောကကို တခေါက် ထပ်မံထွက်ခဲ့ကြပြန်တယ်။

xxxx xxxx xxxx xxxx

ဒီတခါမှာတော့ ကျွန်မတွေးထင်ထားတဲ့အတိုင်းပါဘဲ။ မီးနီကလေး မှိတ်တုတ်နဲ့ စက်ကလေးထဲက ချစ်မိတ်ဆွေတို့ရဲ့ အသံတွေဟာ အပြတ်အတောက်မရှိ အဆင်တော့ ပြေပါရဲ့။ ကဲ.... ကျွန်မ စက်ကလေး တနေ့တာ ဖမ်းယူရရှိထားတဲ့ အသံတွေကို နားဆင်ကြည့်စမ်းပါဦး။

xxxx xxxx xxxx xxxx



"အဲ.. ဟဲဟဲ...ဟဲဟဲ (အကြောင်းမဲ့ ရှက်စနိုး ရယ်မောလိုက်သောအသံ) အဲ.. ခင်မောင်မြင့် ဆက်တယ်၊ ခင်မောင်မြင့်... ဟိုဟာလေ စာတမ်းဖတ်ပွဲကိစ္စပြောမလို့။ ပြည့်ပြည့်စုံစုံ ပြောချင်တာ။ အဲ.. ဘယ်လိုပြောရမလဲ မသိဘူး။ ဟဲ...ဟဲ.. ကိုတိုးနဲ့ မန အစုဆက်တာ ခင်မောင်မြင့်၊ ဒါပဲနော် ကျေးဇူးပဲ"

(သူကတော့ ကျွန်မတို့ရဲ့ ရင်းနှီးတဲ့မိတ်ဆွေ လက်ထောက်ညွှန်မှူးအဆင့်ရှိတဲ့ ဦးခင်မောင်မြင့် ဆိုသူ ဖြစ်ပါတယ်)

"ဟဲလို... အဲ..ဟဲလို...အဟင်း (လည်ချောင်းရှင်း၍အားယူသံ) ကိုအောင်ကျော်စိုးရှင်၊ ရှင့်ကို ကျွန်မ မသိပါဘူး၊ ကျွန်မကိုလည်း သိမှာ မဟုတ်ပါဘူး။ ဟို... ကျွန်မ ဖုံးမှားဆက်မိတာပါ။ ဒါပေမယ့်.... ဒီလို အသံမျိုး တခါမှ မကြားဖူးလို့ အသံသွင်းကြည့်တာပါ။ နောက်လည်း ဆက်ပါဦးမယ်ရှင်" (နာမည်ကိုပါ မှားခေါ်သွားတဲ့ အမည်မသိ၊ လူချင်းလည်းမသိ၊ ထူးဆန်းသော မိန်းမတယောက်)

xxxx xxxx xxxx xxxx

"ခစ်ခစ် ခစ်ခစ်..." (ကလေးရယ်သံများ)

"ပြောလေ" (ကြီးကောင်ဝင်စ ချာတိတ်အသံ)

"အို.... ပြောချင်ပါဘူး" (စွာတာတာချာတိတ်မအသံ)

"ဒီမှာ... ဒီမှာ၊ ခင်ဗျားကိုယ်ခင်ဗျား ဘီအီးဒီအောင်သိုက်များ မှတ်နေလား၊ အသံကိုက "ပဲ" ချည့်ဘဲ" (ဒီအသံပိုင်ရှင်များကတော့ ကျွန်မတို့ သူငယ်ချင်း လေယဉ်မှူးကြီးရဲ့ အနာဂါတ် မျိုးဆက်သစ် ရင်နှစ်သည်းချာလေးများနဲ့ သူကလေးတို့ရဲ့ မိခင်ငယ်လေး ဖြစ်ပါတယ်)

xxxx xxxx xxxx xxxx

"ဟဲလို.... အမယ်လေး.. စက်ကြီးက ချေလိုက်တာ အစ်မရယ်၊ တော်ပြီ၊ မပြောတော့ဘူး.. ဘိုင်"

(ဒါက ကျွန်မရဲ့ "ဂေးလ်" သမီးတွေထဲက နှုတ်ခမ်းတလန်ပန်းတလန် လုပ်တတ်တဲ့ သမီးတယောက် ဖြစ်လိမ့်မယ်)

xxxx xxxx xxxx xxxx

"ဟဲလို…ဆရာ၊ အဲ.. သမီးတို့ပါ၊ ဟို သမီးတို့ အောင်စာရင်းတွေ ဘယ်တော့လောက် ထွက်မှာလဲဆိုတာ သိချင်လို့ပါ။ ဟော့.. ဒါ ငါ စက်နဲ့စကားပြောနေတာ သိလား။ စက်နဲ့။ (အနားရှိ သူငယ်ချင်းများ လှည့်ပြောသံ) မယုံရင်နေ၊ တကယ်ကို စက်၊ လာနားထောင်ကြည့်"

"ဟဲလို.. ဟဲလို၊ ဟင် စက်ကလည်း ဘာမှ ပြန်မပြောဘူး"

"ခုနကပြောတယ်၊ ငါကြားပါတယ်ဆိုနေမှ၊ ပေး…ပေး..၊ တော်ပြီ၊ ဟဲလို ဒါပါပဲဆရာ၊ သမီးတို့ ဖုန်းပြန်ဆက်ပါမယ်" (သူကလေးတွေကတော့ ကျွန်မခင်ပွန်းရဲ့ တပည့်လေးတွေ "ဘွဲ့လွန် တက္ကသိုလ်ကျောင်းသူ" များဖြစ်ပါတယ်)

xxxx xxxx xxxx xxxx

"အေး… စက်၊ စက်ဟုတ်လား၊ အဲဒီစက်ကြီးပျက်၊ အေးရော"
(ဒီအသံပိုင်ရှင်ကို ရင်းနှီးပုံရပေမယ့် ဒီနေ့ထိ ကျွန်မတို့ ဖော်လို့ မရသေးပါဘူး)

"ဟဲလို… အဲ… နက်ဖြန်မနက် ကိုးနာရီကနေ ဆယ့်တနာရီ (Top Star) ကို၊ ကိုသက်နွယ်ဖိတ်တာ လာခဲ့ဖို့ မှာခဲ့တယ်လို့ သေချာလေး၊ ပြောပေးပါဗျာ နော်၊ အရေးကြီးလို့ပါ၊ ကျေးဇူးတင်ပါတယ်ဗျာ" ("ဟောတော့" ဆိုပြီး ကျွန်မ သဘောကျစွာရယ်မိသူကကတော့ ကျွန်မတို့ အစ်ကိုကြီး နာမည်ကျော် ကဗျာဆရာ ဖြစ်ပါတယ်)

xxxx xxxx xxxx xxxx

"ဟဲလို…. အဲ…. တိုးလေး၊ ငါပါကွာ၊ မင်းသူငယ်ချင်းလေ၊ သိတယ်မဟုတ်လား၊ ဟင်… ဘာမှလဲ ပြန်မပြောဘူး၊ အင်း စက်တပ်တာ ကောင်းပါတယ်၊ ဒါပေမယ့် စကားပြောရတာ အရသာ





မရှိဘူးကွနော်၊ အဲ… သူငယ်ချင်းရေ..၊ ပြောရဦးမယ်၊ ဖြစ်ကြောင်းရယ် ကုန်စင်ဆို သလိုပေါ့ကွာ။ ဟိုနေ့က အင်း… မှတ်မှတ်ရရ လွတ်လပ်ရေးနေ့၊ ဇန်နဝါရီလ လေးရက်နေ့မှာဟော့ ဖြစ်တာ။

တကယ်တော့ ငါမမှားဘူး သူငယ်ချင်း။ အဲဒီနေ့မနက်က ထင်တော့ထင်သား၊ မျက်ခုံးကလည်း လှုပ် တုတ်တုတ်ကွ။ ငါပြောတယ် မိန်းမကို၊ မိန်းမရေ ငါ ဒီနေ့…"

(မှာကြားရန် Message တခုကို စက္ကန့် ၃၀ အချိန်ကိုက်ထားတဲ့အတွက် စက်က ဖြတ်တောက် လိုက်တဲ့အတွက် ကျွန်မခင်ပွန်း ငယ်သူငယ်ချင်းရဲ့ ဖွဲ့နွဲ့မှုဟာ တဝက်တပြက်နဲ့ (သူဘာဖြစ်တယ် ဆိုတာ မသိလိုက်ရဘဲ) ပြတ်တောက်သွားတော့တယ်။ သူကတော့ သူ့ထုံးစံအတိုင်း ဖြစ်ကြောင်း ရယ်ကုန်စင်ကို ဘယ်အချိန်ထိ ဆက်ပြီး ဖွဲ့နွဲ့လေတယ်မသိ။)

xxxx xxxx xxxx xxxx

အသံတွေ အားလုံးကို နားထောင်ပြီးတဲ့ အချိန်မှာတော့ ကျွန်မတို့ နှစ်ယောက် မျက်နာငယ် ကလေး တွေနဲ့ တယောက်မျက်နှာ တယောက် ကြည့်လိုက်မိကြတယ်။ သက်ပြင်းတချက်ကိုလည်း ကျွန်မ ရှိုက်လိုက်မိတဲ့ခဏမှာဘဲ ဖုန်းသံက မြည်လာပြန်တယ်။

"ဟဲလို "

"ဟဲ့… စက်လား၊ လူလား…"

ဟိုက်၊ ကျွန်မရဲ့ အချစ်ဆုံး ငယ်သူငယ်ချင်း၊ အရာရှိကြီးကတော်ရဲ့ အသံ၊ စက်လား လူလားတဲ့။

"လူပါဟယ်၊ လူပါ၊ စက်မဟုတ်ပါဘူး"

ကျွန်မဖြေသံကို ကိုယ့်ဘာသာကိုယ်တောင် ကျွန်မ သနားနေမိတယ်။

"မသိဘူးဟေ့၊ မေးရသေးတာ၊ ငါ့အကြောင်းညည်းသိသားပဲ၊ စက်နဲ့ ပြောဖို့ မဆိုထားနဲ့ တယ်လီဖုန်း ခွက်ကြီး နားနားကပ်ပြီးပြောရတဲ့ အလုပ်ကို ငါအင်မတန် စိတ်ပျက်တာ၊ ဟဲ့ နေဦး ငါပြောဦးမယ်"

"အေး.. အေး.. ပြော "

ခါတိုင်း ကျွန်မတို့ သူငယ်ချင်းနစ်ယောက်တွေ့ရင် ဘယ်သူမှ ဝင်လို့မရအောင် စကား ပြောတတ်ကြပေမယ့် ဒီတခါမှာတော့ ကျွန်မတယောက် ဟီးဟီး ဟားဟား လည်းမလုပ်နိုင်၊ သူပြောတာတွေကိုပဲ အင်း လိုက်ရင်းနဲ့ ဖုန်းဖြေစက်ကလေးကိုပဲ မမိုတ်မသုန်ကြည့်လို့။ သင်းကလေးကို ဆက်ထားသင့် မထားသင့် ကျွန်မတွေးနေမိပါပြီ။

xxxx xxxx xxxx xxxx

"ဟဲလို"

"ဟဲလို အဲ ဆရာမလား၊ လူကိုယ်တိုင်ပဲလား၊ ကျွန်တော်ပါ၊ မိုးထိုက်ပါ"

"အေး… ကိုမိုးထိုက်ပြော၊ လူကိုယ်တိုင်ပါပဲ မောင်ရာ…ပြောပါ"

"ဟာ… ဆရာမနယ်၊ ဟိုနေ့က ကျွန်တော်ဆက်တယ်၊ စက်မှန်းသိပါဘူးဆိုဗျာ၊ ဆရာမ အသံကလည်းတိုးတိုး၊ မြန်လည်း မြန်နေတယ်ဗျာ။ သိုင်းကယူလို့လည်း ကြားလိုက်တော့ ကျွန်တော့်ကို ဘိုလိုပြောနေတယ်ထင်လို့.. ဟဲလို.. အိုင်အမ် မိုးထိုက်၊ အိုင်ဝမ့်တူ စပိခ် ဝသ်စ်ယူနဲ့ လုပ်နေတာဗျို့။ နောက်… ဆရာမအသံက ငြိမ်သွားပြီး တီတီ ဆိုတာတွေ ပေါ်လာတော့မှ ဟိုက်… စက်ဆိုတာ ဒါနဲ့ တူရဲ့ပေါ့။ ကိုယ်လည်း တခါမှ သုံးဖူးသုံးစ မရှိတော့ အဲဒီဟာထဲလဲ ဘယ်နယ့်ဟာ၊ ဘာညာရယ်လို့ ထည့်ခဲ့တော့ပါဘူးဗျာ"

"သြော်…အေး၊ အဲဒီနေ့က လှည်းတန်းဘက် ခဏလေးထွက်သွားတာကွ၊ သွားခါနီး ငါ ကဗျာကယာ သွင်းသွားလို့နဲ့ တူတယ်"

"မသိဘူးလေဗျာ၊ အဲဒါ နေဦးဗျ၊ ညဘက်ကျတော့ ကျွန်တော် တခါ ထပ်ဆက်ပြန်ရော။ အောင်မယ် အဲဒီအခါကျတော့လည်း ခင်ဗျားယောကျ်ား အသံကြီးနဲ့ လုပ်ပြန်ရောဗျို့"
အညာသား၊ နာမည်ကျော် ဓာတုဗေဒ ကျူရှင်ဆရာနဲ့ စကားပြောပြီးတဲ့ အချိန်မှာတော့ ကျွန်မခများ ရယ်ရတော့မလို၊ ငိုရတော့မလို။





ဘယ်လိုလဲ စက်ကလေးရေ၊ သနားစရာ စက်ကလေးကို ကျွန်မ အသာတို့ထိလိုက် တုန်းမှာဘဲ ဖုန်းသံက မြည်လာပြန်ပါပြီ။

"ဟဲလို"

"ဟဲလို… နနလား၊ ရွှေအေးပါ"

"ဟယ်…ရွှေအေး..သူငယ်ချင်း၊ ငါသတိရနေတာ ဘယ်လိုလဲ…."
(ရုတ်တရက် ရွှေအေးရှိုက်သံကို ကျွန်မ ကြားလိုက်ရပါတယ်)

"ဟဲ့… ရွှေအေး၊ ဘာဖြစ်ပြန်ပလဲ ငါ့ကို ပြောစမ်း"
ဝမ်းနည်းခါတ်ခံ အလွန်ရှိတဲ့ မရွှေအေးက ဆက်ပဲရှိုက်နေတယ်။ ပြဿနာပဲ။ ကျွန်မ ဒီသူငယ်ချင်းက ငယ်ငယ်ကတည်းက ဆင်းရဲရှာပြီး၊ ရိုးရိုးအအ၊ အရာရာမှာ အားငယ်ကြောက် တတ်၊ ပြဿနာမှန်ကို မျက်ရည်နဲ့ဘဲ အလျှော့ပေး ဖြေရှင်းတတ်တဲ့သူ။ သူ့အားအကိုးဆုံးက ကျွန်မ။ ခုလည်း ဘာဖြစ်ပြန်ပြီလဲ မသိပါဘူး။

"ရွှေအေး၊ နင့်ကိုငါပြောထားတယ် မဟုတ်လား၊ မျက်ရည်နောက်မှကျ၊ ပြဿနာကို အရင်ပြောရ မယ်လို့လေ"

"ငါ…ငါ… ဝမ်းနည်းလို့ပါ"

"အေး.. ဘာဖြစ်လို့ ဝမ်းနည်းတာလဲလို့"

"ငါ… ဟိုတနေ့က နင်တို့အိမ်ကို ဖုန်းဆက်တာ၊ နင့်ယောကျ်ားက ငါ့ကို အဖက်လုပ် စကားမပြောဘူး သိလား"

"ဘာရယ်…."

"ငါက ဒီဘက်ကနေ ပြောနေပါတယ်။ ဆရာ၊ ကျွန်မ နနသူငယ်ချင်း ရွှေအေးပါလို့၊ သူက ဖုန်းနံပါတ်

နင်တို့ နှစ်ယောက်နာမည်တွေပြောတယ်။ အသံကလည်း တမျိုးကြီး၊ ငါ့ကို အရင်က ပြောတဲ့ အသံမျိုး မဟုတ်ဘူး။ ငါဘယ်လိုပြောပြော သူပြောချင်တာတွေ ပြောပြီး ဖုန်းချပစ်လိုက်တယ်။ ငါ ဝမ်းနည်းလိုက်တာ... ငါ..."

"နေဦး.... ရွှေအေး ငါပြောမယ်"

"(ရှိုက်လျက်) ငါက နင့်ကို ခဏခဏ အကူအညီတောင်းရတာ ခဏခဏ ဒုက္ခပေးရတော့ သူက ငါ့ကို၊ ငါနောက်... နင့်ကို ဒုက္ခမပေးတော့ပါဘူး။ ဘယ်တော့မှလည်း ဖုန်းမဆက်တော့ပါဘူး"

"ရွှေအေး....၊ ရွှေအေး"

ကျွန်မ ဘယ်လိုပဲ ခေါ်ပေမယ့် ကျွန်မသူငယ်ချင်းဟာ "ဂွပ်" ခနဲမြည်တဲ့ဖုန်းချသံနဲ့ နောက်ဆုံးနှုတ်ဆက်ခဲ့သွားပါပြီ။ သက်ပြင်းတချက်ကို ချလိုက်ရုံကလွဲလို့ ကျွန်မ ဘာများတတ်နိုင်ဦးမှာလဲ။ စက်ကလေးရေ၊ မင်းကိုငါ ဖြုတ်ပစ်တာပဲ ကောင်းမယ်ထင်ပါရဲ့။ ဖုန်းဖြေစက်ကလေး ဘေးနားမှာ ထောင်ထားတဲ့ ၂၀၀၁ ခုနှစ် ပြက္ခဒိန်လေးထဲက လှည်းယဉ်ကလေးနဲ့ မြန်မာသမီးပျိုလေးက ပြုံးပြုံးလေးကျွန်မကို ကြည့်နေတယ်။ အလို... ကျွန်မ စက်ကလေးကို ဖြုတ်ဖို့ စိတ်ကူးတဲ့နေ့ဟာ ဇန်နဝါရီ (၁)ရက်၊ နှစ်ဆယ့်တစ်ရာစုထဲကို ချင်းနင်း ဝင်ရောက်တဲ့ နေ့ပါလား ။။

နနရည် (အင်း၀)
ကလျာမဂ္ဂဇင်း၊ အမှတ် ၁၉၄။



# ကြောင်ညိုပါးရယ် စားတတ်လှတယ်

ဖိုးအေကြီးရေ.. ဖိုးအေကြီး။ သြော်.. ဒီအဖိုးကြီးကလဲ၊ နားလေးပလေးနဲ့ ခေါ်မကြား အော်မကြား။ အေ.. ဖိုးအေကြီး.. မြန်မြန်လာစမ်းပါ၊ မြန် မြန်၊ မြန် မြန်၊ တကတည်းတော် ခေါ်လိုက်ရတာ၊ ဘာလုပ်နေတာလဲ၊ အိမ်ရှေ့မှာ။ ဟင်း.. ပက်လက်ကုလားထိုင်ပေါ်မှာ တရေးနှပ်နေတာ မဟုတ်လား။ အလကား အဖိုးကြီး၊ ဒီမှာ.. ကိုယ့်မြေးလေးအတွက်တော့ လာပြီး ကူပြု လုပ်မယ် ကိုင်မယ်မရှိဘူး။ တော်ဟာလေ.. ကျုပ်လောက်ကို မြေးလေးကို မချစ်ဘူး၊ ကျုပ်သိတယ်။ ဘာ... ချစ်ပါတယ်ကွာလဲ။ ချစ်ရင်လာ၊ ရော့ ဒီမှာ.. အုန်းသီး၊ ဒီမှာ အုန်းခြစ်၊ အုန်းနို့ညှစ်ပေး.. ကျုပ်ကို.။ မြေးလေးအတွက် အုန်းနို့ကျောက်ကျော ကြိုရအောင်။ ဘာသက်ပြင်းချတာလဲ၊ ဘာ.. မျက်နှာကြီး မဲ့သွားတာလဲ။ ဟင့်အင်း မပြောနဲ့..၊ မပြောနဲ့။ တော့်ပါးစပ်ကြီး ဟမလာနဲ့။ မနေ့က ကျုပ်နှာနို့ထမင်းတွေ သွန်ပစ်ရတာကို တော်ပြောမလို့ မဟုတ်လား။ မပြောရဘူး၊ မပြောရဘူး၊ ကျုပ်.. ကျုပ် အော်ငိုပစ်လိုက်မှာနော်၊ အော်ငိုပစ်လိုက်မှာ။

အဲ...အဲ.. ဒီလိုမှပေါ့၊ ဖိုးအေကြီးရယ်။ လိမ္မာစမ်းပါ။ ကျုပ်အလိုကို လိုက်စမ်းပါ။ ကျုပ်ပြောတာကို နားထောင်စမ်းပါ။ ကဲ.. လုပ်..လုပ်။ အုန်းသီး မြန်မြန်လေးခြစ်။ ဟီ..ဟိ၊ တော့်မြေးလေးက အုန်းနို့ကျောက်ကျောများဆို အငမ်းမရ ကြိုက်တဲ့ဟာလေး။ ကျောက်ကျော တဗန်းများဆို အငမ်းမရ ကြိုက်တဲ့ဟာလေး။ ကျောက်ကျောတဗန်းများ သူနဲ့တင် တဝက်ကုန်ရစေရဲ့။ တော်နဲ့ ကျုပ်နဲ့က တော့ ကျန်တာပေါ့နော်။ ဆွမ်းတော် ပန်းတော်လေးလည်း တင်ပေါ့။

အင်း.. နေဦး၊ တော်အုန်းနို့ ညှစ်နေတုန်း ကျုပ်ဝက်သားလုံးကြော်လေး အရင်နွှေးလိုက် ဦးမယ်။ တော့်မြေးက ကျောက်ကျောမစားခင် ထမင်းအရင် လွေးချင် လွေးမှာ။ ထမင်းမစားလည်း ဝက်သားလုံးကြော်ကို ဒီအတိုင်း တစွပ်စွပ် နှိုက်စားနေတတ်တာ။ ဝက်သားကြိုက်လေး။ ကျုပ်နမ်းတိုင်း သူ့ပါးစပ်က အမြဲ ဝက်သားနံ့တသင်းသင်းနဲ့။ အဟင်း.. ကျုပ်ကလည်း ကျုပ်မြေးကြိုက်တတ်မှန်း သိလို့ ကြောင်အိမ်ထဲ ဝက်သားလုံးကြော်ပန်းကန် မပြတ်စေရပါ ဘူးတော်။ ကျုပ်အိမ်ဆိုင်ကလေး တည်တာတောင် စီးပွါးရေးထက် ကျုပ်မြေးစားချင်တဲ့ သွားရည်စာ စားနိုင်အောင်လို့ တည်တာ သိပြီလား။ အရာအားလုံးဟာ ကျုပ်မြေးအတွက်၊ ကျုပ်ချစ်တဲ့ မြေးလေး ဖိုးသဲ (ခေါ်) ရန်ကျော်ဦး အတွက်။

ဖိုးအေကြီးရေ… တကယ်တော့ မြေးလေး ဖိုးသဲဟာ ကျုပ်တို့ရဲ့ မြေးဆိုလည်း မြေး၊ သားဆိုလည်း သားပါပဲနော်။ ဟုတ်တယ်မဟုတ်လား။ မွေးကတည်းက ကျုပ်ရင်ခွင်ထဲရောက် ခဲ့တာ။ ကျုပ်တိုက်တဲ့ နို့ဘူးတလှည့်၊ နို့မထွက်တဲ့ ကျုပ်နို့ပိန်ကို စို့ရင်း ကြီးပြင်းခဲ့တာ။ သိပ်ကို သနားစရာကောင်းတဲ့ မြေးကလေးပါနော်.. ဖိုးအေကြီး။ မွေးမွေးချင်း မအေက ပစ်ပြီး သေမင်း ခေါ်ရာနောက် ကောက်ကောက်ပါရတော့။ အို.. ဖိုးအေကြီးရယ် ကျုပ်ကို မငေါက်ပါနဲ့တော်၊ တော် မပြောစေချင် မပြောပါဘူး။ သမီး အမိုက်မအကြောင်း ကျုပ်လည်း မပြောချင်ပါဘူး။ သူမိုက်တာကိုးတော့။ မိဘ မနှစ်မြို့တဲ့ဟာကို ယူပြီး မိဘရင်ကွဲအောင် စုံကန်တော့ ဒီလိုမျိုး… အေးလေ.. ဖိုးအေကြီး အုန်းနို့ရမလား၊ ဝက်သားလုံးကြော်အိုး ချလိုက်တော့မနော်။ ဟေ..ဟေ.. ကောင်းလိုက်တာ၊ ဝက်သားလုံးလေးတွေ နီရဲပြီး မွှေးကြွပ်နေတာပဲ။ ကျုပ်သားအကြိုက်။ ကျုပ်သားဖိုးသဲအကြိုက်။ ဘယ်လောက်များ ကြိတ်လိုက်မလဲ မသိဘူး။ အေး.. ဒါပေမယ့် မကြိုတ်ခင်မှာတော့ ထုံးစံအတိုင်း ဘွားဘွားနဲ့ ဘိုးဘိုးကို သုံးခါစီ မွှေးရဦးမယ်နော်။ သုံးခါ။

ဖိုးအေကြီးရယ်။ ကျုပ်ကို မျက်လုံးပြူးကြီးနဲ့ မကြည့်ပါနဲ့။ ကျုပ်ဘာပြောလို့လဲ။ ကျုပ်ဘာလုပ်လို့လဲ။ ကြည့်… သက်ပြင်းကြီးက ချရပြန်ပြီ။ ခက်တာပဲ… တော်ဟာလေ။ ဖိုးသဲတို့ ဖိုးအေဟာလေ။ တော် အဲလို မျက်လုံးကြီးပြူးတာ ဘာနဲ့တူလဲသိလား။ ဟို.. ဟို.. မကောင်းဆိုးဝါးနဲ့ တူတယ်တော့် သိရဲ့လား။

ကဲပါတော်… ကျုပ်ဆီကို ကြောင်အိမ်ထဲက သကြားပုလင်း လှမ်းလိုက်စမ်းပါဦး။ အင်း သကြား များများလေး ထည့်မှ။ သားလေးက ချိုမှ ကြိုက်တာ။ ပုလင်းဖွင့်ပြီး သကြားကို ကော်စားတာ။ ပုလင်းပိတ်ကို သေချာမပိတ်တော့ ပုရွက်ဆိပ်တွေက တက်ရော။ တော့်မြေးလုပ် တာလေ… တော့်မြေး။





ဟင်… ဖိုးအေကြီး ပုလင်းပိတ်လည်း ကျုပ်လို့၊ ပုလင်းထဲလည်း သကြားသိပ် မလျော့ဘူး။ တော့်မြေး .. သကြားမစားပြန်ဘူးထင်တယ် ဖိုးအေကြီးရေ။ သြော်…. ကျုပ်သိပြီ၊ ကျုပ်သိပြီ။ ခွေးကလေး.. ကျုပ်ဆိုင်က သကြားလုံးတွေချည်း ယူစားနေတာ ဖြစ်ရမယ်၊ သိလား ဖိုးအေကြီး။ အင်း.. ချောင်းဆိုးမှာတော့ စိုးရတယ်၊ သွားနာမှာလည်း စိုးရတယ်၊ ဒါပေမယ့် စားပါစေတော်.. သူကြိုက်တာ စားပါစေ။ သူစားနေတာ ကြည့်နေရရင် ကျုပ်စိတ်ချမ်းသာ နေတာပဲ။ တော်လည်း ကျုပ်လိုပဲ မဟုတ်လားဟင်။ ဖိုးအေကြီး သားလေးဖိုးသဲကို ချစ်တယ် မဟုတ်လားဟင်၊ ဖိုးအေကြီး ချစ်တယ်မဟုတ်လား… ပြောလေ ပြော။ အို ကျုပ်တို့ နှစ်ယောက်စလုံး သားလေးကို သိပ်ချစ်ကြပါတယ်နော်။ သွားလေသူ သူ့မအေနဲ့ နောက်မိန်းမ ယူဖို့ ကြိုးစားနေတဲ့ သူ့ဖအေတို့တောင်မှ ကျုပ်တို့လောက် သားလေးကို မချစ်နိုင်ပါဘူး… နော့ ဖိုးအေကြီးရယ်။

ဟင်း.. ဟင်း.. ဖိုးအေကြီးရေ မှတ်မိသေးလား။ သားလေး ငါးလမှာ တော်ပုခက်ဝယ်ပြီး ပြန်လာတာလေ။ ခုလို မိုးတွင်းကြီးပဲနော်။ မိုးတွေ တဝေါဝေါ ရွာနေတဲ့ထဲမှာ တော် အသားပုခက်ကြီး ထမ်းပြီး ဝင်လာတာလေ။ နှစ်လမ်းကျော် လက်သမားအိမ်ကနေ ကိုယ်တိုင် ထမ်းယူလာတာ။ မြေးကိုထည့်ပြီး လွှဲသိပ်ချင်ဇောနဲ့… အိမ်ထဲအဝင် ခြေချော်ပြီး ဟီ ဟီ.. မိုးရေထဲမှာ တော် ပစ်လဲတာလေ။ အမယ်လေး.. မြေးဇော.. မြေးဇော။ သူ့မယ် မနာနိုင်ဘူး။ ရွှံ့တွေပေသွားတဲ့ ပုခက်ကို သေချာဆေး၊ အဝတ်နဲ့ခြောက်အောင် ပွတ်တိုက်ပြီး၊ ပုခက်ဆင်တာ။ ပြီးတော့ မိုးရေစိုကြီးနဲ့ ပုခက်ထဲကမြေးကို အကြာကြီးရပ်ကြည့်၊ ကျေနပ်နေ လိုက်တာ။ နောက်နေ့ကျ ဆေးသောက်ရ တာပဲ မဟုတ်လား။

နောက်ပြီးတော့လေ… ဖိုးအေကြီး၊ သားလေးအခါလည်ကျော်… အပူကြီးပြီး တက်သွား တုန်းကလေ၊ မှတ်မိတယ်မဟုတ်လား။ အဲဒါကတော့ ကျုပ်.. ကျုပ်၊ တော်မဟုတ်ဘူး။ သားလေး ဖျားနေတာကို တော်နဲ့ထားခဲ့ပြီး၊ အိမ်ဆိုင်အတွက် ရောင်းစရာကုန်လို့ ကျုပ်ဈေးသွား ဝယ်နေတုန်း လေ။ သားလေးက အပူကြီးပြီး တက်တာ။ ကျုပ်က ဈေးခြင်းတောင်းကြီး ရွက်ပြီး ဘတ်စ်ကားပေါ်က အဆင်း။ လမ်းထိပ်မှာ.. လမ်းထိပ်မှာ။ ဟိုးတလောက ဆုံးရှာတဲ့ မခင်လှလေ၊ အဒေါ်ရေ. အဒေါ့်မြေး တက်နေလို့ ဆိုတဲ့အသံလည်း ကြားလိုက်ရော၊ ကျုပ်ဘာကိုမှ မမြင်တော့ဘူး။ ဈေးတောင်း ရွက်ကြီး နဲ့ အိမ်ကိုပြေးတာ၊ မှောက်လျက်လဲပြီး ဒူးကြီးကွဲ သွားတာ၊ သွေးတွေရွှဲလို့။ ဒါပေမယ့် နာရ ကောင်းမှန်း မသိပေါင်တော်။ ဈေးခြင်းတောင်း မှောက်တာလည်း ကောက်ရကောင်းမှန်းမသိဘူး။ သားလေးဆီကို ကျုပ်အရောက် ပြေးချလာတာပဲ။

အဲ နေဦး ဖိုးအေကြီး၊ ဟိုနေ့ကိုကော၊ တော်မှတ်မိတယ် မဟုတ်လား၊ သားလေးက စကားဝူးတူးဝါး တား ပြောတတ်ခါစ၊ "ဖွား" လို့ စခေါ်တဲ့နေ့လေ။ အမယ်လေး ကျုပ်တို့နှစ် ယောက် ကြည်နူးလိုက် ကြတာ၊ နားထောင်လို့ မဝ နိုင်ပါဘူးတော်.... နော်၊ ကျုပ်လေ.. ဝမ်းသာလုံးဆို့ပြီး၊ အိပ်လို့တောင် မပျော်ဘူး။ သိလား။ အမယ်... တော့်ကို "ဖိုး" လို့ ခေါ်တတ် သွားတဲ့ နေ့ကလည်း တော်ပျော်ပြီး၊ ည အိပ်မပျော်ဘူး မဟုတ်လား။ ဖိုးအေကြီးရယ်... ကျုပ်မြေးလေးက ငယ်ငယ်လေး ကတည်းက သနားစရာ၊ ချစ်စရာပါတော်။ ကျုပ်မြေးလေး ဟာလေ... ကျုပ်မြေးလေးဟာ အပြစ်ကင်းပါတယ် တော်၊ အပြစ်ကင်း... ဟင့်၊ ဘာလဲဟင် ဘာလဲ၊ ဖိုးအေကြီး။ အို ဟုတ်ပဲ့တော်၊ ကျောက်ကျောအိုး ကြီး ပွက်ပွက်ဆူနေတာကို၊ ကျုပ်မေ့နေတာ။ အင်း.. ဟုတ်တယ်၊ ဟုတ်တယ်၊ တော်ပြောတာ။ ပျက် သွားလေး.. သားလေး မစားလိုက်ရဘဲ နေလိမ့်မယ်၊ ဟုတ်တယ်... သားလေး မစားလိုက်ရပဲ နေလိမ့်မယ်။ စိတ်ချ ဖိုးအေကြီးရေ့၊ မပျက်စေရဘူး။ မပျက်စေရဘူး။ ဟော.. ဒီမှာကြည့် ရပြီ။ ဟောဒီ လင်ပန်းလေး ထဲ လောင်းထည့်။ အအေးခံတာ ခဏလေးစောင့်၊ ခဏလေးပဲစောင့်။ အင်း.. စပွဲပေါ်မှာ တခါတည်း တင်ထားလိုက်မယ်။ ကျောက်ကျောဗန်း မ, ရအောင်၊ အဝတ်စုတ် လှမ်းစမ်း ပါဦး၊ ဖိုးအေကြီးရဲ့။

ကဲ....ရော့၊ ဟောဒီမှာ ကျောက်ကျောဗန်း။ ဟောဒီမှာ ဝက်သားလုံးကြော်ပန်းကန်။ ထမင်းကတော့ စားမယ်ဆိုမှ ခူးပေးလိုက်ရုံပဲ။ ကဲ.. အားလုံး အဆင်သင့် ဖြစ်ပါပြီတော်။ အားလုံးအဆင်သင့်။ အဲ... နေဦး၊ နေဦး ကျောက်ကျောစားဖို့ သူ့ခက်ရင်းလေး ချထားလိုက် ဦးမှ။ ဟင်... ဖိုးအေကြီး၊ ကျုပ်မြေးလေး ခက်ရင်းလေး သံချေးတွေ တက်လို့။ သူ ခက်ရင်းနဲ့ မစားတာ ကြာပြီလားဟင်။ ဖိုးအေကြီး၊ ကျုပ်.. ကျုပ်က..ကလေးကို ကျောက်ကျော လုပ်မကျွေးမိတာ ကြာပြီထင်ပါရဲ့ ဖိုးအေကြီးရယ်၊ နော်။ ဟုတ်လားဟင်၊ ဖိုးအေကြီး၊ ဟုတ်လား။

ဟင်... ဘာရယ်၊ ဖိုးအေကြီး၊ ကလေးပြန်လာရင် ပြောနေလိမ့်မယ်။ ကျုပ်ထမီ လဲထားဖို့လား၊ ခေါင်းက ဆံပင်တွေလည်း ရှုပ်ပွနေလား။ ဟုတ်တယ်၊ ဟုတ်တယ်။ ကလေးလေးကလေ သူ့အဘွား ကို သိပ်လှစေချင်တာနော်။ သနပ်ခါးတုံး မနိုင့်တနိုင်နဲ့ သွေးပြီး ကျုပ်ကို လာလိမ်းပေးရတာနဲ့။ နှုတ်ခမ်းနီ ဆိုးခိုင်းရတာနဲ့။ မျက်ခုံးမွေး ဆွဲခိုင်းရတာနဲ့။ မီးဖိုထဲ ကျုပ်အလုပ်ရှုပ်နေတုန်း ပြေးလာပြီး ကျုပ်ပါးအိုးမဲ ပေနေတာကို သုတ်ပေးရတာနဲ့။ အို ဖိုးအေကြီးရယ်... ကျုပ်မြေး အမောပြေလေးရဲ့ အလိုကျ နေမှာပေ့ါ။ ကဲ.. တော် ဒီမှာ စားပွဲကို စောင့်နေ၊ ကြောင်လာမယ်နော် သိလား။

ဖိုးအေကြီးရေ.. ဖိုးအေကြီး၊ ကျုပ် ဇင်းမယ်လုံချည် အစိမ်းလေး မတွေ့ပါလား။ ဘယ်သေတ္တာထဲ





မြင်မိတုန်း။ ကျုပ် ဟောဒီသေတ္တာ အောက်ဆုံးမှာ... သေချာထားတာတော့။ မှန်း... ဒီ စက္ကူအိတ်က ဘာလဲ။ ဩော်... တွေ့ပြီ.. ဖိုးအေကြီးရေ့ တွေ့ပြီ။ ဟင်... ကျုပ်ထမီကြားထဲက ဘာလဲ။ ကြည့်စမ်း... ကြည့်စမ်း၊ တော်တော် ညာဏ်သွားတဲ့ အဖိုးကြီး၊ ဟင် ကျုပ်မြေးဓါတ်ပုံတွေကို ဒီထဲမှာ လာဖွက်ထားတယ်။ ကျုပ်မှာဖြင့် ပျောက်လို့ လိုက်ရှာနေတာ။ တော်က ဘယ်အချိန်ကများ ကျုပ်ခေါင်းအုံးအောက်ကနေ ခိုးသွားရ တာတုန်း။ တော်တယောက်ထဲ ကြည့်ချင်တာပေ့ါလေ... တော်က.. ဘယ်ရမလဲ။

ဟီ ဟိ ဒီမှာကြည့်စမ်း ဖိုးအေကြီး။ ချစ်စရာကောင်းလိုက်တဲ့ သားလေးရယ်။ ဒီပုံက ခြောက်လသား မှာ ရိုက်ထားတာ။ ဝတုတ်ပြဲလေး။ ဟောဒီပုံက အခါလည် ကျော်ပြီ။ ဒါက သုံးနှစ်သား၊ ဖိုးအေကြီး ကြည့်ပါဦး၊ ဒီအင်္ကျီနဲ့ ဘောင်းဘီဝတ်စုံလေးကို၊ ဒီဝတ်စုံလေး ဝတ်ပေးနေတဲ့ အချိန်လေ၊ ဟိုခွေး တိရစ္ဆာန် ရောက်လာတာ မှတ်မိလား။ တော့်သမက်လေ တော့်သမက်။ မွေးကတည်းက ပျောက် သွားတဲ့ အကောင်က ခုမှ သူ့ကလေးတဲ့၊ သူ့သားတဲ့၊ ပြန်ခေါ်ဖို့ လာတာတဲ့။ ကျုပ်တို့က မပေးဘူး ဆိုတော့ ခဏလေး ချီဦးမယ်ဆိုပြီး သူခေါ်လာတဲ့ ကားပေါ်တင်ပြီး မောင်းပြေးတာလေ။ မိုက်ရိုင်းတဲ့ ကောင်။ အို သားလေးငိုသံ၊ ကျုပ်နားထဲ က မထွက်ပါဘူး။ ကျုပ်ဆီကို လက်ကလေး လှမ်းလှမ်း ပြီးတော့လေ။ တော်နဲ့ ကျုပ်နဲ့ ကားနောက်ကို အတင်း ပြေးလိုက်ကြတာလေ။ မမီတော့မှ အဖိုးကြီးနဲ့ အဖွားကြီး လမ်းမပေါ် ငိုကျန်နေခဲ့ရော။

အဲဒီတုန်းကတခါ ကျုပ်အူတွေ အသည်းတွေကို နှုတ်ယူသွားသလို ခံစားခဲ့ရတယ်နော်။ မြေးလေးကို ပြန်မရခင် နှစ်ညလုံးလုံး ရင်ဘတ်ကြီး စည်းပြီး ကျုပ်လေ အရူးမကြီးလိုပဲနော်.. ဟီဟီ။ မြေးလေး လွမ်းဖျားဖျားပြီ သင်းကို ဘယ်လိုမှ မခင်တော့မှ ဟိုကောင် တော့်သမက် ပြန်လာပို့တာလေ။ မှတ်မိတယ် မဟုတ်လား၊ ဟင်။ အိမ် ရှေ့က အသံလေး စကြားရတာလေ။ "ဘွား" ရေတဲ့။ "ဘိုးဘိုး" တဲ့။ တခါတည်း ဘွားအေ ရင်ခွင်ထဲမှာ မျက်နှာလေး ဖြည်းဖြည်းချင်း လန်းလန်းလာလိုက်တာ။ ဟောဒီ ဓါတ်ပုံထဲက အရွယ်မှာပေ့ါ။

အို... ဖိုးအေကြီး၊ ဘာလို့ ဆွဲလုရတာလဲ၊ ဓါတ်ပုံတွေကို။ ကျုပ်ကြည့်နေတယ်လေ။ ပေးစမ်း တော့်လက်ထဲက ဓါတ်ပုံတွေ။ ပေးလေ၊ ပေးနော်၊ မပေးရင် ကျုပ်ဓါးနဲ့ ခုတ်မှာ။ ပေး... ပေး။ အို ကြည့်စမ်း၊ ဒီပုံက သားလေး ခြောက်တန်းရောက်တဲ့နှစ်မှာ ရိုက်ထားတာ။ တကယ့် လူပျိုကြီး ကျနေတာပဲတော်။ ဖေါင်တိန်ကြီးကို အိတ်မှာ ချိတ်လို့။ လွယ်အိတ် အကြီးကြီးကိုလည်း လွယ်ထား လွယ်ထားလိုက်သေး။ ဒီပန်းပွါးတွေနဲ့ လွယ်အိတ်အစိမ်းကို လိုချင်လှချည်ရဲ့ ဆိုလို့ ကျုပ်မှာလေ ...

ဝယ်ပေးရတာ၊ ဒီလွယ်အိတ်ပေါ့… ဒီလွယ်အိတ်… ဒီလွယ်အိတ်။

တော်.. တော် မဟုတ်လားဟင်၊ အဖိုးကြီး။ ကျုပ်ဆီကို ရွှံ့တွေ၊ သဲတွေ၊ သွေးတွေ စေးကပ် ပေကျံနေတဲ့ လွယ်အိတ်ကို ယူပြေးလာတာလေ။ အဲဒီလွယ်အိတ်က ကျုပ်အူတွေ.. အသည်းတွေကို နှုတ်ယူလိုက်တာ၊ နှုတ်ယူလိုက်တာလေ။

သားလေးရေ။ သား၊ အဘွားရဲ့ မြေးလေးရေ၊ လူ့လောကမှာ မရှိတော့ဘူးတဲ့လား။ အို ဖယ်ပါ ဖိုးအေကြီးရဲ့၊ ကျုပ် အော်ပါရစေ။ ကျုပ်တို့ မြေးအဖွားဟာ နစ်ညပဲ ခွဲခဲ့ဖူးတာ.. တော်သိပါတယ် ဖိုးအေကြီးရဲ့။

ဘာ… ဘာ ပြောတယ်၊ ဖိုးအေကြီး မြေးလေးက မသေဘူး၊ ကျောင်းက ပြန်လာတော့ မယ်၊ ဟုတ်လား၊ တကယ်နော်… တကယ်၊ အို ဟုတ်တာပေါ့၊ သားလေးကျောင်းကအပြန် စားဖို့ ဒီမှာတွေ … ကျုပ်ကိုယ်တိုင် လုပ်ထားပြီးတော့၊ ဟင်း..ဟင်း.. မေ့တတ်လိုက်တဲ့ကျုပ်၊ ကျုပ်တို့ မြေးလေး မသေဘူးနော်။ ဖိုးအေကြီး၊ ကျောင်းသွားနေတာနော်… ဖိုးအေကြီး။ ဖွ.. ဖွ.. ကျောင်းကအပြန်မှာ ဘာကားမှလဲ တိုက်မသွားဘူးနော်။ ဟင့်အင်း… တိုက်မသွားပါဘူး။ သေချာပါတယ်။ ကျုပ်မှ မမြင်ရတာ။ ဒါ ကျုပ်မြေး ဘာမှ မဖြစ်လို့ပေါ့ ဖိုးအေကြီးရဲ့။

ဟော… မိုးတွေတောင် မှောင်လာပါပကောလား၊ ဖိုးအေကြီးရေ၊ တော့်ရဲ့ ထီးကောက်ကြီး မြန်မြန်ယူခဲ့။ မြေးလေးကို သွားကြိုရအောင်။ ကလေးပြန်လာတော့မယ်။ လာလေ…ဟောတော်.. ကြည့်စမ်း၊ ကျက်သရေမရှိတဲ့ ဒီမျက်ရည်တွေက ဘာဖြစ်လို့ ကျနေတာတုန်းလို့။ လာစမ်းပါ.. မြန်မြန်၊ သားလေးက ပြန်လာတော့မယ်… ဖိုးအေကြီးရဲ့။

နနရည် အင်းဝ။



# သူစိမ်းတွေကြားမှာ

## သူစိမ်းတွေကြားမှာ (၁)

ဒီနေ့ဆိုရင် ဂျူမုံတို့၊ ချန်ဂင်တို့၊ အွန်စော တို့ရဲ့ ရှေး ဂျိုဆောင် နယ်မြေ၊ "ကုန" လို့ သူတို့ အတိုကောက် ခေါ်တဲ့ (KNUA)၊ ကိုးရီးယား အနုပညာတက္ကသိုလ်ကို ရောက်တာ၊ ခုနစ်ရက်မြောက်တဲ့ နေ့ပေါ့။ အခု အခန်းထဲက breakfast စားတဲ့ နေရာကနေ လှမ်းကြည့် လိုက်ရင်၊ လက်တကမ်းမှာ စိမ်းမြနေတဲ့ သစ်ပင်အုပ်တွေကို လှမ်းမြင်နေရတယ်။ ၁၉၉၃ ခုနှစ်ကမှ စပြီး တည်ထောင်ခဲ့တဲ့ တက္ကသိုလ်တဲ့။ အရာရာမှာ ပြီးပြည့်စုံပြီး နိုင်ငံရဲ့ နံမည်အကြီးဆုံး အနုပညာတက္ကသိုလ်တဲ့။ ဒီလောက်အချိန်လေး အတွင်းမှာ တက္ကသိုလ်ဟာ စိမ်းမြနေတဲ့ တောအုပ် ထဲမှာ၊ တောအုပ်ထဲမှာ။ ရင်ထဲမှာ နာကျင်ရပြန်ပြီ။ စိန်ရတုကျော်လွန်ခဲ့တဲ့ ကျွန်မတို့ ရန်ကုန် တက္ကသိုလ်က စိမ်းမြတဲ့ ကံ့ကော်တော ကတော့ မရှိတော့ဖူးနော် ။ မေ(၃)ရက် မနက်ခင်းကို မစဉ်းစားပါရစေနဲ့။ ကြောက်မက်ဖွယ် လေချွန်သံ၊ တခါမှ မမြင်ဖူးခဲ့တဲ့ တုန်လှုပ်ဖွယ် သစ်ပင်တွေရဲ့ ယိမ်းနွဲ့မှု။ ဘယ်တော့မှ မကြားချင်တော့တဲ့ သွပ်ပြားချင်း ရိုက်ခတ်သံ၊ လူများစွာရဲ့ အထိတ်တလန့် အော်ဟစ်သံ၊ ကလေးတွေရဲ့ သနားစဖွယ် ငိုကြွေးသံ။ နာကျင်စရာတွေ များစွာ ၊ များစွာ ၊ များစွာ ။

ကျွန်မ နေထိုင်ရာ တက္ကသိုလ် ဆရာများရဲ့ အခန်းလေးက နဲနဲ လေဝင်သက်သာတဲ့ မီးဖိုခန်း လေးထဲမှာ၊ ကျွန်မတို့ နှစ်ယောက်၊ ည ဆယ့်နှစ်နာရီကနေ၊ နောက်နေ့ ဆယ်နှစ်နာရီထိ "ပု" နေခဲ့ရတာ။ အမှောင်ထုကြီးထဲမှာ၊ လက်နှိပ်ဓါတ်မီးလေး တလက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်းပေါ့။

မနက်လင်းအားကြီးမှာ ကြောက်စရာ အသံကြီး တသံနဲ့အတူ၊ ကျွန်မတို့ အဆောက်အဦကြီး ပြိုကျပြီလို့ ထင်လိုက်တာ။ "တိုက်ပြိုပြီ"လို့ ကျွန်မ အော်လိုက်မိတယ်။ ကျွန်မ ခင်ပွန်းက "သတိထား

မကြောက်နဲ့” တဲ့။ ပြီးတော့ လင်းရောင် ပျပျမှာ အရိပ်မဲကြီးတခု ကျွန်မတို့ကို ဖုံးလွှမ်းသွားသလိုပဲ။

ကျွန်မတို့ အဆောက်အဦးရဲ့ အမိုးကြီး အချပ်လိုက် ကွာကျလာတာ။ ကြီးမားလှတဲ့ အဲဒီ အမိုးကြီးက ကျောင်းဆရာတွေရဲ့ ကားစုတ်ကလေးတွေပေါ်ကို ရိုက်ခတ် ဖုံးအုပ် လိုက်တော့တာ။

အမိုးမရှိတော့တဲ့ အပေါ်ဆုံးထပ်က အခန်းတွေထဲကို မိုးတွေ လေတွေ၊ ဒလဟော ဝင်လာခဲ့တာပေါ့။ အသက်လုပြီး အောက်ထပ်အခန်းတွေကို ဆင်းပြေးကြရတဲ့ ပါမောက္ခတွေ၊ ကထိကတွေ၊ မိသားစုတွေ။

၁၁” x ၄၅” အကျယ်အဝန်းရှိတဲ့ အခန်းရှည်မျောမျောလေးတွေနဲ့ ဖွဲ့စည်းထားတဲ့ တက္ကသိုလ်ဆရာများရဲ့ လေးထပ်တိုက်အဆောက်အဦး နီနီတွေကို တခုသော စာပေဟော ပြောပွဲကအပြန် အကိုကြီး ကိုသုမောင်က အထုပ်ဆွဲ လိုက်ပို့ရင်း “ဒါတက္ကသိုလ် ဆရာများရိပ်သာလား.... ရေခဲ တိုက်တွေနဲ့တူတယ်” လို့ နောက်ပြောင်ခဲ့ဖူးတယ်။ ရယ်မောရင်း၊ နှုတ်လုပ်ထိုးရင်းက ဝမ်းနည်း နာကျင်ခဲ့ဖူးတယ်။

ဘယ်တော့မှ မေ့လို့ရမှာမဟုတ်တဲ့ ဒီအိပ်မက်ဆိုး မုန်တိုင်းကြီးနဲ့အတူ တကိုယ်ကောင်းဆန်သူ တွေ၊ စွန့်လွှတ်အနစ်နာခံသူတွေ၊ လူလူချင်း စာနာထောက်ထားမှု ဆိုတာကို အံ့သြစရာ ကောင်းလောက်အောင် မျက်ကွယ်ပြုနိုင်သူတွေ၊ ရှိသမျှလေးကို ခွဲဝေကျွေးပြီး ရိုင်းပင်းကူညီကြသူ တွေကို ကျွန်မ တွေ့ခဲ့ရတယ်။

နာဂစ်ကပြောပြတဲ့ ရင်နာစရာ ဇာတ်လမ်းပေါင်းများစွာ၊ တထောင့်တညကို ဘယ်လို များ ရေးရက်ပါ့မလဲ။ နားတောင်မှ မထောင်ရဲခဲ့ဘူး။ တွံတေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ သွားလမ်းမကြီးဝဲယာက လူတန်းရှည်ကြီးတွေ၊ ကျွန်မတို့ မြန်မာတွေ၊ ကျွန်မတို့ လူမျိုးတွေ၊ ဒုက္ခသည်ချင်းအတူတူ၊ ရှိသမျှလေးထဲက ခွဲဝေကျွေးနိုင်တာ၊ မရှိတဲ့ ကြားထဲက လှူဒါန်းရဲတာလည်း ကျွန်မတို့ လူမျိုးတွေပါ။

ကျွန်မတို့ ရင်ထဲမှာ ရှိနေနိုင်သေးတဲ့ ဒီစိတ်ဓာတ် ကလေးဟာ မြန်မာဆိုတာ ရှိနေသေးသရွေ့ ရှိနေနိုင်ပါရစေ၊ ဘယ်တော့မှ ပျောက်ကွယ် မသွားရပါစေနဲ့။ ရေနစ်သူတွေကို ဝါးကူထိုးခဲ့တဲ့ နာဂစ်ရေ၊ တို့ တိုင်းပြည်လေးကို ဘယ်တော့မှ ပြန်မလာပါနဲ့တော့နော် ။

နောက်ဆံတငင်ငင်နဲ့ ထွက်လာရတဲ့ ဒီခရီးဟာ တကယ်တော့ ကျွန်မကို ဖိတ်တဲ့ရက် ထက် ဆယ်ရက်ကျော် နောက်ကျနေခဲ့ပါပြီ။ e-mail ဘယ်တော့မှ မသုံးတဲ့ ကျွန်မ ချစ်သူငယ်ချင်း





ကိုးရီးယားကဗျာဆရာဟာ သိပ် စိတ်ပူနေရှာပါပြီ။ အနုပညာသမားတို့ရဲ့ အမူအကျင့် အားလုံးရှိတဲ့ ကျွန်မသူငယ်ချင်းဟာ သူတို့နိုင်ငံရဲ့ နံမည်အကြီးဆုံး ဒီအနုပညာတက္ကသိုလ်ရဲ့ (President) ပါ။ ပါမောက္ခချုပ်ကြီးပေါ့လေ ။ အံ့သြစရာ မကောင်းဘူးလား။ “မင်း ဒီလိုနေရာမှာ ရှိနေတာ ငါဘယ်လိုမှ စဉ်းစားလို့ မရဘူး” လို့ ကျွန်မက ပြောတော့ သူလည်း ဘယ်လုပ်ချင်ပါ့မလဲတဲ့။ ဒါပေမယ့် အနုပညာ တက္ကသိုလ်ရဲ့ (Prisedent) ဟာ နိုင်ငံကျော် အနုပညာရှင်တယောက်ပဲ ဖြစ်သင့်တယ် ဆိုပြီး သမတက တာဝန်ပေးအပ်ခြင်းကို ခံရတာတဲ့လေ။ "မင်းသိသားပဲ၊ ငါ ကဗျာပဲ ရေးချင်တာ၊ တာဝန်တွေနဲ့ မနေချင်ပါဘူး၊ ငါရတဲ့ လစာဝမ် သိန်းသုံးရာကျော် မမက်ဖူး" တဲ့။

ကျွန်မနဲ့ သူနဲ့က ၂၀၀၀ပြည့်နှစ်၊ IWPI, U.S မှာ၊ အိုင်အိုဝါ IOWA တက္ကသိုလ်မှာ ပေါ့။ အဲဒီမှာ ဆုံကြပြီး ရင်းနှီးခင်မင်ခဲ့ကြတာပေါ့။ နိုင်ငံတကာ စာရေးဆရာ၊ ကဗျာဆရာ၊ ပြဇာတ်ဆရာတွေ ဆယ့်ခွန်နှစ်ယာက်မှာ ထုံးစံအတိုင်း တူရာ၊ တူရာ တွဲကြတော့ ကျွန်မရယ်၊ အမျိုးသမီးသတင်းစာ ဆရာမ ဗီယက်နမ်မလေးရယ်၊ ကိုးရီးယား ကဗျာဆရာရယ်၊ အိန္ဒိယ ပြဇာတ်ဆရာရယ် တွဲမိကြပြီး၊ မောင်နှမတွေလို ဖြစ်သွားကြတော့တာ။

အိုင်အိုဝါက (Hawkeye) အဆောင်မှာ မထော်မနမ်းတွေ ဖြစ်နေကျ။ ကျွန်မနဲ့ ဗီယက်နမ်မလေး ဗိုသီဟိုတို့ ကို ကိုးရီးယားသူငယ်ချင်း ဟွမ် (Hwong) က အမြဲအကူအညီ ပေးခဲ့တာ။ တောကတက်လာတဲ့ ကျွန်မတို့ နှစ်ယောက်ဟာ (911) ရဲ့ ဖုံးနံပါတ်ကို မှားနှိပ်လို့ ရဲရောက်လာတာလည်း ရှိတယ်။ အခန်းထဲမှာ အာရှဟင်းတွေ ချက်မိလို့ Smoke Alarm ထမြည် တာလည်း အကြိမ်ကြိမ်။

တကယ်တော့ e-mail ဆိုတာကို ဘယ်လိုဟာလဲ ဆိုတာ ကျွန်မနဲ့ “ဟို” ကို သင်ပေးခဲ့သူဟာ KNUA ပါမောက္ခချုပ်ကြီးပေါ့။ ဒါပေမယ့် အထင်တော့ မကြီးလိုက်ပါနဲ့။ အိုင်အိုဝါ တက္ကသိုလ်စာကြည့်တိုက် အပေါ်ထပ်မှာ အလုပ်လုပ်နေတဲ့ သူ့သူငယ်ချင်း ကိုးရီးယားတယောက်ကို သွားခေါ်လာပြီး သင်ပေးခဲ့တာပါ။ သူကတော့ ခုချိန်ထိ၊ e-mail လိပ်စာ ရှိပေမယ့် ဘယ်တော့မှ မသုံး။ အိုင်အိုဝါ တက္ကသိုလ်တခွင်မှာ သူဝါသနာပါတဲ့ ဓာတ်ပုံ ရိုက်တဲ့အလုပ်ကို လုပ်ဖို့ ကင်မရာကြီးတလွယ်လွယ်နဲ့ လျှောက်သွားနေတာ။ ကျွန်မနဲ့ “ဟို” က ဓာတ်ပုံမော်ဒယ်တွေပေါ့။ လွမ်းစရာပါ။ ဒါတွေဟာ လွန်ခဲ့တဲ့ ရှစ်နှစ်ကပေါ့လေ၊ ကျွန်မတို့ သူငယ်ချင်းနှစ်ယောက် ဒီလို ပြန်ဆုံကြလိမ့်မယ်လို့လည်း တခါမှ မတွေးခဲ့မိပါဘူး။

ချစ်သူငယ်ချင်း စီစဉ်ထားတဲ့ ကျွန်မအခန်းဟာ (KNUA) ရဲ့ အဆောင် မြေညီထပ်မှာ ပါပဲ။ ဒါပေမယ့်

အခန်းကို တွေ့တာနဲ့ ကျွန်မ သိပ်အံ့သြသွားမိတာပဲ။ အခန်းက အကျယ်ကြီး၊ ကျွန်မစိတ်ထင် ပေအစိတ်ပတ်လည်လောက် ရှိမယ်။ အခန်းထဲမှာ မီးဖိုချောင်လေးလည်း ပါတယ်။ အိုးခွက်ပန်းကန် အပြည့်အစုံ၊ လျှပ်စစ်ရေနွေးအိုး၊ မိုက်ကရိုဝေ့ဖ်၊ ရေခဲသေတ္တာ၊ နှစ်လုံးတွဲ ဂက်စ်မီးဖို၊ တကယ့်ကို လိုလေသေးမရှိတဲ့ မီးဖိုချောင်လေးပဲ။ ကွန်ပြူတာ၊ တယ်လီဖုံး၊ တီဗွီ၊ ဒီဗွီဒီစက်၊ အဲယားကွန်း၊ ရေချိုးခန်းထဲမှာ သီးသန့်အခန်းလေးနဲ့ အဝတ်လျှော်စက်လည်း ရှိတယ်။ စတိုခန်းလေးတောင် ပါလိုက်သေးတယ်။ အဲဒီထဲလေးမှာ စောင်အပို၊ ခေါင်းအုံးအပိုတွေနဲ့ ဖုံစုတ်စက်ကလေး ရှိတယ်။ အခန်းထဲစီးဖို့ ဖိနပ်နှစ်ရံတောင် အဆင်သင့် ရှိပြီးသား။ ဆောင်းတွင်းအတွက် အနွေးဓာတ်ပေးတဲ့ Heater လည်း ရှိတယ်။ စက်မှုထွန်းကားတဲ့ နိုင်ငံမို့လား မပြောတတ်ပါဖူး ။

ကျွန်မသွားခဲ့ဖူးတဲ့ နိုင်ငံတကာ အစီအစဉ်တွေမှာ နေခဲ့ဖူးတဲ့ အခန်းတွေထဲမှာ ဒီလောက်ကောင်း တာမျိုး မတွေ့ခဲ့ဖူးဘူး။ ကျွန်မ သူငယ်ချင်းက ကျွန်မမို့လို့ စီစဉ်ပေးတာ မဟုတ်ဖူး။ တက္ကသိုလ် အဆောင်ရဲ့ မြေညီထပ်မှာ ဒီလိုအခန်းမျိုး ခွန်နှစ်ခန်းခန့် ရှိတယ်။ နိုင်ငံတကာက ဖိတ်ကြားထားတဲ့ အနုပညာရှင်၊ အနုပညာနဲ့ ပါတ်သက်တဲ့ ပညာရှင်တွေ အတွက် သီးသန့် အထူးခန်းတဲ့။

အဆောင်အပေါ်ထပ်က အခန်းတွေမှာတော့ နိုင်ငံတကာက ကျောင်းသားကျောင်းသူ တွေရဲ့ လေးယောက်ခန်းလေးတွေ ရှိတယ်။ သူတို့ကတော့ အဆောင်လခ၊ တလ ဒေါ်လာ (၁၅၀) ပေးနေရ တယ်။ ဒါတောင်မှ နေချင်တဲ့သူတိုင်း နေလို့ မရဖူး၊ စာမေးပွဲရမှတ် (၉၀) ကျော်တဲ့ သူမှ နေခွင့်ရတာ တဲ့။ အဆောင်မှာ နှစ်ဆယ့်လေးနာရီ ဖွင့်ပေးထားတဲ့ စက်ထဲကနေ ကော်ဖီတို့၊ ခေါက်ဆွဲပြုတ်တို့ကို ဝယ်လို့ရတယ်။ ချက်စားချင်ရင်လည်း ကျောင်းသား ကျောင်းသူတွေအတွက် ဘုံမီးဖိုခန်း ရှိတယ်။ ဘုံအဝတ်လျှော်စက်တွေလည်း ရှိတာပေ့ါ။ အားလုံးဟာ လွတ်လွတ်လပ်လပ်ပေမဲ့ စည်းကမ်းတော့ ရှိတယ်။ အဆောင်အဝင်အထွက် တံခါးကို လက်ဗွေနဲ့ ဖွင့်မှ ဝင်လို့ရတယ်။ ညနှစ်နာရီဆို တံခါးကို လုံးဝမဖွင့်ပေးတော့ဖူး။ အဆောင်ရုံးခန်းနဲ့ နှစ်ဆယ့်လေးနာရီ အစောင့်လည်း ရှိတယ်။

အဆောင်ရုံးခန်းရှေ့မှာ တက္ကသိုလ်ရဲ့ လှုပ်ရှားမှု ဂျာနယ်၊ မဂ္ဂဇင်းတွေ၊ အပတ်စဉ်ထုတ်၊ လစဉ်ထုတ် တွေကို တွေ့တော့ ကျွန်မကောက်ကြည့်မိတယ်။ ဒါပေမယ့် အရုပ်ကြည့်ရုံပဲ၊ အားလုံးဟာ ကိုးရီးယား စာတွေနဲ့လေ ။

ကျွန်မသူငယ်ချင်းရဲ့ ဒီ (KNUA) "ကုန" မှာလည်း အနုပညာဆိုင်ရာ ဘာသာရပ်များအားလုံး ကို ကိုးရီးယားလိုပဲ သင်တယ်။ ဒီတက္ကသိုလကို တက်ချင်ရင် ဝင်ခွင့်ရလို့ ရောက်လာရင်တောင် ကိုးရီးယားစကားကို ခြောက်လ အပြင်းအထန် သင်ရတယ်။ ပြီးရင် ဝင်ခွင့်စာမေးပွဲကို ကိုးရီးယားလို ဖြေရသတဲ့။ အဲဒီ စာမေးပွဲအောင်မှ ဆက်တက်ခွင့် ရတာတဲ့၊ ကျရင်တော့ ပြန်ပေတော့ပေ့ါ။ အဲဒီတခုကတော့ ဘယ်လိုပြောရမလဲ မသိပါဖူး၊ ဂျပန်လည်း အဲဒီလိုပဲလေ၊ ကိုယ့်ဘာသာစကားကို ပြန့်ပွါးအောင် မြှင့်တင်ကြတဲ့ သဘောပေ့ါ။ မြှင့်တင်နိုင်ကြလို့လည်း မြှင့်တင်ကြတာပါ။ ကိုယ့်နိုင်ငံကို တခြား နိုင်ငံတကာက အထင်ကြီးပြီကိုး။ ဒီနိုင်ငံမှာ ကျောင်းတက်ချင်ကြပြီ၊ ဒီနိုင်ငံမှာ အလုပ်လုပ်ချင်ကြပြီ၊ ဒီနိုင်ငံမှာ Training ဆင်းချင်ကြပြီ ဆိုမှတော့ လုပ်လို့ ရပြီလေ။ တို့ဘာသာစကားနဲ့ပဲ သင်ပေးနိုင်မယ်ပေ့ါ။

ကျွန်မတို့ အစီအစဉ်မှာတောင်မှ ကိုးရီးယားဘာသာစကား အပျော်ထမ်းသင်ကြားရေး ပါသေးတယ်။ သူငယ်ချင်းကိုတောင် ပြောရသေးတယ်။ "အညာဆေးရိုး" တို့၊ "ဂန်ဆန်းမိဿာ" တို့၊ "မီဟာနယ်" တို့လောက်တော့ ငါရတယ်လို့။ တကယ်တော့ သူတို့ ဘာသာစကားဟာ အကောင်းဆုံး၊ အထိရောက်ဆုံးသော စည်းရုံးရေးလမ်းကြောင်းဖြစ်တဲ့ ကိုးရီးယားရုပ်ရှင် တွေက တဆင့် နိုင်ငံတကာကို ရောက်ပြီးသားပါ။ ကျွန်မတို့ဆီမှ ဆယ်ကျော်သက်ကစပြီး လူငယ်လူရွယ် တော်တော်များများဟာ ကိုးရီးယားရုပ်ရှင် ဇာတ်လမ်းတွဲတွေကြောင့် ကိုးရီးယားစကားကို အတော်အသင့် နားလည်နေကြတာပဲ။ ကိုးရီးယားမင်းသား မင်းသမီးတွေ ကို အရူးအမူး ဖြစ်နေတဲ့ ဆယ်ကျော်သက်တွေ အများကြီး၊ လူကြီးပိုင်းတွေလည်း ဇာတ်လမ်းတွေ ကို အရူးအမူး ဖြစ်ကြတာပဲ။ တကယ်လည်း သူတို့ကောင်းပါတယ်။ ကျွန်မ ဝန်ခံရမှာပါ။ ရုပ်ရှင် crazy ကျွန်မတယောက် ဘယ်တုန်းကမှ ခေါင်းထဲ မရှိခဲ့ဖူးတဲ့ ကိုးရီးယားရုပ်ရှင်ဆိုတာကို စပြီး ကြည့်မိတဲ့အခါ အံ့အားသင့်ခဲ့ရတယ်။ နိုင်ငံတကာကို ထိုးဖောက်နိုင်ခဲ့ပြီပဲလေ။ အားကျ အတုယူစရာတွေပါပဲ။ ဒီမှာ ဥပဒေပါရဂူဘွဲ့ လာတက်နေတဲ့ ညီမငယ် မီမီလေးက မေးရှာတယ်။ ကျွန်မကို ပါတီတခုမှာ ကိုးရီးယားပါမောက္ခ ဆရာမကြီးတယောက်က ပြောတယ်။ (၁၉၅၈-၅၉) ခုနှစ်တွေတုန်းက ကိုးရီးယားတွေက မြန်မာပြည်ကို Traning လာဆင်းရတာတဲ့။ ဟုတ်လား ဟင် မမ လို့ မေးရှာတယ်။ ကျွန်မ မသိနိုင်ဖူးလေ၊ ကျွန်မ တနှစ်သမီးအရွယ်က၊ လွန်လေပြီး သော ကာလက အဖြစ်အပျက်တွေကိုး။

ကျွန်မရဲ့ သက်ပြင်းချသံကို အိပ်ရာဘေးမှာ ထောင်ထားတဲ့ ဓာတ်ပုံလေးထဲက မြေးအဖိုးနှစ်ယောက် ကြားသွားတယ် ထင်ပါရဲ့။ ပြုံးစပ်စပ်နဲ့ မြေးကလေးက ဘာဖြစ်လို့လည်း အဖွားတဲ့။ မြေးကလေးရေ တီးမစ်ထုပ်တွေ မေ့လာခဲ့လို့ အဖွားသိပ်မကြိုက်တဲ့ ကော်ဖီကို အင်တာနက်က မြန်မာသီချင်းသံ လေးနဲ့ မျှောချနေရတယ်။ မနက်တိုင် သောက်နေကျ အဖိုးဖျော်တဲ့ အိမ်လက်ဘက်ရည်ကို လွမ်းလိုက်တာ။

“အဖော်မပါဘဲနဲ့ကွယ် ပင်လယ်ဖြတ် ကမ္ဘာကိုပတ်ကာ သွားတတ်သူရယ်” တဲ့။ ချစ်တဲ့သူ အမြဲဆိုတတ်တဲ့ သီချင်းလေးပေါ့။ ဟုတ်ပါရဲ့လေ၊ ကျွန်မက ခဏခဏ ခွဲခွဲ သွားတတ်သူကို။ ဘယ်နေရာသွားသွား၊ တပါတ်နေရင် အိမ်ပြန်ချင်တဲ့ ကျွန်မအကြောင်း ကို သိတဲ့ သူက မှာတော့ မှာလိုက်ရှာပါတယ်။ “you are not child” တဲ့။ ကလေးမဆန်ပါနဲ့တဲ့။ ကလေးမဟုတ်ဖူးတဲ့။ ခက်တာပဲ။ ကျွန်မက မနေ့ကတောင် ချစ်သူငယ်ချင်း(our president) ကို ဈေးဆစ်ကြည့်ပြီးပြီ။ ကဗျာဆရာကနားလည်စွာ တဟားဟား ရယ်ပေမယ့်.. မရဖူးတဲ့။ ကျွန်မ ခြောက်လကြီးတောင် ဒီမှာနေရမှာ။

မြေးကလေးရေ.... ကြည့်နေရင်းက မိုးရွာလာပြန်ပြီ။

ကျွန်မ ဒီကိုရောက်ရောက်ချင်း သိတာနဲ့ ပြေးလာရှာတဲ့၊ မွေးစားသား “ဘောကျော်ကလေး” က မနေ့ညက ကျွန်မဓါတ်ပုံတွေကို e-mail ကနေ ပို့ပေးရှာတာ သီချင်းလေးတပုဒ်ပါ၊ ပါလာတယ်လေ။ အာဇာနည်ရဲ့ သီချင်းလေးက၊ ကောင်းလိုက်တာ၊ ဒီသီချင်းလေးကို ကျွန်မ မကြားခဲ့ဖူးပါလား။
" သူစိမ်းတွေကြားမှာ လှုပ်ရှားရင်းပဲသာ ဒို့နှစ်ဦး ရည်မှန်းတာ မျှော်လင့်ဆဲပါ"

"..ပြန်ဆုံနိုင်မဲ့.. နေ့ရက်လေးတွေ မရောက်သေးခင်..."

"..လွမ်းရက်တွေကို တဖြည်းဖြည်းနဲ့... ဖြတ်ကျော်မှာ..." တဲ့။

## သူစိမ်းတွေကြားမှာ (၂)

“ခုန္ဒာ (KNUA)” ရဲ့ ညနေခင်းဟာ ဒီလိုကျတော့လည်း မိုးလေဝသကင်းရှင်းပြီး သာတောင့်သာယာရှိနေပြန်ရော။ မနေ့က တနေ့လုံး မိုးတွေအုံ့မဲပြီး ရွာနေခဲ့တာ။ ဒီနေ့ကျတော့ အုံ့ပြက်ပြက်ကလေးနဲ့၊ ညနေကျတော့ နေရောင်တွေ ဝင်းပလာရော။ ဒီအချိန် ဟာ ကိုးရီးယား နွေရာသီချိန်ပေါ့။ သူတို့မှာ ရာသီလေးမျိုး ရှိတယ်တဲ့။ နွေဦးရယ်၊ နွေရာသီရယ်၊ ဆောင်းဦးရယ်၊ ဆောင်းရာသီရယ် (Spring, Summer, Autum, Winter) ပေါ့။ မတ်၊ ဧပြီ၊ မေက နွေဦး၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်က နွေရာသီ။ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာက ဆောင်းဦး၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီက ဆောင်းရာသီပေါ့။ အနောက်နိုင်ငံရဲ့ ရာသီနဲ့ အတူတူပဲပေါ့လေ။ အနောက်နိုင်ငံတွေရဲ့ ကျွန်မအကြိုက်ဆုံး ရာသီဟာ Fall ခေါ်တဲ့ ဆောင်းဦးရာသီပဲ။ သစ်ရွက်ကလေးတွေ ကြွေခါနီး အရောင်ပြောင်းတဲ့ အချိန်ပေါ့။ တတောလုံး၊ တတောင်လုံး သစ်ရွက်ရောင်စုံနဲ့ ဖုံးလွှမ်းပြီး ကြည့်လို့ကိုမဝနိုင်အောင်ပဲ။ ဒီမှာလည်း အောက်တိုဘာကျရင် အဲလိုပဲ သစ်ရွက်ကလေးတွေ အရောင်ပြောင်းသတဲ့။ တောအုပ်ကလေးထဲက KNUA လည်း အဲဒီအချိန်ကျရင် သိပ်လှမယ် ထင်တယ် ။

သူတို့ နွေရာသီမှာ ဩဂုတ်လဟာ အပူဆုံးလလို့ ပြောပေမဲ့ အခု ဇွန်လမှာထဲက သူတို့တွေကိုကြည့်ရတာ တော်တော်ပူနေကြပြီ။ အခုလို နေကလေးသာတာနဲ့ အပါးဆုံး၊ အပေါ့ဆုံး၊ အတိုဆုံး ဝတ်စုံတွေနဲ့ အပြင်ကို ထွက်လာကြတော့တာပဲ။ လက်ထဲမှာလည်း ရေပုလင်းတွေ၊ ရေခဲချောင်းတွေ ကိုယ်စီနဲ့။ တကယ်တော့.... သူတို့မှာက သိပ်အေးတဲ့ အချိန်ပဲ များတာကိုး။ ခြောက်လလောက်က အပြင်ထွက်ရင် သူတို့ကိုယ်သူတို့ ထူပေ့၊ နွေးပေ့ဆိုတဲ့ အဝတ်တွေနဲ့ ကြပ်စည်းသလို ထုပ်ပိုးထားကြရတာတဲ့လေ။

သူတို့က ပူနေပေမဲ့ မြန်မာပြည်က ကျွန်မအတွက်တော့ နေလို့ထိုင်လို့ ကောင်းရုံပဲ။ ညနေခင်းလေကလေးက အေးစိမ့်စိမ့်လေးနဲ့ ရှပ်အင်္ကျီလက်ရှည်လေး ဝတ်ထားတာတောင် ချွေးမထွက်ဖူး။ ညကျရင်လည်း အခန်းထဲမှာ အဲယားကွန်းဖွင့်ဖို့ ဝေးလို့ ကျွန်မမှာ စောင်ခြုံရသေး တယ်။ သူတို့ကတော့ နေရာအနှံ့မှာ လျှပ်စစ်က ပေါပေါနဲ့ အဲယားကွန်းတွေ သိပ်ဖွင့်ကြတာပဲ။ “ထိုင်း” လိုပဲ၊ ထိုင်းမှာလည်း ဘယ်နေရာသွားသွား၊ အဲယားကွန်းတွေကို အေးစိမ့်နေအောင် ဖွင့်ထားကြတာ၊ အဲယားကွန်း ခန်းထဲကနေ အပြင်ထွက်တာနဲ့ ဖျန်းကနဲ ပူသွားတာကြီးကို.. ကျွန်မ လုံးဝမကြိုက်ဖူး။ ချင်းမိုင်မှာ အဲဒီ အေးလိုက်၊ ပူလိုက်ကြောင့် လည်ချောင်းတွေနာပြီး တအားဖျားဖူး ပြီးကတည်းက အဲယားကွန်းကို ကျွန်မ သိပ်ကြောက်သွားတာ။

ကျွန်မတို့ “ခုန္ဒာ” ရဲ့ ကျောင်းနောက်ပေါက်ကို ထွက်တဲ့ ဖြတ်လမ်းကလေးဟာ ကျွန်မ အခန်းဘေးမှာဆိုတော့ လမ်းလျှောက်သူများကို မှန်ချပ်ကြီးတွေနောက်ကနေ အမြဲမြင်နေရတတ်တယ်။ ခန်းဆီးတွေ ဖွင့်ပြီး ကျွန်မ မနက်စာ စားတဲ့အချိန်ဆိုရင် သူတို့နဲ့အမြဲလက်ပြ နှုတ်ဆက်နေကျပေါ့။ ကျောင်းသားကျောင်းသူတွေရော၊ အပြင်လူတွေရော၊ မျက်နှာနေကာတဲ့ ဦးထုပ်တခြမ်းလေးတွေကိုယ်စီနဲ့။ အသက်ကြီးတဲ့ အုပ်စု၊ အသက်ငယ်တဲ့အုပ်စု၊ အားလုံးဟာ ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါးနဲ့၊ အော် ကံကောင်းသူတွေ.. ပျော်ပါစေလေ။

ကျွန်မတို့တောင်သူတို့ကိုအားကျပြီး၊ မိုးမရွာတဲ့ညနေတိုင်း၊ လမ်းလျှောက်ထွက်ကြတယ်။ များသောအားဖြင့်က ကျွန်မနဲ့ တခန်းကျော်က နီပေါသူ ပန်းချီဆရာမလေး “အယ်ရီနာ” နဲ့။

ချစ်စရာကောင်းတဲ့ အယ်ရီနာက သူ့ရဲ့ ငါးနှစ်သားလေးကို အရမ်းလွမ်းတဲ့ အကြောင်းကို တတွတ်တွတ်ပြောရင်း အမေးအမြန်းကလည်း ထူသေးတယ်။ ကိုးရီးယားရဲ့ ခေတ်မီတိုးတက်မှု အငွေ့အသက်တွေကို အားကျခံစားရင်းက သက်ပြင်းက ချပြီ ။ ပြီးတာနဲ့

"နန .. ကြည့်ပါအုန်း၊ မီးတွေက ထိန်လင်းနေတာပဲ၊ ရောင်စုံ မီးတွေနဲ့ .. ပန်းချီကားလိုပဲ၊ နီပေါမှာလေ.. တပါတ်ကို သုံးရက်ပဲ မီးလာတာ.." တဲ့။

"မြေအောက်ရထားက သိပ်မြန်တာပဲနော်၊ သိပ်ကောင်းတာပဲ၊ နီပေါမှာ မရှိဖူး.." တို့တွေကို ပြောပြီးရင်၊ ကျွန်မကို မေးရော။ ကျွန်မက ရူးသလို၊ ပေါသလို လုပ်နေရင်၊ မကျေမနပ်နဲ့ ကျွန်မမျက်နှာကို သေချာလိုက်ကြည့်ရင်း၊ ရယ်မောတတ်တယ်။ သူကချည်းပဲ မေးလွန်းလို့ တခါဟာတော့ ကျွန်မက သူတို့ နိုင်ငံကူးလက်မှတ် (Passport) အကြောင်း မေးလိုက်မိတယ်။

"အယ်ရီနာ.. မင်း Passport သက်တမ်း ဘယ်နှစ်ခုနှစ်ထိ ရှိလဲ.. "

"2018 ထိလေ၊ ငါ.. ကိုးရီးယားလာခါနီးမှ သက်တမ်းတိုးလာတာ.."

"ဘာ... 2018.. ဟုတ်လား..."

"ဟုတ်တယ်လေ၊ ငါတို့ သက်တမ်းက (၁၀) နှစ်လေ..."

"ဟုတ်လို့လား"
သူက ဆက်ပြီး ကုလားသံဝဲဝဲနဲ့..

" Passport " ကတော့ ဘဲရီး အီးချီး၊ တရက်ထဲနဲ့ ရတယ်တဲ့။ ကျွန်မက "ငါမယုံဖူး" လို့ ပြောတော့ လမ်းမကြီးမှာ သူ့အိတ်ထဲက သူ့ Passport ကို ဖွတ်အတင်း လိုက်ပြတတ်သေးတယ်။

ကျွန်မတို့ ကျောင်းနောက်ပေါက်က ထွက်ပြီး ဆယ်မိနစ်လောက် လျှောက်လိုက်ရင်၊ လမ်းမကြီးရဲ့ တဖက်ခြမ်းမှာ လှည်းတန်းဈေးလို ဈေးကလေးတဈေး ရှိတယ်။ ဈေးကလေးပေမဲ့ လိုတာအကုန် ရနိုင်တဲ့ ဈေးကလေး၊ ကျောင်းသားဈေးကလေးပေါ့လေ။ ချင်းမိုင် တက္ကသိုလ်နားက ကျောင်းသား





ဈေးလိုပေါ့။ ချင်းမိုင်က ချစ်စရာ ကျောင်းသားဈေးကလေးကို လွမ်းမိသေးတော့တယ်။ ချင်းမိုင် ကျောင်းသားဈေးကလေးမှာ အစစအရာရာ ဈေးချိုတယ်။ ထူးခြားတာ တခုက ကျောင်းသား ကျောင်းသူတွေက ပိုက်ဆံပြတ်ရင် ဒါမှမဟုတ် အသစ်ဝယ်ချင်ရင် ကိုယ့်မှာရှိတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေကို ဈေးပေါပေါနဲ့ ကျောင်းသားဈေးမှာ ချရောင်းတတ်ကြတယ်။ နောက်ကြ ပြောင်ကြ တရုန်းရုန်းနဲ့ ပျော်စရာကြီး။ ညနေစောင်းမှ ဈေးကလေးက စည်ပြီး ည ဆယ့်တစ်နာရီလောက်မှ သိမ်းတတ်တယ်။ အခု ကျွန်မတို့ ကျောင်းနောက်က ဈေးကလည်း အဲလိုပဲ။ "ဆန်ဝဲကုတ် (Sangwolgok)" ရပ်ကွက် ဈေးကလေးရဲ့ နံမည်ကို နီပေါသူ အယ်ရီနာက နာမည်ပေးတယ်။ "Win Market ဝင်းမားကက်" တဲ့။ ဘာပြုလည်းဆိုတော့ ဒီကျောင်းမှာ တဦးတည်းသော မြန်မာကျောင်းသား ဖြစ်တဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနက ဒုညွှန်မှူး ဦးညွန့်ဝင်းက ခေါ်သွားခဲ့ပြီး၊ ကိုးရီးယားစကား ပေါက်တဲ့ ဦးညွန့်ဝင်းက သူ့ဖောက်သည်ဆိုင်တွေနဲ့ အကုန် မိတ်ဆက်ပေးခဲ့ တဲ့အပြင်၊ သူ့စကား လူမသိ၊ လူ့စကားသူမသိ ဖြစ်နေတဲ့ ကျွန်မတို့ကို အမြဲလိုလို ဈေးလိုက် ဝယ်ပေးရတာကိုး။ ကိုညွန့်ဝင်းနဲ့က ယဉ်ကျေးမှုဝန်ကြီးဌာနမှာ အရင်ကတည်းက ကျွန်မနဲ့ ဆုံဖူး သိဖူးကြတော့ ဒီမှာတွေ့တဲ့အခါ သူလည်း ဝမ်းသာ၊ ကိုယ်လည်း ဝမ်းသာပေါ့။ မန္တလေးယဉ်ကျေးမှုတက္ကသိုလ်က ပန်းချီတွဲဖက်ပါမောက္ခ ဦးမြတ်ထွန်းအောင်လည်း ဒီမှာ ရှိတယ်။

တကယ်ပါပဲ။ ဈေးမှာလည်း သူတို့ စကားမှ သူတို့ စကား။ ဝမ်းသောင်ဇင် (one thousand)၊ တူးသောင်ဇင် (two thousand) လောက်ကို မရဘူး။ ထိုင်းတွေလိုပဲ။ ဝမ်း၊ တူး၊ သရီး၊ ဖိုး ကို အင်္ဂလိပ်လို မသိတာ။ ဒါကတော့ ကျွန်မတို့ နိုင်ငံမှာ ဝမ်းတူးသရီးဖိုး နဲ့ ဝမ်းသောင်ဇင်၊ တူးသောင်ဇင်လောက်က ဈေးသူဈေးသားလည်း ရတယ်။

ဈေးကလေး အစပ်နားကို ရောက်တာနဲ့ ဟင်းသီးဟင်းရွက်သည်တွေရဲ့ "ချွန်းနွန်၊ ချွန်းနွန်၊ အီချွန်းနွန်..." ဆိုတဲ့ အသံတွေက ဆူညံနေတာပဲ။ အာလူး၊ ကြက်သွန်၊ မုံလာထုပ်၊ ခရမ်းသီး၊ မုန်ညင်း၊ မှိုအမျိုးမျိုး။ အဲဒါတွေကို ပလပ်စတစ်နဲ့ ပက်ကင်လေးတွေ ထုပ်ပြီးသားကို ကိုးရီးယားငွေ ဝမ်တထောင်၊ နှစ်ထောင်၊ သုံးထောင်ဆိုပြီး အော်ရောင်းနေကြတာ။ သူတို့ ဝမ် တထောင့် ခြောက်ဆယ်က အမေရိကန်တဒေါ်လာပေါ့။ သူတို့ အော်တဲ့ "ချွန်းနွန်" ဆိုတာ တထောင်၊ "အီချွန်းနွန်" ဆိုတာ နှစ်ထောင်ပေါ့။ ဝမ်တထောင်ဖိုးကတော့ အပေါဆုံးပေါ့။ ခရမ်းသီး သုံးလုံးကို ဝမ်တထောင်၊ မုံလာထုပ် တထုပ် နှစ်ထောင်၊ အာလူး၊ ကြက်သွန်၊ ခရမ်းသီး ငါးဆယ်သား၊ ခြောက်ဆယ်သားလောက်ကို နှစ်ထောင်၊ မှိုကတော့ မဆိုးဖူး၊ ငါးရာတန် မှိုအစည်းကလေးတွေ ရှိတယ်။ ကျွန်မ သဘောကျတာကတော့ လမ်းဘေး ဈေးကလေးပေမဲ့ သားငါးဟင်းသီးဟင်းရွက်တွေဟာ သိပ်

လတ်ဆတ်ပြီး သန့်ရှင်းနေတာပဲ။ အသားတွေကို မှန်သေတ္တာလေးတွေထဲမှာ ထည့်ရောင်းပေမဲ့ ငါးတွေက ဒီအတိုင်းပဲ။ ကျွန်မတို့ ဆီလိုပဲ ခင်းရောင်းတာပဲ။ ဒါပေမဲ့ ယင်တကောင်မှ မတွေ့ရဖူး။ ငါးဆိုင်တွေမှာ ခြင်ဆေးခွေလေးတွေ ထွန်းထားတာတော့ တွေ့ရတယ်။ ကြက်တကောင် ခပ်လတ်လတ် အရွယ် ဝမ်သုံးထောင့်ငါးရာ၊ ဝက်သားကလည်း အစိတ်သားလောက်ကို ဝမ်သုံးထောင်ဖိုး ဝယ်လို့ရတယ်။ အမဲသားက သူတို့ ဆီမှာ ဈေးကြီးတယ်။ သူတို့ဆီမှာလည်း အမဲသား ရပေမဲ့ အမေရိကားက ဝင်တဲ့ အမဲသားလည်း ရှိတော့ ဈေးက ကြီးတယ်။ ခုချိန်ထိကို အမေရိကားက ဝင်တဲ့ အမဲသားကြောင့် နွားရူးရောဂါဖြစ်ပါတယ်ဆိုပြီး အမေရိကားက အမဲသားကို အဝင်မခံဖို့ ဆန္ဒပြနေကြတာ .. မပြီးကြသေးဖူး။ ဆန်လည်း ဈေးသိပ်ကြီးတာပဲ။ အညံ့ဆုံးဆန် နှစ်ကီလို (ဆန်တပြည်) လောက်ကို ဝမ်းငါးထောင် ပေးရတယ်။ ဆန်နဲ့ ထမင်းနဲ့ ပတ်သက်ရင် သူတို့က (၁၉၅၀) ခုနှစ်ဝန်းကျင်က၊ ဒုက္ခရောက်ခဲ့ဖူးတော့၊ ငတ်ခဲ့ဖူးတော့၊ သိပ်တန်ဖိုး ထားကြသတဲ့။ ဟင်းကို သွန်ပစ် ချင်ပစ်၊ ထမင်းကို သွန်ပစ်တာ၊ ချန်ထားတာ မြင်ရင် ဆတ်ဆတ်ထိမခံနိုင် အောင် စိတ်ဆိုးတာတဲ့လေ။

ဈေးကလေးရဲ့ ထိပ်မှာ စူပါမားကက်လို ဆိုင်ကြီးကြီး (Discount Store) "လျှော့ဈေးဆိုင်" ဆိုတာလည်း ရှိသေးတယ်။ ကုန်ခြောက်ဆိုင်ပေါ့။ စားသောက်ကုန်အမျိုးမျိုး၊ လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်း၊ လူ့အသုံးအဆောင်နဲ့ ပါတ်သက်ပြီး အားလုံးရှိတဲ့ ဆိုင်ပေါ့။ ထူးခြားတာက ပစ္စည်း အားလုံးဟာ ဈေးချိုနေတယ်။ တခြားဆိုင်တွေထက် (ဝမ် ငါးရာနဲ့ တထောင်ကြားလောက်) ဈေးနှုန်း က သက်သာနေတယ်လေ။

ကျွန်မကတော့ တလအတွင်းမှာပဲ ကျွန်မချစ်တဲ့ လှည်းတန်းဈေးနဲ့တူတဲ့၊ ချင်းမိုင် ကျောင်းသား ဈေးနဲ့လည်း တူတဲ့၊ "ဆန်ဝဲကုတ်" ဈေးကလေးကို သံယောဇဉ် တွယ်မိပါပြီ။ "အီကော အော်မာရိ" "ဒါ ဘယ်လောက်လဲဟင်" ဆိုတာကိုလည်း အလွတ်ကျက်ပြီး ဈေးဝယ်တတ်ပါပြီ။ ဒါပေမယ့် အမယ် များများ ဝယ်မယ်ဆိုရင်တော့ ကိုညွှန့်ဝင်းကို ခေါ်ရတာပဲ။ အွန်စောတို့၊ ချိုဝမ်တို့၊ ချန်ဂင်တို့လိုတော့ မလှရှာတဲ့ ဈေးသည်မလေးတွေက ကျောင်းသားတွေဆိုတဲ့ အသိနဲ့ ဈေးတွေ အမြဲလျှော့ပေးကြ ရှာတယ်။ ကိုညွှန့်ဝင်းကို ကျောင်းသားမှန်းသိနေတဲ့၊ ဈေးသည်အဖွားကြီးတယောက်ဆိုရင် ဆီပုလင်း ဝမ်နှစ်ထောင့်ငါးရာတန်ကို ဝမ်တထောင်ပဲ ယူတတ်တယ်။ ကြက်သွန်ဖြူတထောင်ဖိုး ဝယ်ရင်၊ ဂျင်းတွေပါ အဆစ်ထည့်ပေးလိုက် သေးတာ၊ ပြီးတော့ ကျွန်မတို့ကို ကြိတ်မှာထားသေး တယ်။ သူ့ဆိုင်မှာ သူ့ယောကျ်ားနဲ့ သူ့ယောင်းမ ရှိနေရင် ဈေးလာမဝယ်နဲ့၊ သူလျှော့ပေးလို့ ရမှာ မဟုတ်ဖူးတဲ့လေ။ ချစ်စရာ ကောင်းတဲ့ "အိုမား" ပါ။





ကိုရီးယားရဲ့ နံမည်ကျော် ကင်ချီ (Kimchi) နံ့တွေ သင်းနေတဲ့ ဈေးကလေးဟာ ည ခုနှစ်နာရီကျော်တဲ့အထိ မစည်နိုင်ရှာဖူး။ ပူလွန်းလို့ ဈေးဝယ်တွေ မထွက်ကြသေးတာတဲ့လေ။ သူတို့ နွေရာသီက ည (၈)နာရီထိလည်း နေမဝင်သေးဖူးကိုး။ လမ်းဘေးဈေးကလေးပေမဲ့ မီးတွေကလည်း ထိန်လင်းနေလိုက်တာများ နေ့ကျလို့။ မီးရောင်တွေအောက်မှာ အမျိုးမျိုးသော ကင်ချီတွေဟာ စားချင့်စဖွယ်။ သူတို့က ကင်ချီကို မုန်ညင်းကိုတင်မဟုတ်ဖူး၊ ငရုပ်သီးစိမ်း ကင်ချီ၊ မုတ်လာဥကင်ချီ၊ မှိုကင်ချီ၊ အများကြီးပဲ။ ချဉ်ဖတ်ထည့်လို့ရသမျှ ဟင်းသီးဟင်းရွက် အကုန်ထည့်တာပဲ။ ကျွန်မက သိပ်ကြိုက်လှတယ် မဟုတ်ပါဖူး။ ငရုပ်သီးအစပ် မစားနိုင်တော့ သူတို့ ကင်ချီတွေမှာက ငရုပ်သီးမှုန့် တွေနဲ့ဆိုတော့ သိပ်မစားနိုင်ဖူး။ အိုး.. သူတို့ကတော့ ကြိုက်သလားမမေးနဲ့။ ကင်ချီမပါရင် ထမင်း မစားနိုင်ဘူး။ ကျွန်မတို့ ငပိချက်တို့၊ ငပိထောင်းတို့၊ ငါးပိရည်တို့ လိုပဲလေ။ "သုံးလလောက်ဆို အန်တီန အရမ်းစာချင်လာမှာ" ဆိုပြီး သမီး "မျိုးမျိုး" (မျိုးသန္တာထွန်း) ထည့်ပေးလိုက်တဲ့ ငပိထောင်း နဲ့ ငါးရံ့ခြောက်ဖုတ်က သုံးလထိ မခံနိုင်ရှာပါဖူး။ နှစ်ပတ်အတွင်းမှာ ကျွန်မက တအားလွမ်းပြီး စားချင်နေပြီ။ အသားမပါရင် ထမင်းစားလို့မရတဲ့ သူက မန္တလေးက တူမလေး "သမီးရွှေစင်" ရဲ့ ပဲပုပ်ကြော်၊ ပဲရေပွကြော်တို့နဲ့ "ဗေဒါရွှေကြာ" ရဲ့ လက်ဘက်သုပ်၊ ဂျင်းသုပ်လေးနဲ့ထမင်းဖြူ လေးနဲ့တင်ကို အရမ်းကို ကောင်းလို့။

ကိုးရီးယားအစားအစာကို ရန်ကုန်မှာကတည်းက ကိုးရီးယား စားသောက်ဆိုင်မှာ စားခဲ့ဖူးပါတယ်။ ပဲခေါက်ဆွဲတို့၊ ထမင်းသုပ်တို့၊ ဝက်သားကင်၊ အမဲကင်တို့ကို ကြိုက်တယ်။ ဒါပေမဲ့ ညမှာစားရင် မနက်ကျ အမြဲ ဗိုက်မကောင်း ဖြစ်တတ်တယ်။ ဒီမှာကျတော့ ကျွန်မရောက်ခါစ ကျောင်းနားက ဆိုင်ကလေးမှာ နီပေါသူ နှစ်ယောက်နဲ့ ငါးကင်ရယ်၊ သူတို့ နွေရာသီမှာ စားတဲ့ ရေခဲတွေနဲ့ "ခေါက်ဆွဲ အေး" ဆိုတာကြီးကို စားမိပါတယ်။ မြန်မာပြည်လို မနက်ထိတောင် မနေဖူး၊ နှစ်နာရီ အတွင်းမှာ (ကန်တော့ပါရဲ့) ဝမ်းလျှောတော့တာပဲ။ ဒါတောင် ကျွန်မက (မရှိသေ့စကား) အင်မတန် ဝမ်းခိုင်တဲ့ အမျိုးအစား။ အိပ်ရာနိုးတာနဲ့ သူ့ကို ချော့နေရတာကိုက အလုပ်တခုလေ။ အဲဒီတကြိမ် တင် မဟုတ်ဖူး။ နောက် ကိုးရီးယားစာ စားတဲ့အခါတိုင်း ဖြစ်နေတော့ သိပ်မစားရဲတော့ဖူးပေါ့။

ဒါပေမဲ့ ကျွန်မချစ်သူငယ်ချင်း ကဗျာဆရာ (our prisedent) က စပါယ်ရှယ် တည်ခင်းဧည့်ခံတဲ့ ကိုးရီးယားရိုးရာစားသောက်ဆိုင်မှာကျတော့ မဆိုးဖူး။ ကျွန်မ ဘာမှ မဖြစ်ဖူး။ ဆိုးလ် (Seoul) မြို့မှာ အကောင်းဆုံး ရိုးရာစားသောက်ဆိုင်တဲ့။ တကယ်လည်း ကောင်းပါတယ်။ ကင်ချီတောင်မှ တခြား ကင်ချီနဲ့မတူဖူး။ စားလို့ ကောင်းနေတယ်။ သူတို့ ရိုးရာ အစားအသောက်မှာ ဆန်ပြုတ်ပါတယ်။ ထမင်းဖြူပါတယ်။ ကောက်ညှင်းငချိတ်လို စီးတီးတီးထမင်းနီ (ရေ သို့မဟုတ် ဟင်းချိုနဲ့ဖျော်သောက်

ရေညှိထမင်းလိပ်၊ ကင်ချီမျိုးစုံ၊ ပင်လယ်စာ သီးရွက်စုံဟင်းချို၊ ဝက်သားပြုတ်၊ အမဲသားလျှာပြုတ်၊ ကြက်ဥရယ်၊ အသားရယ်၊ ဟင်းသီးဟင်းရွက်ရယ်ရောပြီး အယှက်ကျော်ထားတဲ့ ရိုးရာဟင်းတမျိုး၊ တို့ဟူးကို ချက်ထားတာလည်း ပါတယ်။

ကျွန်မ မကြိုက်ဆုံးကတော့ ဆန်ပြုတ်ပဲ။ ပေါ့ရွှတ်ပြီး ဆန်လုံးကြီးတွေလည်း မကျေပဲ ဘာအရသာမှ မရှိဖူး။ ကြက်ဥအယှက်ကြော်လိုဟာနဲ့ ရေညှိထမင်းလိပ်(ဂင်ဘတ်)ကို ကြိုက်တယ်။ ပင်လယ်စာ ဟင်းချို ကြိုက်တယ်။ ဝက်သားပြုတ်နဲ့ အမဲလျှာပြုတ်က အရသာရှိပေမဲ့ အကင်လောက်မ ကောင်းဖူးလို့ ကျွန်မ စိတ်ထဲမှာ ထင်နေတုန်း ကျွန်မ သူငယ်ချင်းက ကင်ချီတဖတ်ကို ယူ၊ ပြီးတော့ ဝက်သားပြုတ်တဖတ်ကို ထည့်လိပ်ပြီး သူတို့ရိုးရာစတီးတူလေးနဲ့ "ဒီလိုစားရတယ် ငါ့နမရဲ့" ဆိုပြီး ကျွန်မကို ပေးတယ်။ ကောင်းသားပဲ။ "ဒီလိုကိုး" လို့ ကျွန်မက ပြောပြီး အမဲသားပြုတ်နဲ့ ကင်ချီကို နောက်တလိပ်စားတော့ ကျွန်မသူငယ်ချင်း မျိုးချစ်စိတ် ထက်သန်သူကြီးဟာ တဟားဟားနဲ့ သဘောကျ ရှာတယ်။

မျိုးချစ်စိတ် ထက်သန်သူကြီးဟာ နေ့လည်စာ တည်ခင်းဧည့်ခံပွဲကို တက်ရောက်လာတဲ့ နိုင်ငံတကာ က ဖိတ်ကြားထားသော အနုပညာရှင်များနဲ့ ဖိတ်ကြားသူများကို နှုတ်ဆက်မိန့်ခွန်း ချွေတော့လည်း သူတို့ ဘာသာ စကားနဲ့ပဲ။ သူရဲ့ ပီအေ က အင်္ဂလိပ်လို ဘာသာပြန်ရတယ်။ အိုင်အိုဝါက IWP မှာတုန်းကလည်း အဲလိုပဲလေ။ presentation လုပ်တာရော၊ မေးခွန်းဖြေ တာရော ဘာသာပြန်နဲ့ပဲ လုပ်တာပဲ။

သူက သူ့မိန့်ခွန်းထဲမှာ ကျွန်မနဲ့ တွေ့ခဲ့တဲ့ အိုင်အိုဝါက(IWP) အကြောင်း ကိုထည့်ပြော တယ်။ ဟိုမှာပေါ့… အမြဲအတူတူတွဲခဲ့တဲ့ အာရှလူမျိုး လေးယောက်ပေါ့။ ကိုးရီးယားရယ်၊ မြန်မာရယ်၊ အိန္ဒိယရယ်၊ ဗီယက်နမ်ရယ်ပေါ့။ သူတို့ နာမည်တွေက ဆိုပြီး ကျွန်မကို ပြောတယ်။ ပြီးတော့ ဗီယက်နမ်သတင်းစာဆရာမ မှာကျလည်း အဟုတ်၊ "ဟောင်Hao" ဆိုတဲ့ တလုံးကို ခပ်ထစ်ထစ် ပြောတော့ ကျွန်မက "ဗိုသီဟောင် Vothihao" လို့ ထောက်ပေးလိုက် တော့ "ဗိုသီဟောင်" ပဲ့။ ပြီးတော့ အိန္ဒိယညီအကိုတယောက်ကတော့ ဆိုပြီး တန့်သွားတယ်။ "နေပါအုန်း… သူ့နာမည်က" ကို ဆိုပြီး "အင်…" ဆိုပြီး ခဏရပ်သွားတယ်။ ပြီးတော့ ကျွန်မကို လှမ်းကြည့်ပြီး "ငါ့နမရေ.. နာမည်ဘယ်သူ.." တဲ့။ "အော်ဒါလား" ဆိုပြီး ကျွန်မက ထောက်ပေးလိုက်တယ်လို့များ ထင်ပါသလား။ ကျွန်မလုံးဝသတိမရတော့ပါဖူး။ အံ့သြစရာ၊ ခုန သူစပြောတဲ့အချိန်မှာ ကျွန်မခေါင်းထဲမှာ နာမည်တွေ အားလုံးရှိနေခဲ့တာ။ ပြဿနာပဲ။ ကျွန်မမှာ "ဆောရီးပဲ၊ ငါဘာဖြစ်လို့ မေ့သွားတာလည်း





မသိဖူး" လို့ ရေရွတ်ရုံမှတပါး ဘာမှမတတ်နိုင်တော့ပါဖူး။ "အဲ…အိန္ဒိယ ညီအကိုတယောက်ပေါ့" ဆိုတာနဲ့ပဲ ကဗျာဆရာဟာ မိန့်ခွန်းကို လက်စသပ်ရရှာတော့တယ်။

ထမင်းသာ ဆက်စားနေရပေမဲ့ ကျွန်မတို့ နှစ်ယောက်လုံး မကျေနပ်ကြဖူး။ တယောက်နဲ့တယောက် မပြောကြပေမဲ့ ထမင်းကို ဆက်စားလို့ မရဖူး။ ကျွန်မစိတ်ထဲမယ် "ငါတော့ ဆရာလင်းယုန်မောင် မောင်ရဲ့ကိုပြားတော့ ဖြစ်ပြီ" လို့။ ဆရာ့ကို ရန်ကုန်မန္တလေး အမြန်ရထားပေါ်မှာ လွန်ခဲ့တဲ့ နှစ်နှစ် ဆယ်ကျော်က ကျွန်မ ရယ်မောခဲ့တာလေ။

စာပေဟောပြောပွဲ သွားကြရင်း မန္တလေးသွား ရထားပေါ်မှာ ဆရာလင်းယုန်မောင်မောင် နဲ့ ဆုံတော့ စကားဝိုင်းဖွဲ့ကြရင်း ဆရာက "တံတားဦးမှာ တို့သူငယ်ချင်း ရှိတယ်၊ တယောဆရာလေး.. မနု သိမလား၊ နေပါအုန်းက.. သူ့နာမည်က.." ဆိုပြီး ဇာတ်လမ်းက စတော့တာပဲ၊ နံမည်ကို ဘယ်လိုမှ ဖော်မရ၊ ကျွန်မကလည်း "တယောဆရာတွေတော့ ရှိတယ် ဆရာရဲ့၊ နံမည်မသိတော့ ဘယ်လိုလုပ် မလဲ" ဆိုပြီး ဘာလုပ်ရမှန်းမသိ။ ဆရာ့ ခမျာစကားကို ဆက်ပြီး မပြောနိုင်တော့ဖူး၊ "နေပါအုန်း.. ဒီနာမည်ကွာ" နဲ့ သူ့ထိုင်ခုံကို ပြန်သာ သွားရော၊ နံမည်က ဖော်လို့မရဖူး။

ကျွန်မတို့လည်း ညနက်တော့ အိပ်ပျော်သွားတာပေါ့။ မနက်လေးနာရီလောက် အိပ်လို့ ကောင်းနေ တုန်း… ဆရာလင်းယုန်ရယ်လေ.. "မနု.. မနု ထစမ်းပါအုန်း၊ ထစမ်းပါအုန်း.." တဲ့။ ကျွန်မမှာ လန့်နိုးပြီး "ဘာလဲဆရာ.. ဘာဖြစ်လို့လဲ" ဆိုတော့.. "သိပြီ..သိပြီ.. ကိုပြား.. ကိုပြား.." တဲ့လေ။

အားရဝမ်းသာကြီး အော်ပြောပစ်လိုက်တော့၊ တညလုံး မအိပ်ပဲ စဉ်းစားနေတာတဲ့၊ ခုမှ စအိပ်ရမှာ ဆိုပြီး စိတ်လက်ပေါ့ပါးစွာနဲ့ သူ့ ထိုင်ခုံကို ပြန်သွားတာကို ကြည့်ရင်း.. ဖြစ်မှ ဖြစ်ရလေ ဆရာရယ်လို့ ရယ်မောခဲ့ ဖူးတာလေ။ အခု တကယ် "ကိုပြား" ဖြစ်တော့တာပဲ။ ဆရာ့ကို ကျွန်မ ကိုယ်ချင်းစာ နိုင်ပါပြီ။ ဘာဖြစ်လို့ အဲဒီ အိန္ဒိယပြဇာတ်ဆရာ၊ အင်္ဂလိပ်စာပရောဖက်ဆာရဲ့ နာမည်ကို။ ဟောဒီ ပါးစပ်ဖျားလေးတင်ပါ။ အို…. ဘယ်လိုမှကို မမှတ်မိတော့တာ။

ကဗျာဆရာပါမောက္ခချုပ်ကို ကြည့်တော့လည်း ဘေးက လူနဲ့ စကားသာ ပြောနေရတယ်၊ ပုံမှန် မဟုတ်ဖူး၊ ကျွန်မလိုပဲ။ အဲဒါနဲ့ပဲ ကျွန်မက ဘာရယ်မဟုတ်ဖူး၊ ရေခွက်ကို မော့သောက် လိုက်တဲ့ ခဏမှာ ကဗျာဆရာဟာ သူ့အကြိုက် စီးကရက်တလိပ်ကို ထုတ်ယူလိုက်တဲ့ အချိန်မှာပဲ၊ နှစ်ယောက် သား ပြိုင်တူ လက်ညှိုးထိုးလို့။

"ရှီဗာ..."

အသံအကျယ်ကြီးတွေနဲ့ ကျွန်မတို့ အော်လိုက်ကြတာ၊ ပြီးတော့မှ တဟားဟား ရယ်ကြရင်း "ရှီဗာ၊ ရှီဗာ" နဲ့၊ ဘေးလူတွေကတော့ ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်ကို ဘာဖြစ်ပါလိမ့်ပေါ့။ ဇရာလေ၊ ဇရာ၊ ဇရာ ငွေရောင်ဆံပင်တွေနဲ့ ကျွန်မ သူငယ်ချင်းက (၁၉၅၂) ခုမွေး၊ ကျွန်မက (၁၉၅၇) ခုမွေး။ ကျွန်မတို့ အသက်တွေ မငယ်ကြတော့ဖူးလေ။
(၁၁ ဇူလိုင် ၂၀၀၈၊ ခူနွာကိုရောက်တာ တလပြည့်နေ့)

## သူစိမ်းတွေကြားမှာ (၃)

ဆိုး(လ်)မြို့ရဲ့ နံနက်ခင်းဟာ မနက်လင်းအားကြီး လေးနာရီမှာ စတင်ပါတယ်။ မနက် ငါးနာရီဆို မိုးထိန်ထိန်လင်းနေပါပြီ။ ခုချိန် မနက်ခြောက်နာရီဆိုရင် မြန်မာပြည်မှာ သန်းခေါင်ကျော် မနက် သုံးနာရီခွဲ။ ချစ်တဲ့သူတွေအားလုံး အိပ်ကောင်းတဲ့ အချိန်ပေါ့။ ကျွန်မရဲ့ ချစ်မြေးကလေးလည်း သူ့ရဲ့ ပိုးတီကောင်ဖက်လုံးကလေးကို လူကြီးလေးလိုခွပြီး အိပ်နေရှာတုန်းပေါ့။ အဲဒီအချိန်မှာ မြေးကလေးရဲ့ အဖွားဟာ "ဆန်ဝဲကုတ်" မြေအောက်ရထားဘူတာရုံမှာ၊ အဖော်မပါပဲ ရောက်နေတယ်ဆိုရင် မြေးကလေးရဲ့ အဖိုးကတော့၊ သိပ်ကိုစိုးရိမ်သွားလိမ့်မယ်။ နိုင်ငံတကာကို ဘယ်နှစ်ကြိမ်ပဲ သွားခဲ့၊ သွားခဲ့၊ (Subway) ခေါ် (Tube) ခေါ် (Metro) ခေါ် မြေအောက်ရထားကို တယောက်ထဲ မစီးတတ်ဖူး။ မစီးရဲဖူး ဆိုတာကို သိနေတဲ့ပြင် ငေးမိငေးရာ၊ တွေးမိတွေးရာ တွေးပြီး၊ လမ်းလည်း မမှတ်မိတတ်တဲ့ အကြောင်းကို ကောင်းကောင်း သိတာကိုး။

ကျွန်မကလည်း တကယ် ကျွန်မပါပဲ၊ တော်တော်ရှုပ်ထွေးတဲ့ မြေအောက်ရထားလမ်း ကြောင်း တွေနဲ့ စိတ်ရှုပ်မခံချင်တာလဲ ပါတယ်။ ပြီးတော့ မှီခိုနေရမယ့် သူတွေကလဲ၊ ဘယ်မှပဲ ဖြစ်ဖြစ် အဆင်သင့် ရှိနေတတ်တယ်လေ။ အင်္ဂလန်မှာတုန်းကလည်း၊ ချစ်သူငယ်ချင်း ဒေါ်နီတာနဲ့ ဒေါ်ကြည်၊ သူတို့ မပါရင်လည်း တခြားနိုင်ငံက သူငယ်ချင်းတွေနဲ့၊ အမေရိကားမှာတုန်း ကလည်း နယူးယောက်နဲ့ ဝါရှင်တန်မှာ ဝင်နီတို့၊ အန်တီလုံးတို့နဲ့၊ တခုလည်း ရှိတယ်၊ အဲဒီ မြေအောက်ရထား ရှိတဲ့နေရာမှာ ကျွန်မမှ အကြာကြီး မနေရတာကိုး။





အင်္ဂလန်မှာ ကျွန်မ အကြာကြီး နေရတဲ့ နေရာက မြေအောက်ရထားမရှိတဲ့၊ စက်ဘီးလေးတစင်းရှိရင် ကိစ္စပြီးတဲ့ ချစ်စရာ အောက်စဖို့ဒ် (Oxford) မြို့ကလေးမှာလေ။ အမေရိကားမှာလည်း အဲလိုပဲ။ (IWP) ရှိရာ အိုင်အိုဝါမြို့ကလေးမှာ မြေအောက်ရထားမှ မရှိတာ။ အင်း.. နောက်တခုကလည်း လန်ဒန်မြေအောက်ရထားရဲ့ အသံဟာ အိမ်လွမ်းဒဏ်ရာ ရနေတဲ့ ကျွန်မကို ဘာဖြစ်လို့လဲမသိဖူး ပိုပြီး မအီမသာ ဖြစ်စေခဲ့ဖူးတယ်။ သေချာစဉ်းစား ကြည့်ရင်တော့ မြေအောက်ရထားဆိုတာကို စိုးရွံ့ ရှောင်လွှဲချင်နေတာထဲမှာ "မြေပုံ" ကြောက်တဲ့ ရောဂါလည်းပါတယ်။ မြေပုံ ကြည့်တတ်၊ ဖတ်တတ်မှ မြေအောက်ရထားဆိုတာ သွားလို့ရတာ ကိုး။

ကျွန်မမှတ်မိတာ၊ မြေပုံဆိုတာကို မြန်မာပြည်မြေပုံ ဆိုတာကို စပြီး မြင်ဖူးတာ သုံးတန်းမှာပေါ့။ မြေပုံဆွဲတာကို စပြီး သင်ရတာ.... ။ စာရွက်ပေါ်မှာ ဆရာသင်တဲ့ လေးထောင့်အကွက်ချ၊ မျဉ်းဆွဲပြီး ဆွဲရတဲ့အခါ မြန်မာပြည်မြေပုံရဲ့ ခေါင်းပိုင်းကို တူအောင်၊ သပ်ရပ်အောင် မဆွဲတတ်လို့၊ စာရွက် ထိပ်ပိုင်းဟာ ခဲဖျက်အရာတွေနဲ့ မဲညစ်နေခဲ့ဖူးတယ်။ ဆွဲရအလွန်ခက်တဲ့ ခေါင်းပိုင်းဆိုတာ ကလွဲရင် "မြေပုံ" ပညာရပ်နဲ့ ပတ်သက်ပြီး တခြား ကျွန်မ ဘာများသိဖူးခဲ့သလဲ။ အင်း... မန္တလေး၊ ရန်ကုန်၊ ရှမ်းပြည်၊ ကချင်ပြည်၊ မြို့ကြီးတွေလောက် ကိုပဲ မြေပုံပေါ်မှာ မြင်ခဲ့ဖူးတယ်။ မီးရထားလမ်း၊ ကားလမ်း၊ မြေနီလမ်း၊ လေဆိပ်ဆိုတာတွေနဲ့ ဘယ်လိုမှ မရင်းနှီးခဲ့ဖူးဘူး.... ။ "ပထဝီ" ဘာသာရပ်ကို ရှစ်တန်းထိ ဆက်သင်ခဲ့ရပေမယ့် မြေပုံအတတ်ပညာနဲ့ ပတ်သက်ပြီး စာတွေ့ရော၊ လက်တွေ့ရော ဘာမှ သိပ်မသိခဲ့ဖူး။ ရှစ်တန်းထိပဲ ပထဝီသင်ဖူးတဲ့ ကျွန်မကထားပါတော့၊ "ပထဝီ" အဓိကနဲ့ ကျောင်းပြီးတဲ့ ကျွန်မညီမလေး "သီ" ဟာ မြေပုံလုံးဝ မကြည့်တတ်၊ မဖတ်တတ်တဲ့အတွက် သူ့ခင်ပွန်း "ဆရာရဲ" က အံ့သြရယ်မောလို့မဆုံး။ "ပထဝီနဲ့ကျောင်းပြီးတယ်"၊ "ပထဝီနဲ့ဘွဲ့ရတယ်" နဲ့ နောက်ပြောင်လို့ မဆုံး။ ဟုတ်တယ်လေ။ သူတို့ကတော့ ဘယ်လိုနေရာမျိုးပဲ ဖြစ်ဖြစ်၊ မြေပုံတခုနဲ့ ရောက်အောင်သွားတတ်တဲ့ လူမျိုးတွေကိုး။

ပြီးခဲ့တဲ့နှစ်၊ ဟောင်ကောင်မှာတုန်းကလည်း ရယ်ရသေးတော့တယ်။ အာရှစာပေဆုပေးပွဲ ကျွန်မ သွားတက်ရတုန်းက ဆရာရဲနဲ့ သီလည်း ဂျပန်ကနေ လာကြတယ်လေ။ သူတို့နှစ်ယောက် က ကျွန်မရဲ့ ဘာသာပြန်ဆရာတွေလည်း ဖြစ်တဲ့အပြင်၊ ကျွန်မရဲ့ "ပြုံး၍လည်း " ကို ထုတ်ဝေမယ့် နယူးယောက်က ဟိုက်ပါနီရွှန်စာအုပ်တိုက်ရဲ့ ကိုယ်စားလည် ဖြစ်တာကိုး။ အဲဒီမှာ ဟောင်ကောင် ရေအောက်ရထားကို စီးပြီး ဟောင်ကောင် ဟိုဘက်ကမ်း ဒီဘက်ကမ်း ဖြတ်ကြမယ်ဆိုတော့ ကျွန်မနဲ့သီ တောသူနှစ်ယောက်ဟာ ရင်တခုန်ခုန်နဲ့၊ ဘယ်လိုများလိမ့် ဆိုတဲ့ အတွေးကိုယ်စီနဲ့၊ ရေအောက်ရထားနဲ့ မြစ်ကို ကူးဆဲ။ ကျွန်မ မေးချင်တဲ့ မေးခွန်းကို "သီ" က သူ့ခင်ပွန်း "ဆရာရဲ" ကို

မေးချလိုက်တာ။ "ဆရာရဲ… ရေအောက်ရထားဆိုပြီး ရေတွေလည်း ကျွန်မ မမြင်ရပါလား" တဲ့။ ဆရာရဲ ဖြေတယ်လေ။ "ရေကိုမြင်ရင် မင်းသေပါပြီတဲ့…" ။ ကဲ… ကြည့်ပါအုန်း၊ ကျွန်မတို့မှာ အဲဒီလို ဗဟုသုတ မရှိရှာတာပါ။

Subway (ခေါ်) မြေအောက်ရထား tube ရဲ့ မြေပုံ ကင်းခြေများတွေကို မြင်တာနဲ့ ခေါင်းရှုပ်ရှောင်ပြေးချင်တဲ့ ကျွန်မတယောက် "ဂျူမုံ" တို့ တိုင်းပြည်မှာတော့ တည့်တည့်ကြီး တွေ့ပါပြီ။ ဘယ်လိုမှ ရှောင်ပြေးလို့ မရတော့ပါဘူး။ မှီခိုရမယ့်သူတွေကတော့ ဒီမှာလည်း ရှိရှာပါတယ်။ ဒါပေမယ့် နေရာတကာ ကျွန်မ မှီခိုလို့ မဖြစ်နိုင်ပြီ။ မနက် ကိုးနာရီကနေ ညနေ ခြောက်နာရီထိ တကယ် အလုပ်လုပ်ကြတဲ့ သူတွေကို ကျွန်မဒုက္ခ မပေးရက်တော့ပြီ။ ကိုးရီးယားစာ၊ အင်္ဂလိပ်စာ နှစ်ဖြာပါတဲ့ မြေပုံအကြီးကြီးကို ကျစ်ကျစ်ပါအောင်ဆုပ်၊ ရထား လိုင်းပြောင်းခြင်း၊ exit ဂိတ်ကို ထွက်ခြင်း၊ ရထား လက်မှတ်ထဲကို စက်ဖြင့် ဝယ်ပြီး… ပိုက်ဆံထည့်ခြင်း..စတဲ့ မြေအောက်ရထားစီးခြင်းရဲ့ အဌာရသတွေကို မှီခိုသူများနဲ့ သွားရင်း၊ ဘူတာအပြင်ကို မထွက်လို့ကတော့၊ မြေအောက်ရထား ဘူတာစဉ်၊ စုန်ချည်ဆန်ချည် ကြိုက်သလောက်စီး၊ "ဝမ် ၉၀၀" ပဲ ပေးရတဲ့ ခရီးများစွာကို ကြိုက်သလောက် မှားရင်းနဲ့ "လက်တွေ့မြေပုံပညာ" ကို အသက် ငါးဆယ်ကျမှ ကျွန်မသင်ပါပြီ။

ဒီနေ့ဟာ ကျွန်မတယောက်ထဲ အဝေးဆုံးခရီးကို ပထမဆုံးအကြိမ် လက်တွေ့စမ်းသပ် ကွင်းဆင်းမဲ့နေ့ပေါ့။ ကျွန်မ မွေးစားသား "ဘောကျော်"ကလေးနဲ့ လုပ်ဖော်ကိုင်ဖက်တွေက ထမင်းစားဖိတ် ထားတဲ့အတွက် သူတို့နေတဲ့ "ဆုန်ဝတီ" မြို့ကလေးကို ကျွန်မ သွားမှာ။ ကျွန်မနေတဲ့နားကနေ အနီးဆုံး ဘူတာဖြစ်တဲ့ "ဆန်ဝဲကုတ်" ဘူတာကနေ "ယူဂျွန်ဘူ" (uijeongbu) ဘူတာအထိ ဆယ့်နှစ်ဘူတာ ကျွန်မ စီးရမယ်။ ပြီးတော့မှ "ယူဂျွန်ဘူ" ကနေ "ဆုန်ဝတီ" ကို ဘတ်စ်ကား မိနစ်နှစ်ဆယ်လောက် စီးရမယ်။ ယူဂျွန်ဘူ ဘူတာမှာ ဘော်ကျော်ကလေးဟာ စောင့်နေမှာ ဆိုပေမယ့်၊ ဆယ့်နှစ်ဘူတာ ကြားမှာ ရထားပြောင်းရဦးမှာလေ။

ကျွန်မက ဖြစ်တယ်၊ ကြိုးစားကြည့်မယ် ဆိုလို့သာ၊ ကျွန်မအကြောင်းသိတဲ့ ဘောကျော်က စိတ်မချဖူး။ မနေ့ညကကို gtalk နဲ့ အနီးကပ်သင်တန်း ပို့ချရှာသေးတာ။ ရထား ပြောင်းစီးခြင်း ဘာသာရပ်ကိုလေ။ကျွန်မခမျာ သေချာ နာယူရှာပါတယ်။ ဒါပေမယ့် ဘောကျော်တို့ လုပ်လိုက်ပုံ ကြည့်အုန်း။

"ဆရာမ.. သိပြီနော်၊ ဆရာမတို့ဆီက စစီးတဲ့ လိုင်းက နံပါတ် (၆) လိုင်း၊ ဆရာမ နှစ်ဘူတာ စီးပြီးရင် "ခရမ်းလိုင်း" ကို ချိန်းရမယ်…"





"ဘာ.. ခရမ်းလိုင်း.. ဟုတ်လား"
ကျွန်မက လန့်သွားပြီလေ။ ကျွန်မသိတာ လေ့လာထားတာက ဆိုးလ်မြို့ မြေအောက်ရထားလိုင်း (၈) လိုင်းရှိတယ်။ နံပါတ် (၆) လိုင်းနဲ့ ကျွန်မစီးလာပြီး၊ နှစ်ဘူတာမြောက်မှာ နံပါတ် (၁) လိုင်းကို ပြောင်းရမယ်ဆိုတာ သိထားတာကိုး။

"ဟဲ့.. ဘောကျော်… (၁) လိုင်းမဟုတ်လား၊ ဘာ "ခရမ်းလိုင်း" လဲ… ဒုက္ခပဲ…"

"ဟုတ်တယ်လေ ဆရာမ၊ (၁) လိုင်းပဲလေ၊ ကျွန်တော်တို့က မြေပုံပေါ်က အရောင်တွေနဲ့ ခေါ်တာ၊ (၁) လိုင်းက ခရမ်းရောင်လေ…"
အော်.. ဖြစ်ရမယ်၊ ဘောကျော်တို့ကတော့၊ သူက တဟဲဟဲ ရယ်လို့။

"ဘောကျော်ရေ.. ခရမ်းသုံးခွဖက်တော့ ရောက်မသွားလောက်ဖူးနော်" လို့ ကျွန်မနောက်တော့ ကလေးတယောက်လို ရယ်မောလို့ မဆုံး။ တကယ်တော့… ဒီကလေး တွေတောင် ကလေးမဟုတ်တော့ပြီ။ အသက် သုံးဆယ် ကျော်ခဲ့ပြီ။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော် က ကျွန်မတို့ အိမ်မှာ တရုန်းရုန်းနဲ့ ဝင်ထွက်သွားလာ စားသောက်ပျော်ပါး ခဲ့ကြတဲ့ တက္ကသိုလ် ကျောင်းသား ကျောင်းသူ၊ မွေးစားသား သမီးတွေထဲမှာ ခြောက်ပေနီးပါး အရပ်ကြီးတွေနဲ့၊ အသားညိုညိုမှောင်မှောင်၊ ထွားထွားကျိုင်းကျိုင်း ညီအကို နှစ်ယောက်ကို ကျွန်မတို့က။ ချစ်စနိုးနဲ့ (ဘီလူးညီနောင်ကို အစွဲပြုပြီး) "ဘောကျော်" နဲ့ "ဘောသော" ဆိုပြီး နံမည်ပေးခဲ့ကြတာ။ သူတို့မိဘများက ပြည့်စုံကြပေမယ့် ညီအကို နှစ်ယောက်စလုံးက အလုပ်သိပ်လုပ်ချင်ကြတဲ့ ကလေးတွေ။ ဒါပေမယ့် မတူတာတခုက အငယ်ကောင် "ဘောကျော်" က နိုင်ငံရပ်ခြားမှာ စွန့်စားသွားလာ၊ စီးပွါးရှာချင်သူ။ အကြီးကောင်ကြီးက ကိုယ့်နိုင်ငံကနေ တဖဝါးမှ မခွါချင်တဲ့သူ။ ခုချိန်မှာတော့ သူတို့ ဆန္ဒလေးတွေအတိုင်း နေနိုင်ခဲ့ပြီလို့ ပြောရမှာပေါ့လေ။ ကြင်ယာတွေလည်း စုံခဲ့ကြပြီ။

ကိုယ့်အတွေးနဲ့ကိုယ် တွေးလို့ ငေးကောင်းနေတုန်း ဖြတ်ဆို ဝိုင်းဝိုင်းရဲ့ သီချင်းသံ ပေါ်လာတော့ လန့်သွားသေးတယ်။ မြေအောက်ရထားဘူတာရုံက ဖွင့်လိုက်တာ မဟုတ်ပါဖူး။ ကျွန်မအိတ်ထဲက မိုဘိုင်းဖုံးက ထအော်တာပါ။ ဖုန်းကို ဖွင့်ရင်း ထုံးစံအတိုင်း တောင်ပြေးရမလို၊ မြောက်ပြေးရမလို ဖြစ်သွားသေးတယ်လေ။ ပြီးမှ တယောက်ထဲ ရက်မိတယ်။

"ဟဲလို…"

"ဟဲလို.. ဆရာမ.. ဘယ်ရောက်နေပြီလဲ"

"အောင်မာ.. အခု.."ခရမ်းလိုင်း" ပေါ် ရောက်နေပါပြီ၊ ဘောကျော်ရဲ့၊ အောင်မြင်စွာ ရထားပြောင်းပြီး ပါပြီ "

"ဟုတ်ပြီဆရာမ.. ဒါဆို ကျွန်တော် စိတ်ချပြီ၊ "ယူဂျွန်ဘူ" ကျ ဆရာမ ဆင်းလိုက်ရုံပဲ.. ကျွန်တော်ရှိနေမယ်၊ အခု.. ကျွန်တော် "ဆုန်ဝတီ" က ထွက်လာနေပြီ..."

"အေး..အေး၊ ဟုတ်ပြီ၊ စိတ်မပူနဲ့၊ ဒါပဲနော်..."

ခရမ်းလိုင်းပေါ်မှာ မြေအောက်ရထားဟာ မြေပေါ်ရောက်သွားပြီး မြေပေါ်ရထားအဖြစ်နဲ့ ဆက်လက်မောင်းနှင် ထွက်ခွါနေပါပြီ။ ဆိုးလ်မြို့ကို ဖြတ်သန်းစီးဆင်းနေတဲ့ "ဟာန်"မြစ် တံတားပေါ်ကို ဖြတ်ကျော်တဲ့အချိန်မှာပဲ တယောသံစုံတီးဝိုင်း "ပလေး" တဲ့ ဂီတသံက ထွက်ပေါ် လာခဲ့ပါတယ်။ မြေအောက်ရထားထဲမှာ အဲယားကွန်းကို အေးစိမ့်နေအောင် ဖွင့်ထားတတ် သလို တယောသံစုံဂီတသံကလေးကိုလည်း ဖွင့်ထားတတ်တယ်။

ခုလိုလေး စိတ်အေးချမ်းသာစွာနဲ့ လမ်းများမှာ ဘူတာများမှာကို စိုးရိမ်ကြောင့်ကြစရာ မလိုတဲ့ အချိန်မျိုးမှာ သံစုံတယောသံဟာ အင်မတန် ခံစားယစ်မူးဖို့ ကောင်းပေမယ့် တယောက်ထဲ လမ်းမှား၊ ဘူတာမှားနေတဲ့ အချိန်မျိုးကျရင်တော့ စိုးရိမ်ထိတ်လန့်ဖွယ် ဂီတသံအဖြစ် ပြောင်းလဲသွားတယ်။ ကျွန်မအတွက်တော့ မြေအောက်ရထားတယောသံဟာ နောက်ခံတေးဂီတပဲ။

ရထားမှန်ပြူတင်းကနေ "ဟာန်" မြစ်နဘေးက ထိုင်ခုံလေးတွေကို လှမ်းမြင်ရတော့ ကိုးရီးယား ရုပ်ရှင်တွေရဲ့ ဇာတ်ဝင်ခန်းတွေကို မြင်ယောင်မိတယ်။ ဒီ "ဟာန်" မြစ်ကမ်းနဘေးက ထိုင်ခုံကလေး တွေပေါ်မှာ ချစ်စကား ဆိုကြ၊ ခွဲခွါစကားဆိုကြ၊ ဝမ်းနည်းကြ၊ ဒေါသဖြစ်ကြ၊ ပေါက်ကွဲကြတာလေ ။ "ရထားစီး ခရီးသည်များရှင်၊ မကြာခင် ရောက်ရှိမယ့် ဘူတာကတော့ "ချန်ဒုံ" ဘူတာဖြစ်ပါတယ်။ " ချန်ဒုံ" ဘူတာကနေ လိုင်းနံပါတ် (၄)ကို ပြောင်းနိုင်ပါတယ်"

မြေအောက်ရထားမှာတော့ ကိုးရီးယားလိုရော၊ အင်္ဂလိပ်လိုရော ကြေငြာပေးလို့ တော်သေးတာပေါ့။ ကျွန်မမြေပုံကိုကြည့်လိုက်တော့၊ "ချန်ဒုံ" ဘူတာပြီးရင် နောက်ထပ် ငါးဘူတာစီးပြီးမှ ကျွန်မဆင်း





ရမယ့် နေရာကို ရောက်မှာ၊ အေးအေးဆေးဆေးပဲလို့ တွေးနေဆဲမှာပဲ ချန်ဒုံဘူတာကို ရထားဝင်လာခဲ့ပါတယ်။ တွဲထဲမှာရှိတဲ့ ခရီးသည်တော်တော် များများ ထရပ်လိုက်ကြတော့၊ အော်.... ဒီမှာဆင်းမယ့်လူ၊ ရထားပြောင်းမယ့်လူတွေ တော်တော်များတာပဲလို့ ထင်နေဆဲ၊ ရထားတံခါးဖွင့်တာနဲ့.... ဆင်းသွားလိုက်ကြတာ၊ တွဲပေါ်မှာကျွန်မတယောက်ပဲကျန်တော့တယ်။ ရထားစပီကာက ကိုးရီးယားစကားသံကလည်း မရပ်မနားထွက်နေတော့ ကျွန်မနဲနဲတော့ ထိတ်ကနဲ ဖြစ်သွားပြီ။ ချက်ချင်းဆိုသလို ကျွန်မရဲ့တယောသံ နောက်ခံဂီတကလည်း ပြောင်းလဲသွားပါပြီ.... ။ ကျွန်မအိတ်ထဲက တယ်လီဖုံးလေးကို အားကိုးတကြီး စမ်းသပ်လိုက်တုန်းမှာပဲ ကျွန်မတို့ တွဲပေါ်က ဆင်းသွားတဲ့ ကိုးရီးယားအဖိုးကြီးတယောက်ဟာ ဖြတ်ဆို တွဲပေါ် ပြန်တက်လာပြီး၊ ကျွန်မကို လက်ဟန် ခြေဟန်တွေနဲ့ ပြရှာတော့တာပဲ။ ကျွန်မကို ဆင်းခိုင်းတာ။ ဒီရထားက ဆက်မထွက်တော့ဘူး၊ ဂိတ်ဆုံးပြီဆိုတဲ့သဘောမျိုး သူကပြောရှာတာ။

ကျွန်မမှာ ဆင်းရတာပေါ့။ အော်.... ဒီလိုလည်း ရှိတာကိုးဆိုပြီး.. ဘောကျော်ကို ဖုံးဆက်ဖို့ ပြင်ပေမယ့် ကိုးရီးယားအဖိုးကြီးက တော်ရှာပါတယ်။ ကျွန်မဆက်စီးရမယ့် ခရမ်းလိုင်းကနောက် ရထားတစင်းဆီကို အရောက်ပို့ပေးရှာပါတယ်။ (ဂမ်ဆမ်မီဒါ ဟာရာဘူးဂျီ) ကျေးဇူးတင်ပါတယ် အဖိုးရေပေါ့။

အဲဒီအဖိုးဟာ ရထားပေါ်မှာ သူတို့ အသက်ကြီးသူများ သီးသန့်ထိုင်ဖို့ ထားပေးတဲ့ ခုံမှာ ထိုင်နေရင်းကနေ ခဏခဏ မြေပုံထုတ်ကြည့်နေတဲ့ ကျွန်မကိုလှမ်း၊ လှမ်းကြည့်နေတာ ကျွန်မသတိထားမိတယ်။

ယူဂျွန်ဘူတာမှာ အရပ်ကြီး မားမား၊ မားမားနဲ့၊ အဝေးကပင် မြင်နိုင်တဲ့ "မောင်ဘောကျော်" နဲ့ တွေ့တော့မှ ကျွန်မမှာ ရီနိုင်တော့တာ။

"အဲဒီလိုပဲ ဆရာမရဲ့၊ ဖြစ်တတ်တယ်၊ တချို့ရထားတွေက အဲလိုပဲ ဂိတ်ဆုံးတတ်တယ်။ သူတို့ ဘယ်မှာ ဂိတ်ဆုံးတယ်ဆိုတာ ရထားခေါင်းမှာ ရေးထားတယ်လေ၊ အခု ဆရာမ စီးလာတဲ့ ရထားဆို "ချန်ဒုံ" လို့ ရေးထားလိမ့်မယ်..."

"အေးလေ၊ ဒါပေမယ့် ဖတ်မှ မဖတ်တတ်တာ၊ ကိုးရီးယားစာဆိုလို့ "ဝလုံး" တွေကလွဲရင် ဘာမှ, မှမသိတာ.." ဘောကျော်ကတော့ သူ့ထုံးစံအတိုင်း ကလေးတယောက်လို တဟဲဟဲရယ်လို့။

“ဆရာမ၊ ရထားပေါ်မှ ဈေးမဝယ်ခဲ့ဘူးလား..”

“ဟင့်အင်း.. ဒီတခါတွေ့တာက သိပ်စိတ်ဝင်စားစရာ မကောင်းဖူးကွ၊ ကျောအယား ဖျောက်တဲ့ “ကျောကုတ်တံ”၊ “ဆမ်ချွန်းနွန်” တဲ့၊ သုံးထောင်မတန်ဖူး။ ဒို့ဆီမှာလည်းရှိတယ်၊ ဟိုတခါတွေ့တဲ့ လက်အိတ်မျိုးလိုဟာဆို မဆိုးဖူးကွာ၊ လက်မောင်းရင်းထိ စွပ်လို့ရတဲ့ ရာဘာ လက်အိတ်အပျော့လေ...”

“အော်.. အဲဒါ ဆောင်းတွင်းမှာ ဆိုင်ကယ်တွေ ဘာတွေစီးရင် စွပ်ကြတာလေ..”

“အော်.. ဘာဖြစ်ဖြစ် ရထားပေါ်မှာ သူတို့ရောင်းတဲ့ ပစ္စည်းလေးတွေက စိတ်ဝင်စားစရာလေးတွေချည့်ပဲ၊ ဘောကျော်ရေ.. ဈေးရောင်းတဲ့ သူကိုလည်း ကြည့်အုန်းဟဲ့၊ ဟန်းဖုံးခါးချိတ် လို့၊ “နိုက်” တံဆိပ် ဝေ့ါကင်းရှူးနဲ့၊ ဂျင်းဘောင်းဘီနဲ့၊ စပို့ရှပ် အကောင်းစားနဲ့”

“အင်းလေ....”

ကျွန်မတို့နှစ်ယောက် စကားတပြောပြောနဲ့ ချစ်စရာ “ဆုန်ဝတီ” မြို့ကလေးကို ရောက်ခဲ့ပါပြီ။ ဘောကျော်နဲ့ လုပ်ဖော်ကိုင်ဖက်မြန်မာများ၊ ပျော်စံရာဆုန်ဝတီမြို့ကလေးဟာ တောင်တွေ ပတ်လည်ဝိုင်းရံလို့၊ သစ်ပင်တွေနဲ့ စိမ်းမြသန့်ရှင်းလို့၊ အေးချမ်းတဲ့ မြို့ကလေးပါ။ ဒီမြို့ကလေးတဝိုက်မှာ စက်ရုံအလုပ်ရုံတွေ အများကြီးရှိတယ်လေ။ ကျွန်မတို့ မြန်မာအလုပ် သမားတွေနဲ့ အတူ ဘင်္ဂလာဒေ့ရှ်၊ နီပေါ၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ထိုင်း စတဲ့ စတဲ့ နိုင်ငံတွေက အလုပ်သမားတွေလည်း ဒီမှာရှိကြရှာတာပေါ့။

“ဆရာမရေ... အခု.. ဒီက လှမ်းမြင်နေရတဲ့... ဟိုးတောင်တွေပေါ်ကို ကြည့်လိုက်ပါအုန်း၊ ပြီးခဲ့တဲ့ တပါတ်ကပဲ၊ အဲဒီတောင်တွေပေါ်မှာ၊ သေပြေးရှင်ပြေး ပြေးခဲ့ရတာ၊ Immegration က စက်ရုံထဲ ဝင်ဖမ်းလို့လေ၊ ဆရာမရယ်၊ ရုပ်ရှင်ထဲကလိုပဲ သိလား၊ အဲဒီနေ့ကလည်း ဖြစ်ချင်လို့ပါ၊ စက်ရုံတံခါးမကြီးက အရင်ဆို ပိတ်ထားတာ၊ အဲဒီနေ့က ဖွင့်ထားမိတော့၊ သူတို့ကား ဝေါကနဲဝင်ချလာတဲ့ အချိန်မှာ၊ ဘာလုပ်ရမှန်းမသိတော့ဘူး၊ တကယ်တမ်းကျ အဖမ်းအဆီး ရှိတယ်ဆိုရင် တခြားစက်ရုံတွေမှာဝင်နေပြီ ဆိုရင် အချင်းချင်း ဖုန်းတွေနဲ့ လှမ်းပြောကြတာလေ၊ ဖြုန်းဆို ရောင်တခင်ဝင်တဲ့ဟာမျိုးကျ ဘယ်လိုမှ မတတ်နိုင်ဘူးပေါ့၊ ကျနော်တို့က နေ့လည်စာ ထမင်းစားမလို့ လုပ်နေ





တုန်း... ၊ ကားကလည်း ဝေါကနဲ ဝင်ချလာရော၊ မှန်ပြတင်းကလေးကနေ မြင်တာနဲ့ အခန်းတံခါးကို သော့ပိတ်ပြီး၊ နောက်ဖေးပြူတင်းပေါက်က ခုန်ချပြေးကြတာ၊ သူတို့ကလည်း လိုက်တာပဲ၊ ဆရာမရယ်.. ပြေးစရာကလည်း တောင်ပေါ်ပဲရှိတော့ အဲဒီတောင်ပေါ်က တောအုပ်တွေထဲမှာ ပြေးရတာပေါ့။ ဟာ.. ဇာနဲ့သာ ပြေးရတာ ဆရာမ ရေ.. ၊ တကယ်ပြေးတော့၊ ကြာကြာ ဘယ်ပြေးနိုင်မလဲ၊ အမောဆို့လာတာပေါ့၊ တောအုပ်ကြီး က အရှည်ကြီး၊ တောင်တွေကလည်း အများကြီး ဥစ္စာ၊ တအားမောလာတော့ ဘယ်လိုမှ မတတ် နိုင်ဘူး.. ခြုံပုတ်တွေထဲမှာ ပစ်လှဲပြီး ပုန်းပဲနေရတော့တာ။ သူတို့က လူတွေက အများကြီး တတောင်လုံး တတောလုံးကို ဖြန့်ပြီးမှ ဖြည်းဖြည်းချင်း လိုက်တာ။ ဆရာမရယ်... Immegration နှစ်ယောက်ကလေ၊ ကျနော်နဲ့ လက်တကမ်းအကွာမှာ၊ ဖြေးဖြေးချင်း လာနေတာ၊ ကျနော်ဝပ်နေတဲ့ ခြုံပုတ်ကလည်း ခပ်ပါးပါးရယ်၊ ကျနော်က ထပြီးပြေး လို့လည်း မဖြစ်တော့ဘူး.. ၊ တကယ်ပြေးလည်း မပြေးနိုင်တော့ပါဘူး... သူတို့နဲ့ တဖြည်းဖြည်းနီး လာလေ၊ လူက တအားတုန်လှုပ်လေ၊ သူတို့ကို မြင်နေရတာကိုး၊ ကျနော်လေ.. နောက်ဆုံးတော့ မျက်စိကို စုံမှိတ်ထားလိုက်တော့တာပဲ....”

ဘောကျော်ကလေးရဲ့ စကားကို နားထောင်ရင်းနဲ့ အသက်ကိုတောင်မှ ကျွန်မ မရှူရဲခဲ့ပါဖူး ။

“သူတို့ ကျွန်တော့်ကိုကျော်သွားကြတယ်ဆရာမ။ ကျွန်တော်တို့ထဲက မပြေးနိုင်တော့တဲ့ နှစ်ယောက် မိသွားတယ်၊ တချို့ကျတော့ တောအုပ်အစပ်က သံဆူးကြိုးတွေပေါ်က ကျော်ချတာ ပေါင်တွေ ခြေသလုံးတွေမှာ ဒဏ်ရာတွေရစရာ မရှိဖူး၊ ကျနော့် ခြေထောက်တွေလည်း အဲလိုပဲ.. ဖိနပ်မပါပဲ ပြေးရတော့ ” တော်ပါတော့ကလေးရယ် မပြောပါနဲ့တော့၊ နားမထောင်ပါရစေနဲ့တော့။

ယုံတမ်းပုံပြင်၊ စိတ်ကူးယဉ်မဟုတ်တဲ့ ဘောကျော်ကလေးလို ဇာတ်လမ်းပေါင်းများစွာ ကို ထမင်းလက်ဆုံ စားကြရင်း ဘောကျော်ကလေးရဲ့ လုပ်ဖော်ကိုင်ဖက်တွေက ကျွန်မကို ပြောပြခဲ့ကြတယ်။ ဒီတနင်္ဂနွေထမင်းဝိုင်းအတွက် စနေတညလုံး “ကိုအေးချို” စီစဉ်ချက်ပြုတ်ခဲ့တဲ့ ကျွန်မတို့ မြန်မာထမင်းဟင်းတွေကိုလည်း ကြည့်ပါအုန်း။ ဝက်သားနှပ်ပေါင်း၊ ငါးရံ့မုံလာဥချဉ်ရည်၊ ကြက်သဲကြက်မြစ်ဟင်း၊ ပုဇွန်ဟင်း၊ ခရမ်းသီးနှပ်၊ ချဉ်ပေါင်ကြော်၊ ပဲပြားသုပ်၊ ငါးပိတို့စရာအစုံ ( ဒညင်းသီးပြုတ်တောင်ပါသေးတယ်)။ ယောင်နောက်ဆံထုံးပါလာတဲ့ “ထိုင်းမလေး” ရဲ့ “တုမ့်ရမ်” ထိုင်းဟင်းတောင် ပါလိုက်သေးတယ်။ ဒီထမင်းဝိုင်းကို ကျွန်မဘယ်လိုလုပ် မေ့နိုင်မှာလဲ။ ရန်ကုန်မှာ ကျွန်မအိမ်ကို မဂ္ဂဇင်းဓါတ်ပုံဆရာအနေနဲ့ ရောက်ခဲ့ဖူးတဲ့ “ကိုသန်းဦး” က ကျွန်မအိမ်မှာ သူစားခဲ့ဖူးတဲ့ ကျွန်မလက်ရာ “ဝက်သားမျှစ်ချဉ်” ကို တဖွဖွ ပြောလို့မဆုံး။

သူ့အမှတ်တရပေးရှာတဲ့ ကိုးရီးယားဖြစ်စာအုပ်လေးတွေနဲ့ ဘောလ်ပင်လေးတွေ။ အခု ဒီစာကို အဲဒီစာရွက်၊ ဘော်ပင်တွေနဲ့ ကျွန်မရေးနေတာပါ။

မိဘတွေကို လုပ်ကျွေးနေရှာတဲ့ လူပျိုကြီး "ဦးဝင်းနိုင်" ကတော့ သိပ်လှတဲ့ ကိုးရီးယား မိတ် အင်္ကျီကလေးကို ကျွန်မအတွက်တဲ့။

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က (၁၉၈၆)ခုနှစ် ရန်ကုန်စက်မှုတက္ကသိုလ် စာပေ ဟောပြောပွဲမှာ စက်မှုတက္ကသိုလ်ကျောင်းသားတယောက်အနေနဲ့ နားထောင်ခဲ့ဖူးတဲ့၊ ကိုငွေဝင်းကတော့ အဲဒီတုန်းက စာပေဟောပြောပွဲကို စားမြုံ့ပြန်လို့မဆုံး။ လွမ်းစရာပါ။ ကျွန်မရယ်၊ မရှိရှာတော့တဲ့ အကိုကြီး "ဆရာပြိမ်းကျော်" ရယ်၊ မောင်စိန်ဝင်း(ပုတီးကုန်း) ရယ်ပေါ့။ စက်မှုတက္ကသိုလ်ကျောင်းဆင်း ဆရာမောင်ဝွစာ(ပုတီးကုန်း)က

"ကျွန်တော်ဟာ ကျွန်တော့်ကျောင်းကို ဘယ်လောက်ချစ်သလဲဆိုရင်၊ ခြောက်နှစ်နေရ မှာကို၊ ရှစ်နှစ်တောင် နေပစ်လိုက်မိပါတယ်၊ ကျောင်းတော်ကြီးကို ကျွန်တော့်လောက်မချစ်ဖို့ တောင်းပန်ပါတယ်" လို့ ပြောလိုက်တဲ့အခါ "ဟေး"ကနဲ အော်လိုက်ကြတဲ့၊ ခန်းလုံးပြည့်လျှံ၊ ကျောင်းသားထုကြီးရဲ့အသံကို ခုထိ ကြားယောင်နေသေးတယ်။

အဲဒီနေ့က ကျွန်မအတွက် အမှတ်တရ ရေးပေးလိုက်ကြတာလေးတွေကိုလည်း ကြည့်ပါ အုန်း။

ကိုဝင်းနိုင်- ရာသက်ပန် ပျော်ရွှင်ချမ်းမြေ့ပါစေ။
ကိုအေးချို- ၂၀/ ၇/ ၂၀၀၈ နေ့မှာ အမှတ်တရ ရှိခဲ့ပြီ။
ကိုသိန်းဦး- အမ.. ကျန်းမာရေးကောင်းပြီး၊ စာအများကြီး ဆက်ရေးနိုင်ပါစေ။
ကိုငွေဝင်း- အနှစ်နှစ်ဆယ်ကျော်က ဆုံခဲ့ဖူးတဲ့ ဆရာမကို ပြန်တွေ့ရတဲ့အတွက်၊ အများကြီး ဝမ်းသာမိပါတယ်။
ကိုသာစိုး- ဆရာမ၊ စာပေခရီးမှာ ကြာရှည်စွာ ဆက်လက်ရှင်သန်နိုင်ပါစေ။
ကိုကျော်မိုး- ဆရာမကို အရမ်းသတိရတဲ့။
ကိုမြင့်ဇော်- ဆရာမ ပိုပြီး အောင်မြင်နိုင်ပါစေ။
ကိုအောင်ဇော်မြင့်- ယနေ့မှစ၍ နှစ်, ရာကျော်တိုင် အသက်ရှည်ပါစေ။
ကိုဝေယံ- မြန်မာလူမျိုးတယောက်ဖြစ်ရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်နိုင်ပါစေ။

ကိုတင်အောင်ဝင်း- ဆရာမ ဝတ္ထုတွေအများကြီး ရေးနိုင်တွေးနိုင်ပါစေ။
ကိုကျော်မင်းထွန်း- ၂၀/ ၇/ ၂၀၀၈ နေ့ကို ဘယ်တော့မှ မမေ့တော့ပါဘူး။ ကိုးရီးယားနိုင်ငံ သူစိမ်းတွေကြားမှာ၊ ဆရာမတယောက် အဆင်ပြေ ချောမွေ့ပါစေ။
ကိုမျိုးဇော်- ဆရာမ.. ဒီထက်ပိုပြီး အောင်မြင်ကျော်ကြားပါစေ။
ကိုသန်းထိုက်အောင်- 20-7-08 အမှတ်တရ ထမင်းလက်ဆုံစားရတဲ့အတွက် ဂုဏ်ယူမိပါတယ်။
ကိုနိုင်လင်း(၁)- အဖန်တလဲလဲ သေရခြင်းဒုက္ခမှ လွတ်မြောက်နိုင်ပါစေ။
ကိုနိုင်လင်း(၂)- ဆရာမ ဒီထက်အောင်မြင်ကျော်ကြားပြီး သံသရာမှ လွတ်မြောက် နိုင်ပါစေ။
May Joi- It was nice seeing Myanmar people get along with other nationality. Hope it will be a tradition keep up the good work.
Phorn- မင်္ဂလာပါ၊ ထမင်းအတူစားရတဲ့အတွက်၊ ထိုင်းလူမျိုးတယောက်အနေနဲ့ ဝမ်းသာပါတယ်၊ ကံကောင်းပါစေ။
Ms. Kim (Korean)- အရာအားလုံးကို ကျေးဇူးတင်ပြီး၊ ကံကောင်းခြင်းများနှင့် ပြီးပြည့်စုံနိုင်ပါစေ၊ ကျန်းမာရေး ဂရုစိုက်ပါရှင့်။
Kim Gi Nar( Myanmar-Korean)- တွေ့ရတာ ဝမ်းသာပါတယ်ရှင့် ။
(သမီးလေး)
ကိုသန်းဇော်- သုခချမ်းသာအပေါင်း ပြည့်စုံပါစေသော်။

စာရွက်ကလေးတွေကို အပြန်လမ်း၊ ရထားပေါ်မှာ ဖတ်လို့ မဝနိုင်ခဲ့ဖူး။ ကိုယ့်လူမျိုးကို၊ ကိုယ့်တိုင်းပြည်ကို၊ ချစ်ခင်တွယ်တာတတ်လွန်းတဲ့ ကျွန်မတို့ မြန်မာလူမျိုးတွေ။ ယဉ်ကျေးပြီး၊ အားနာတတ်တဲ့ ကျွန်မတို့ လူမျိုးတွေ။ ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်သလား၊ ထင်မိလေသလား မသိ၊ တခြားနိုင်ငံတွေက အလုပ်လာလုပ်သူများနဲ့ ကျွန်မတို့ လူမျိုးနဲ့ သိသိသာသာကြီး ကွာနေတဲ့အချက်က အပြုအမူ၊ အနေအထိုင်၊ အပြောအဆို ယဉ်ကျေးသိမ်မွေ့နေခြင်းပဲ။ အော် များသောအားဖြင့် ပညာတတ်တွေကိုးလေး။

"ဘောကျော်ကလေး" ကိုလည်း ကျွန်မမယ် ကျေးဇူးတင်စကား ပြောရပါသေးတယ်။ သူ့ lap top ကွန်ပြူတာလေးကို ကျွမ်းကျင်စွာသုံးရင်း၊ သူ့ဝါသနာ၊ ကင်မရာ၊ ကွန်ပြူတာ အကြောင်း ရှင်းပြနေတဲ့ ဒီကလေးကို ပညာတပိုင်းတစနဲ့ သူဝေးရပ်မြေခြား ထွက်မသွားခင်၊ ကျွန်မက မှာခဲ့ဖူးတယ်။ "ဘောကျော်ရေ.. ဝါသနာနဲ့ အလုပ်နဲ့ တထပ်တည်း မကျပဲ လုပ်နေရတဲ့ အချိန်မျိုးမှာ ကိုယ့်ဝါသနာကို မေ့မထားလိုက်နဲ့နော်။ ရသမျှ အချိန်လေးတွေ ထဲကနေပြီး ဝါသနာပါတာကို ရအောင်လုပ်ပါ။

ပညာတခုခုကိုလည်း ရအောင်သင်ပါ” လို့လေ ။ ကျွန်မစကားကို နားထောင်ရှာတဲ့ ဒီကလေးကို ကျွန်မတကယ် ကျေးဇူးတင်ပါတယ်။

“နောက်နှစ်လောက်ဆိုရင်တော့ ကျွန်တော်ပြန်တော့မယ် ဆရာမရယ်၊ လွမ်းလှပြီ”… တဲ့။

အို…. ဒါလည်း၊ ဝေးရပ်မြေခြားက ကျွန်မတို့လူမျိုးတွေရဲ့ တညီတညွတ်တည်း တူညီတဲ့ အချက်ပါ။ ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ ဘယ်လောက်ပဲ ပြည့်စုံပေမယ့် သူစိမ်းတွေကြားမှာ၊ ဘယ်သူပျော်နိုင်မှာလဲ၊ ကိုယ့်အိမ်ကိုပဲ လွမ်းပြီး ပြန်ချင်နေကြတာပါ။

အဲဒီအထဲမှာ… အခုဆိုရင် သုံးလထဲကို ချဉ်းနင်းဝင်ရောက်လာပြီ ဖြစ်တဲ့… ကျွန်မ တယောက်လည်း ပါ..ပါတယ်။

လွမ်းရက်တွေကို ဖြတ်ကျော်ရတာ တကယ့်ကို ခက်ခဲပင်ပန်းလှချည်ရဲ့။

## သူစိမ်းတွေကြားမှာ (၄) {ပထမပိုင်း}

မြေးကလေးရေ…. သူစိမ်းတွေကြားမှာ၊ သုံးလကျော်လာတော့၊ အဖွားတယောက် နဲနဲတော့ စိတ်ဖောက်ချင်လာပြီ ။

အခန်းထဲမှာ အင်တာနက်က အရိုင်း၊ ငှက်ပျောကြော်၊ ဒေါ်ရီသန့်တို့ရဲ့ စည်တော်ကြီး သီချင်းခွေတို့၊ မြို့မနှစ်ပတ်လည်တို့ကို အကျယ်ကြီးဖွင့်ပြီး ၊ တယောက်ထဲ လိုက်အော် ဆိုတာတွေ လုပ်ကုန်ပြီ။ ဂျူမုံတို့၊ အွန်စောတို့ရဲ့ နွေရာသီကလည်း သူတို့ပြောတဲ့ အပူဆုံးလဆိုတဲ့အတိုင်း၊ အတော်လေးတော့ ပူလာသား။ သူတို့ပူနည်းက ချွေးမထွက်ပဲ၊ ခြောက်ခြောက်ကြီး (မီးဖိုနားရပ်နေရသလိုမျိုး) ပူတာပဲ။ ဘယ်လိုကြီးမှန်းမသိဘူး။

“.. ဂါ၊ နာ၊ ခါ၊ လာ၊ မာ၊ ဘာ၊ ဆာ

…. အာ၊ ဂျာ၊ ချ၊ ခ၊ ထ၊ ဖ၊ ဟ”





ကျွန်မအော်နေတာကို နားထောင်ပြီး လွမ်းစိတ်ကြောင့် စိတ်ကရောက်ကယက် ဖြစ်သွားတာလား၊ ကိုးရီးယား နွေအပူဒဏ်ကြောင့် ဦးနှောက်ချောင်သွားလေသလားလို့ မထင်လိုက်ပါနဲ့အုန်းနော်။ ကိုးရီးယားဘာသာစကား သင်ယူနေရတဲ့ သူငယ်တန်းကျောင်းသူလေး နနရည်အင်းဝ ရဲ့ လေ့ကျင့်မှုပါ။ သူတို့ရဲ့ ဗျည်း (၁၄)လုံးကို ကျွန်မအော်နေတာပါ။

တယောက်ကို ဒေါ်လာ (၁၄၀၀)၊ ကိုးရီးယားဝမ် (၁၅) သိန်း ကျသင့်တဲ့ သင်တန်းကြေးနဲ့ (Hankuk Forigen Language Studies) ဆိုတဲ့ ကိုးရီးယားနိုင်ငံရဲ့ နံမည်အကြီးဆုံး နိုင်ငံခြားဘာသာ တက္ကသိုလ်မှာ၊ (၁၀) ပတ်တိတိ ကိုးရီးယားဘာသာစကား အပျော်တမ်းသင်ကြားရေး အစီအစဉ် စတင်နေပြီလေ။

ကျွန်မတို့ (KNUA) အဆောင်ကနေ ဆယ့်ငါးမိနစ်လောက် လမ်းလျှောက်လိုက်ရင် ကျွန်မတို့ စာသင်ခန်းကို ရောက်တယ်။ မနက် (၉)နာရီမှာ စသင်ရပြီး၊ နေ့ခင်း (၁)နာရီမှာ ပြီးတယ်။ အဲဒီတော့ (ဝမ်းသွားဖို့ ချော့မြူရတဲ့) ကိုယ့်ဒုက္ခနဲ့ကိုယ်၊ စောစောလေး ထရတယ်။ “ခုန္နာ (KNUA)” ရဲ့ စိမ်းမြတဲ့ တောအုပ်တွေကို ကြည့်ရင်း အင်တာနက်က ဒေါ်ရီသန့်တို့၊ ဒေါ်ချိုပြုံးတို့၊ ကိုသုမောင်တို့နဲ့ အတူတူ စိမ်ပြေနပြေ လက်ဘက်ရည်သောက်လေ့တဲ့ မနက်စာချိန်လေးကို နမြောလှပါတယ်။ ခုဆို ကျွန်မမှာ တီးမစ်ထုပ်တွေလည်း ရှိနေပြီလေ။ Lipton Tea နဲ့ နို့ဆီဗူးလည်း ရှိနေပြီလေ။ မြန်မာပြည်က တီးမစ်ထုတ်တွေကို သမီးမျိုးမျိုး (မျိုးသန္တာထွန်း)က ကိုးရီးယား လူကြုံရှာပြီးတော့ကို တကူးတကန့် ထည့်ပေးလိုက်ရှာတာ။ Lipton Tea နဲ့ နို့ဆီကိုတော့ ဒီက စာဖတ်ပရိသတ်ကလေးတွေ ထိုင်းဆိုင်ကနေရှာပြီး ဝယ်လာပေးကြရှာတာ၊ သိပ်အံ့သြဖို့ ကောင်းတာပဲ၊ Lipton Ton ကို မနည်းလိုက်ရှာရ တာလေ။ စူပါမားကက် အကြီးကြီးတွေမှာတောင် မရှိဘူး။ သူတို့က ကျွန်မတို့လို အင်္ဂလိပ် Tea ပေ့ါလေ၊ လက်ဘက်ရည်ချို သောက်လေ့မရှိကြဖူး။ လက်ဘက်ရည်ကြမ်း (Green Tea) ပဲ သောက်ကြတာကိုး။ ဘယ်ဆိုင် မှာပဲ ဖြစ်ဖြစ် Green Tea လက်ဘက်ခြောက်ထုပ်လေးတွေနဲ့ သူတို့ ကော်ဖီ မစ်ထုပ်တွေချည့်ပဲ ။ လက်ဘက်ရည်ငတ်နေတဲ့ ကျွန်မမှာ စိတ်ကိုပျက်ကရော ဆိုတဲ့အထဲကပဲ။

လက်ဘက်ရည်ထုပ်တွေ ရလာတော့လည်း ကြည့်အုန်း၊ တော်တော် ချွေချွေတာတာ မရှိတဲ့ ကျွန်မ၊ တီးမစ်တထုပ်ကို ရေနွေးမတ်ခွက်အပြည့်နဲ့ဖျော်ပြီး Lipton Tea တထုပ်ကို စိမ်၊ နို့ဆီဇွန်းသေးသေး လေးနဲ့ တဇွန်းထည့်ဖျော်ပြီး သောက်တယ်လေ။ အော်… အဲဒါမှလည်း ချိုပေ့ါကျလေး ဖြစ်တာကိုး။ ဒါပေမဲ့ ချစ်တဲ့သူရဲ့မေတ္တာပါတဲ့ အိမ်လက်ဘက်ရည်လေးနဲ့တော့မတူနိုင်ပါဖူး၊ စိတ်ထဲမယ်…. တခုခု လိုနေသလိုပါပဲ။

Lipton တီးမစ်လေးကို အရသာခံသောက်ပြီးတာနဲ့ ကျွန်မ စာထိုင်ရေးတော့တာ နေ့လည်လောက် အထိပေါ့။ "ခူန္ဒာ" ရဲ့ အနုပညာသင်တန်းတွေကို သွားကြည့်တာတို့၊ တခြားကိစ္စတွေတို့က နေ့ခင်း ပိုင်းတွေမှ သွားလေ့သွားထရှိတာကိုး။ ကိုယ့်ဟာလေးနဲ့ကိုယ်၊ ကိုယ့်အစီအစဉ်ကလေးနဲ့ကိုယ် ဟုတ်နေတာ၊ ကိုးရီးယားစာသင်ကြားရေး အစီအစဉ်က အချိန်တွေကို ကပြောင်းကပြန် ဖြစ်အောင် လုပ်ပစ်တော့တာ ။

ဒါပေမယ့် အံ့သြစရာ။ စာသင်ခန်းဟာ ကျွန်မအတွက် စိတ်ဝင်စားစရာ ကောင်းနေ တယ်၊ ပျော်စရာ ကောင်းနေတယ်။

ဘာသာစကားတခုကို လူကြီးဦးဏှောက်နဲ့ သင်ဖူးတာဟာ ဒါပထမဆုံးပေါ့။ အပျော်ထမ်းဆိုပေမဲ့ ဘာသာစကားတခုကို ဘယ်လို ချဉ်းကပ်လေ့လာမလည်းဆိုတဲ့ စိတ်ဝင်စား မှုလေးရှိနေရင် ပိုကောင်းတာပေါ့။ ကျွန်မ ချစ်သူငယ်ချင်း ပါမောက္ခချုပ်ကြီးကတော့ စာရေးဆရာ၊ ကဗျာဆရာ အချင်းချင်း ယိုင်းပင်းပြီးသားပါ။ "ပျင်းတဲ့နေ့ မသွားနဲ့.. စိတ်ညစ်မခံနဲ့" တဲ့လေ။ ကျွန်မက စိတ်မညစ် ပဲ ပျော်နေတယ်ဆိုတော့ သူက အံ့သြလို့။ သဘောတွေလဲ ကျလို့ ပေါ့လေ။

တကယ်တော့ ကျွန်မပျော်တယ်ဆိုတာ၊ ကိုယ့်အတွက် (မြန်မာလူမျိုးတယောက် အတွက်) မခက်လို့ပါ။ သူတို့နဲ့ ကျွန်မတို့နဲ့ Grammar က အတူတူပဲလေ။ "ကျွန်မ ထမင်း စားတယ်" ပဲ။ အင်္ဂလိပ်ဆို "ကျွန်မ စားတယ် ထမင်း" ကိုး။ သူတို့စာလုံးတွေ ကြည့်ပြီး ရေးရမှာ သိပ်ခက်မယ်ထင် တာလည်း ထင်သလောက် မခက်လှဘူး။

သူတို့မှာ "ကိုယ်ပိုင်စာ" "ကိုယ်ပိုင်ဘာသာစကား" ဆိုတာကို ၁၅ ရာစု၊ (၁၄၄၆) ခုနှစ်ကျမှ ဘုရင် " ဆဲဂျုန်း" (King Sejong) နဲ့ ပညာရှိတသိုက်က တီထွင်လို့ ရှိလာတာ။ အရင်က နှစ်ပေါင်းရာကျော် တရုတ်ဘာသာစကားရဲ့ လွှမ်းမိုးမှု အောက်မှာပဲ နေခဲ့ရတာပေါ့။ ခုချိန်ထိလည်း တချို့စကားလုံး တွေဟာ တရုတ်ဘာသာစကားရဲ့ လွှမ်းမိုးမှုအောက်မှာပဲ ရှိသေးတယ်တဲ့။ ဆဲဂျုန်းဘုရင်နဲ့ ပညာရှိတသိုက် တီထွင်ထားတဲ့ သူတို့ စာမှာ ဗျည်း consonents က (၁၄) လုံး၊ သရ vowels က ဆယ်လုံး (၁၀) ပဲ ရှိတယ်။ နှစ်ဆင့်ဗျည်း double consonents (၅လုံး) နဲ့ စကားဆက် combined vowels (၁၁) လုံး ရှိတယ်။ ဒါပဲ။

ကျွန်မတို့အတွက် လွယ်တယ်ဆိုတာက သူတို့အက္ခရာက ကိုယ့်လောက် မများတဲ့ပြင် အသံက လည်း ကိုယ့်လောက်မစုံဘူး။ သူတို့မှာ ရှိတဲ့ အသံတွေအကုန်လုံးဟာလည်း ကျွန်မတို့မှာ ရှိနေ တာကိုး။ "ချ" တို့၊ "ဂျ" တို့၊ "ပ" တို့၊ "ဘ" တို့ကို ကျွန်မတို့ ပီပီသသ ကွဲကွဲပြားပြား ရွတ်နိုင်တာ ကြည့်ပြီး၊ သူတို့မှာအံ့သြလို့။ ဒီပြင်လူတွေ မရဘူးလေ။ ကျွန်မတို့နဲ့ အက္ခရာ တော်တော်များများ တူတဲ့ နီပေါလ်တောင် အသံကျတော့ မရဘူး။ ကျွန်မ သူငယ်ချင်းမလေး နီပေါသူ ပန်းချီဆရာမ " အယ်ရီနာ" ဟာ တချိန်လုံး၊ "အညာရှေးရိုး" ပဲ၊ ဘယ်လိုမှ "ဆေးရိုး" လုပ်လို့မရဖူး။ "ရ" နဲ့ "ဆ"၊ "ရ " သံနဲ့ "ဆ" သံကို တလွဲစီထွက်တာကိုး။

အသံစုံပြီး နားထောင်ရင်လည်း ကွဲကွဲပြားပြား အသံရှိတဲ့ ကိုယ့်ဘာသာစကားလေးကို ပိုလို့ ချစ်မိတယ်။ ပြီးတော့ တန်ဘိုးထားမိတယ်။ ကျွန်မတို့မှာ၊ "က၊ ကာ၊ ကား.." ဆိုတဲ့ ကွဲကွဲ ပြားပြား အသံရှိပေမဲ့၊ သူတို့မှာ "ကော" နဲ့ "ကား" သံ နှစ်ခုပဲ ရှိတယ်။ ဒီနေရာမှာတော့ မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရမှာပဲ။

သူတို့မှာ "ဇ" သံ၊ "Z (ဇက်)" သံ လုံးဝမရှိတော့ "ဇက်" သံကို "ဂျ" သံပဲ ထွက်တယ်လေ၊ "ဇစ်" ဆို "ဂျစ်" ပဲ။ "ဇာ" ဆို "ဂျာ" ပဲဆိုတော့.... ၊ ဆရာမက "ဂျွတ်" ဆို၊ ကျောင်းသားတွေက "ဇွတ်"။ ပျော်စရာပါ။

ဆရာမလေးက ငယ်ရှာပါသေးတယ်။ "လင်ဟေးဂျင် ( Lin Hye Jin)" တဲ့၊ "အင် ဆန်ဆိနိ( ဆရာမအင်)" လို့ ခေါ်ရတယ်။ ချစ်စရာကောင်းပြီး အသင်အပြလည်း ကောင်းပါတယ်။ နိုင်ငံခြား သားကို သင်ရတာဆိုတော့ ရီစရာလေးတွေ၊ ဟာသလေးတွေ၊ အိုက်တင်လေးတွေနဲ့ ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင်၊ ဖြစ်အောင် သင်ရှာပါတယ်။ ကျောင်းသားစိတ်ညစ်ပြီး မလာတော့မှာကို သူတို့ခမျာ သိပ်ကြောက်ရှာတာကိုး။ ကိုယ်သင်တဲ့ စာသင်ခန်းမှာ ကျောင်းသား ရှိခြင်း၊ မရှိခြင်း၊ ကိုယ့်ကို ကြိုက်ခြင်း၊ မကြိုက်ခြင်း ပေါ်မှာ အလုပ်တည်မြဲခြင်း၊ မမြဲခြင်းက မူတည်နေတာကိုး။ ကြောက်တာ ပေါ့။ လစာကလည်း ထိုက်ထိုက်တန်တန် ရတာကိုးလေ။ နံမည်ကြီးပါမောက္ခတယောက်ဟာ တဘာသာသင်ရင် ဝမ် သိန်း(၈၀) ရတာတဲ့။

ကျွန်မတို့အခန်းမှာ ကျောင်းသား ကျောင်းသူ ဆယ်ယောက်ရှိတယ်။ မြန်မာ၊ နီပေါ၊ အိန္ဒိယ၊ အီရန်၊ မွန်ဂိုးလီးယား၊ ကျူးဘား၊ ခြောက်နိုင်ငံကပေါ့။ အသက်တွေက ဆယ့်ရှစ်နှစ်ကစပြီး ငါးဆယ်ကျော် ထိလေ။ အီရန်က "အားလီ" ဆိုတဲ့ ကောင်လေးက စာသင်ခန်းကို တပါတ်နောက်ကျပြီးမှ ရောက်လာတာ။ အရပ်က အရှည်ကြီး၊ ခြောက်ပေလောက်ရှိမယ်၊ ခန္ဓာကိုယ်ကလည်း အကြီးကြီး၊

မျက်နှာလေးကတော့ နနလေးပေမဲ့ ဘယ်သူကမှ သူ့ကို ဆယ့်ရှစ်နှစ်လို့ မထင်ဖူး။ အဲလောက်ငယ်မယ်လို့ မထင်ဖူးလေ။ သူက.. ဘွတ်တွေ၊ ရှတ်တွေ၊ ကုတ်တွေ အပြည့်အစုံနဲ့ ရှိုးစမိုးကလည်း ထုတ်ထားတာဆိုတော့ ဘယ်သူကမှ ဆယ့်ရှစ်နှစ်လို့ မထင်ဖူး။ အနည်းဆုံး အသက်အစိတ်၊ အများဆုံး သုံးဆယ်လို့ ခန့်မှန်းထားတာလို့ ဝိုင်းပြောကြတော့ "အိုး.... ဂေါ့" ဆိုပြီး အားလီလေးဟာ သူ့နဖူးသူ ရိုက်လို့မဆုံး၊ သူက အင်ဂျင်နီယာကျောင်းသားလေး၊ ဒီ ကိုးရီးယားမှာ ကျောင်းတက်ဖို့အတွက် လာလေ့လာတာတဲ့။ ကိုးရီးယားဘာသာစကားနဲ့ပဲ သင်တာများတဲ့ ဒီနေရာမှာ အရင်ဆုံး ကိုးရီးယားဘာသာစကားကို စမ်းသပ်သင်ကြည့်တာတဲ့လေ၊ "မာရီ" ဆိုတဲ့ အီရန်မလေးလည်း ရှိသေးတယ်။ သူလေးက (၂၂) နှစ်၊ ကိုးရီးယားမှာနေတဲ့ အမဆီ လာလည်ရင်း စကောလားရှစ်နဲ့ ကျောင်းရဖို့အတွက်၊ ကြိုးစားနေရှာတာ။ အီရန်တွေက အသားအရေ၊ မျက်လုံး၊ မျက်ခုံး သိပ်ကို လှကြတာပဲကိုး။ ပြီးတော့ သူတို့ရဲ့ လေယူလေသိမ်းက ဆွဲဆောင်မှု ရှိတယ်။ ချွဲချွဲလေး။ ဆရာမ "အင်" က သူတို့ လေယူလေသိမ်းကို "very sexy" တဲ့။ ကိုးရီးယားအသံထွက်တွေကို သူတို့ လေယူလေသိမ်းနဲ့ ပြောတဲ့အခါ အဓိပ္ပါယ်တွေဟာ အကုန်ပြောင်းကုန်ရောတဲ့လေ။ ဘာတတ်နိုင်မှာလဲ။

"အားလီ" လေးကို အမြဲတမ်း ကျောင်းပို့၊ ကျောင်းကြိုလာလုပ်တဲ့.. ကိုးရီးယား သူငယ်ချင်းလေး တယောက်ရှိတယ်။ "အားလီ" ကို သိပ်ဂရုစိုက်တာပဲ။ ကျွန်မတို့နဲ့ ဓါတ်လှေ ကားစောင့်ရင်း အမြဲဆုံနေကျပေါ့။ သူနဲ့ အပြန်အလှန် "အညာဆေးရိုး" ကြရင်းကနေ၊ တနေ့မှာတော့ သူက ကျွန်မတို့ရဲ့ အဆိုအက နည်းပြဆရာဖြစ်သွားရော။

အဲဒီနေ့က အတန်းထဲမှာ ဆရာမက ကလေးကဗျာလေးတပုဒ်ကို သင်တယ်လေ။ "ဝက်ဝံမိသားစု သုံးကောင်" သီချင်းလေးလေ။ ကျွန်မတို့ဆီမှာ ကလေးတွေ တော်တော်များများ သိတဲ့ သီချင်းလေးပေါ့။ ကိုးရီးယားနံမည်ကျော်ဇာတ်ကား၊ မြန်မာလို "ချစ်စံအိမ်" လို့ ထင်တယ်။ နံမည်ကြီး ကိုးရီးယားမင်းသား "ရိန်း (Rain)" နဲ့ နံမည်ကြီး မင်းသမီး "အွန်စော" တို့ရဲ့ ကားပေါ့။ အဲဒီထဲမှာ အွန်စောလေးက အဲဒီကလေးကဗျာလေးနဲ့ ကတဲ့ အကွက်လေးပါတယ်။ အရပ်ကလေးပုပုနဲ့ သူကတာ အရမ်းချစ်ဖို့ကောင်းတာပဲ။ ကျွန်မသိနေတာလဲ အိမ်နီးနားချင်း ကလေးတွေကြောင့်ပေါ့။ သူတို့လေးတွေက အဲဒီဇာတ်ကားအခွေကို အပိုင်ဝယ်ထားပြီး အဲဒီ အွန်စော ကတဲ့၊ ဆိုတဲ့ နေရာလေးကို ထပ်တလဲလဲ ဖွင့်ကြည့်ကြတာ။ ပြီးတော့ အဲဒီကဗျာလေးကို အော်ဆိုနေကြတာလေ။

"ဂုံဆယ် မာရီဂါ ဟန်ဂျီဘဲ အစ်ဆော အာပါးဂုံ အိုမား ဂုံ... အယ်ဂီဂုံ" တဲ့။ အတန်းထဲမှာ ဆရာမက ဆိုပြတော့ ကျွန်မက အကလေးပါ ပါတယ် ကပြပါလားလို့ပြောတော့ မလုပ်ပါနဲ့၊ ရှက်လို့ပါတဲ့၊ သူကောင်းကောင်းကတတ်ပါတယ်၊ ဒါပေမယ့်ဆိုပြီး တောင်းပန်တယ်။ အဲဒါ ဓါတ်လှေကားမှာ "အားလီ" သူငယ်ချင်း ကိုးရီးယားလေးနဲ့ တွေ့ရော၊ ကျွန်မတို့က အဲဒီကဗျာလေးကို ရွတ်လို့ကောင်းကောင်းနဲ့ ရွတ်လိုက်တာ၊ အဲဒီကလေးက ဓါတ်လှေကားရှေ့မှာ ကျကျနန ကပြပါလေရော။ ကျွန်မတို့ကိုလည်း ဒီလိုဆို၊ ဒီလိုက ဆိုပြီး သင်ပေးတော့တာ။ တကယ်တော့ ဒီကလေးကဗျာ သီချင်းလေးဟာ ကိုးရီးယားလူမျိုးတိုင်း သိတဲ့ ကဗျာသီချင်းလေးပေါ့။ သူတို့ ကလေးဘဝမှာ ဆိုခဲ့၊ ကခဲ့ရတဲ့ သီချင်းလေးကိုး။ ချစ်စရာကောင်းပါတယ်။ ကျွန်မတို့မှာငယ်ငယ်ကဆိုခဲ့ကြတဲ့ ကလေးကဗျာလေးတွေ ရှိပေမယ့် ဒီလို အကလေးနဲ့ပါ တွဲထားတဲ့ သတ်သတ်မှတ်မှတ် ကဗျာသီချင်းမျိုးလေး မရှိဖူးလေ။

ကျွန်မရဲ့ နောက်ထပ် သူငယ်ချင်းတယောက်ကတော့ "အန်းဒီ" ဆိုတဲ့ ကျူးဘားလေး၊ အသက်က (၂၁) နှစ်၊ ချစ်စရာ သနားစရာလေး။ သူတို့နိုင်ငံသုံး "စပိန်" ဘာသာစကားပဲ ပြောတတ်တာဆိုတော့ တခြားသူတွေနဲ့ ဆက်သွယ်ဖို့၊ စကားပြောဖို့က ပြဿနာပေါ့။ အင်္ဂလိပ်လိုလည်း တလုံးနှစ်လုံး ကလေးပဲ သိရှာတယ်။ ကိုးရီးယားလိုလည်း (ကျွန်မတို့အားလုံး) အရင်ဆုံး စပြောတတ်တဲ့ "မိုးလားယို"၊ "မသိဖူး" ဆိုတာပဲ ပြောတတ်တော့ နောက်ဆုံး အင်တာနေရှင်နယ်ဘာသာစကား၊ လက်ဟန်ခြေဟန်ပဲပေါ့။

ဒီကလေးကလည်း ကိုးရီးယားမှာ တနှစ်ဗီဇာ သက်တမ်းနဲ့ ကိုးရီးယားစာသင်ရင်း ကျောင်းတက်ဖို့ ကျောင်းရှာမှာ။ ကျောင်းရှာတယ်ဆိုတာ၊ ကိုယ်တက်ချင်တဲ့ တက္ကသိုလ်တွေ ရဲ့ ဝင်ခွင့်စာမေးပွဲတွေကို လိုက်ဖြေရတာပေါ့။ တက္ကသိုလ်အများစုက ကိုးရီးယားလိုသင်တာ ဆိုတော့ ကိုးရီးယားစာကို အရင်သင်ရတာပေါ့။

ကျွန်မက အန်းဒီကို "ငါ မင်းတို့ ခေါင်းဆောင် ကပ်စထရိုကို သိတယ် အန်းဒီ" လို့ပြောတော့ သူ့မျက်နှာလေးက ရှုံ့မဲ့မဲ့လေး။ ကျွန်မက ရယ်မောရင်း "မင်း ကပ်စထရိုကို ကြိုက်လား" လို့ မေးတော့ "မိုးလားယို" တဲ့။ မသိဖူးတဲ့။ လူလည်လေး။ ပြီးတော့ လူနောက်လူပြောင်လေး၊ ကျွန်မက အပေါက်ဝကို လက်ညှိုးထိုးပြီး "ဟိုမှာ ကပ်စထရို လာနေပြီ" လို့ နောက်လိုက်တာနဲ့ ပျာရိပျာယာ ခုံအောက်ဝင်ပုန်းတတ်တယ်။ ခုံအောက်မှာ "ပု" နေရင်းကလည်း အားလုံးကို နှုတ်ခမ်းပေါ်လက်တင်ရင်း "တရှူးရှူး" နဲ့ လုပ်တတ်သေးတယ်။

"ချေဂွေဗားရားလာနေပြီ" လို့အော်ရင်တော့ ဖျတ်ဆို သတိဆွဲပြီး အလေးပြုတတ်တယ်။ ပြီးတော့မှ လက်မထောင်ရင်း "ဂျိုအာရို" တဲ့။ ကိုးရီးယားလို သိပ်ကောင်းတယ်လို့ ပြောတာလေ။

ပြီးတော့ ဆရာမ "အင်" က စကားလုံး အသစ်တလုံး၊ သင်ခန်းစာ အသစ်တခု တက်ပြီ ဆိုရင် သူ့အတွက် နဲနဲရှုပ်သွားတာနဲ့ ခေါင်းလေးခါပြီး... "ဘာလို့ အဲလို ဖြစ်ရတာလဲ" လို့ ဆရာမကို မေးတတ်တယ်။ ဆရာမကလည်း ရယ်ရယ်မောမောနဲ့ အမြဲဖြေတယ်။ "အဲဒါ ငါလည်းမသိဘူး၊ စာတီထွင်တဲ့ ဆဲဂျုန်း ဘုရင်ကို သွားမေးပါ" တဲ့။ အဲဒါ နောက်ကျတော့ သူနားမလည်တော့ဖူးဆိုရင် "အိုး ဆဲဂျုန်း" လို့ ခေါင်းရမ်းပြီး အော်တော့တာပဲ။ ဟာသရှိတဲ့ အန်းဒီက စာသင်နေရင်းကလည်း ဘေးနားက ကျွန်မကို ကပ်ပြီးတော့လည်း မေးတတ်တယ်။ "ဆဲဂျုန်း ဘာကြောင့် အဲလို လုပ်ရတာလဲ" တဲ့။ ကျွန်မက "စာတီထွင်တုန်းက ဆဲဂျုန်းနဲ့ ပညာရှိတသိုက်ဟာ ဆိုဂျူးသောက်ပြီး တီထွင်တာ" လို့ ပြောတော့ သူ့မှာ ခုံအောက်မျက်နှာ ဝင်ပြီး တခစ်ခစ်နဲ့ အူတက်လို့ မဆုံးတော့ဖူး။

## သူစိမ်းတွေကြားမှာ (၄) {ဒုတိယပိုင်း}

နောက်စာသင်ဖက်နှစ်ယောက်က မွန်ဂိုက အကဆရာမ နှစ်ယောက် ။ တယောက်က အသက်အစိတ်၊ တယောက်က နဲနဲကြီးရှာပြီ။ ငါးဆယ့်ငါးနှစ်တဲ့။ နှစ်ယောက်လုံးက အင်္ဂလိပ်လို မပြောနိုင်ရှာတော့ ပြဿနာပေ့ါ။ အငယ်မလေးက နဲနဲလေး ရတယ်။ "ဂျာဂါ" ဆိုတဲ့ အကြီးမကြီးက လုံးလုံးမရရှာဖူး။ သူက သူတို့နိုင်ငံမှာ နံမည်ကြီး မင်းသမီးကြီးပေ့ါ။ သူတို့ ယဉ်ကျေးမှုတက္ကသိုလ်မှာ အကဆရာမပေ့ါ။ သနားဖို့ကောင်းတာက ကိုးရီးယားစာကို သူ့ခမျာ ဘယ်လိုမှ မလိုက်နိုင်ရှာဖူး။ လက်တခါခါနဲ့ ခေါင်းကို ထိုးပြပြီး သူဘာမှ မသိဖူးတဲ့။ သူတို့ မွန်ဂိုတွေ ကျွမ်းကျင်တာက ရုရှားဘာသာစကားတဲ့။ ရုရှားလိုတော့ ကောင်းကောင်းပြောတတ်တယ်။ မွန်ဂိုတွေလည်း ကိုးရီးယားကို အလုံးအရင်းနဲ့ ဝင်နေကြတာပေ့ါ။ ပညာသင်ဖို့ ရောက်လာကြတဲ့ လူငယ်တွေ အများကြီးရှိသလို စားသောက်ဆိုင်တွေမှာလည်း မွန်ဂိုမလေးတွေ အများကြီးပဲတဲ့။

မွန်ဂိုမင်းသမီးကြီး "ဂျာဂါ" ကို ကျွန်မ တကယ့်ကို ကျေးဇူးတင်ရတာရှိတယ်။ ကျွန်မ ဒီကို ရောက်ပြီး တလလောက်မှာ လမ်းလျှောက်တာတွေ များလို့လား ဘာလား မသိပါဖူး။ အခန့်မသင့်ဖြစ်ပြီး အခန်းထဲမှာပဲ ကျွန်မညာဘက် ခြေဖမိုးထဲက မျက်ကနဲဖြစ်သွားပြီး လမ်းလျှောက်လို့ကို မရတော့ဖူး





ဖြစ်သွားသေးတယ်။ တကယ်ဆိုတော့ ကျွန်မအစဉ်အလာက ဘယ်နေရာရာ ရောက်ရောက်၊ ချော်လဲတတ်တဲ့ အစဉ်အလာရှိတယ်။ အရိုးအကြော စပါယ်ရှယ်လစ် "ဒေါက်တာပင်ဒိုရာအောင်ကြီး" ဟာ ကျွန်မရဲ့အားထားရာပေ့ါ။ ဒေါက်တာပင်ဒိုရာ မရှိတဲ့ ဒီနေရာမှာ ချော်မလဲအောင် ကိုယ့်ဟာကိုယ် သတိထားနေရင်းက ဖြစ်သွားတာလေ။ အဲဒါ တက္ကသိုလ်ဆေးရုံကို သွားဖို့ပြင်နေတုန်း မွန်ဂိုမင်းသမီးက ကျွန်မဆီရောက်လာတာ။ သူကလည်း ကျွန်မတို့ (KNUA) အစီအစဉ်နဲ့ ရောက်နေတဲ့သူလေ။ သူက ကျွန်မကို လိမ်းဆေးအဆီ ရှိလားတဲ့။ မရှိလည်း ဟင်းချက်တဲ့ ဆီဆိုလည်း ရတယ်တဲ့။ ကျွန်မက လင်ဇီးလိမ်းဆေး အဆီရှိတယ်လို့ သူ့ကိုပြတော့ "ပေး" ဆိုပြီး တခါထဲ ကျွန်မအိပ်ရာဘေးမှာ ဒူးလေးထောက်ပြီး ကျွန်မ ခြေဖမိုးတဝိုက်ကို နှိပ်တော့တာ။ တကယ့်ကို ညင်သာပြီးကျွမ်းကျင်တာပဲ။ သူက လက်ဟန်ခြေဟန်တွေနဲ့ ပြောပြရှာတယ်။ သူတို့က,တဲ့သူတွေဟာ ခဏခဏ အကြောတင် တတ်တယ်တဲ့။ အဲဒါကြောင့် သူ ဒီပညာကို သင်ထားတာပေ့ါလေ။ ဘာမှမစိုးရိမ်နဲ့၊ ဆေးရုံလည်း မသွားနဲ့၊ ဆေးရုံသွားရင် ကိုးရီးယားထုံးစံ အပ်တွေနဲ့ စိုက်လိမ့်မယ်တဲ့။ သူ သုံးရက်နှိပ်ပြီးရင် ပျောက်သွားလိမ့်မယ်ဆိုပြီး ကျွန်မကို၊ မနက်တိုင်း သုံးရက်တိတိ လာနှိပ်ပေးရှာတာ၊ အံ့ဩစရာ၊ နှစ်ရက်မြောက်မှာ ကျွန်မ လမ်းလျှောက်နိုင်သွားတယ်လေ။ သူငယ်ချင်း "ဂျာဂါ" ကို တကယ်ကို ကျေးဇူးတင်ရ တာပေ့ါ။

နောက်နှစ်ယောက်သော သူငယ်ချင်းက "မန်ဂျူ" ဆိုတဲ့ နီပေါမလေးနဲ့ "ဂျူဒီ" ဆိုတဲ့ အိန္ဒိယသူကုလားမလေး။ အသက်ကလေးတွေက နှစ်ဆယ်တနှစ်နဲ့ နှစ်ဆယ်နှစ်နှစ်။ "ဂျူဒီ" လေးက အသက်နှစ်ဆယ်နှစ်နှစ်ပေမဲ့ အိန္ဒိယထုံးစံအတိုင်း သားတယောက်အမေ ဖြစ်နေပြီ။ သူ့ယောက်ျားလေးက ဩစတေလျမှာ။ သားငယ်လေး တနှစ်သားကို အဖေအမေဆီမှာ ထားခဲ့ပြီး သူ့ကုမ္ပဏီက တက်ခိုင်းတဲ့ ကိုးရီးယားဘာသာစကား ဆယ်ပတ်သင်တန်းကို လာတက်ရရှာတာ။

နီပေါမလေး "မန်ဂျူ" ကတော့ ကျောင်းတက်ဖို့လာတာ။ ထုံးစံအတိုင်း ကိုးရီးယားစာ သင်ပြီး ကျောင်းရှာရမှာပေ့ါ။ သူကလေးက ကိုးရီးယားစာကို အပြင်းအထန်လုပ်ရမှာဆိုတော့ ဒီတတန်းထဲ တင်မဟုတ်ပဲ တခြားအတန်းတွေကိုပါ တနေကုန် လိုက်တက်နေရရှာတာ။ ကျွန်မတို့ အတန်းထဲမှာတော့ မန်ဂျူဟာ အတော်ဆုံးပေ့ါ။ မသိတာရှိရင်၊ သူ့ကို အားလုံးမေး ကြရတာပဲ။ သူရယ်၊ ကုလားမလေးဂျူဒီရယ်၊ ကျွန်မသူငယ်ချင်း နီပေါပန်းချီဆရာမ အယ်ရီနာရယ် သုံးယောက်က ဟိန္ဒူစတန်နီစကားနဲ့ ပြောလို့ရကြတော့... အိုး... အတန်းထဲမှာ တကယ် ကုလားသိုက်ကျားဝင်ကိုက်ပဲ။

"ဆရာမအင်" က သူတို့ကြောင့်ပဲအတန်းထဲမှာ ကိုးရီးယားစကားကလွဲရင် တခြားမည်သည့်ဘာသာ

စကားကိုမျှ မပြောရ၊ ပြောတဲ့သူ တခါပြောရင် ဝမ် ၅၀၀ ပေးရမယ်၊ အဲဒီပိုက်ဆံနဲ့ ဒီသင်တန်းပြီးရင် ပီဇာပါတီလုပ်မယ်ဆိုပြီး စည်းကမ်းသတ်မှတ်ရတော့တာ။

အဲဒီ စည်းကမ်းသတ်မှတ်တဲ့နေ့မှာပဲ အီရန်သားလေး အားလီက ဝမ်တသောင်းတန်ကို ရန်ပုံငွေပုံးလေးထဲ ချက်ချင်းထည့်တယ်လေ။ သူက မဖြစ်ဖူးတဲ့၊ သူစာနားမလည်တာကို အီရန်မလေး "မာရီ" ကို မေးမှ ဖြစ်မှာတဲ့။ သူဘာမှ နားမလည်ဖူးတဲ့။ တကယ်လည်းတကယ်၊ အဲဒီကလေးဟာ အတန်းထဲမှာ ဘာမှလည်း လိုက်မရေး၊ လိုက်မမှတ်တော့ဖူး၊ ထိုင်နားထောင်နေ တာပဲ။ ပြီးရင် တခိခိရယ်ရော။ သူ့ကြောင့်လည်း ဆရာမ"အင်" မျက်လုံးပြူးရပြီး တတန်းလုံး တဟားဟားရယ်ရတာလည်း အကြိမ်ကြိမ်။ "လှတယ်" ဆိုတဲ့ ကိုးရီးယားစကားကို "အားလီ" တလွဲသုံးလိုက်ပုံက "အရသာရှိတယ်" ဆိုတဲ့ စကားနဲ့လေ။ ဆရာမ"အင်" က နံမည်ကျော်မင်းသမီး "ဆောင်းဟေကို" (ကျွန်မတို့ရဲ့ အွန်စော) ပုံကို ပြပြီး "အားလီ" ကို စကားလုံး သုံးခိုင်းတာ.. အားလီသုံးပြလိုက်တယ်လေ။ "ဆောင်းဟေကိုဟာ အရသာသိပ်ရှိတယ်" တဲ့။

ကျွန်မလည်း ဆရာမ "အင်" ကို မျက်လုံးပြူးအောင် လုပ်ပြီးပါပြီ။ တခုသော စာသင်ချိန် အစမှာ ဆရာမလေးက မျက်နှာလေးညှိုးညှိုးနဲ့။ မနေ့ညကပဲ သူ့ရဲ့ ချစ်သူဟာ မီဂု(အမေရိကား) ကို ပြန်သွားပြီတဲ့။ အဲဒါကြောင့်.. သူ အခု ဘာဖြစ်နေသလဲ လို့ class ကို အသုံးချမေးခွန်းမေးတော့တာပဲ။ လူကြီးဦးကျောက်နဲ့ စကားလုံးတွေကို မှတ်တတ်တဲ့ ကျွန်မက ဖြတ်ခနဲ ဖြေချလိုက်တယ်။ "ဆရာမအင် ခေ့ဖုမိတာ ဖြစ်နေတယ်" လို့လေ။ ဆရာမအင် ဝမ်းနည်းနေတယ်ပေါ့။ ဆရာမအင်မှာ မျက်လုံးပြူးသွားပြီး "ဘာ... ခေ့ဖုမိတာ" ဆိုပြီး "နိုးနိုး အာနိယို ဆော့ဖုမိတာ" လို့ ကဗျာကရာ ပြင်ပေးရင်းက တဟားဟားရယ်ရော။ ပြီးတော့မှ " ဂမ်ဆမ်းမီသာ၊ ကျေးဇူးပဲ နန၊ ငါ့ချစ်သူကြောင့် ဆော့ဖုမိတာ ဖြစ်နေတာ မင်းကြောင့် ခုမှ ငါ ခေ့ဖုမိတာ ဖြစ်သွားတော့တယ်.." တဲ့။ "ဆော့ဖုမိတာ" က ဝမ်းနည်းတာ၊ "ခေ့ဖုမိတာ" က ပျော်ရွှင်တာလေ။

ကျွန်မတို့ အတန်းလေးဟာ ကိုယ့်ဟာနဲ့ကိုယ်တော့ "ခေ့ဖုမိတာ" ဖြစ်နေတာပါပဲ။ မန်ဂျူလေးနဲ့ ဂျူဒီလေးကလည်း တချိန်လုံး ကျွန်မကို ကုလားသီချင်း လိုက်သင်လား သင်ရဲ့။ တခါသား ကျွန်မက နောက်ပြီး သူတို့အရွယ်တွေ မသိနိုင်တော့ဖူး ထင်တဲ့ ကျွန်မတို့ ငယ်ငယ်က ကုလားသီချင်း " ရှူးပွတ်တေနား၊ မာစတားနား" ကို ဆိုပြလိုက်မိတာ၊ အံ့သြစရာ သူတို့က သိနေပြီး၊ ခုချိန်ထိ ခေတ်စားနေဆဲ.. သီချင်းတဲ့။ တချိန်လုံး ကျွန်မကို သင်ပေးနေတော့တာပဲ။ class ခဏနားတဲ့အချိန်





ဆို အိန္ဒိယသူ ဂျူဒီက အက, လေးတောင် ပါလိုက်သေးတယ်။ ချစ်စရာလေးတွေပါ။

ချစ်စရာ ပျော်တတ်သော ဂျူဒီလေးဟာ အံ့သြစရာ.... မျက်ရည်ကျတတ်သော၊ အနုပညာကို ခံစားတတ်သော ကလေးလည်း ဖြစ်လို့ နေပါသေးတယ်။ ကိုးရီးယားစာသင်ကြား ရေးမှာ နားထောင်တတ်ဖို့၊ နားလည်နိုင်ဖို့ အတွက် ရုပ်ရှင်ပြပြီး သင်တာပါတယ်။ ကိုးရီးယားလို စကားပြော၊ စာတန်းလည်း ထိုးပေးထားတာပေါ့။

ကျွန်မတို့ကို ပြတဲ့ ရုပ်ရှင်ကားလေးက "The way home" တဲ့။ ကိုးရီးယားလို "ဂျီဘေ့ယို" မြန်မာလို "အိမ်အပြန်" ပေါ့လေ။ မြေးအဖွား နှစ်ယောက်အကြောင်းလေးကို ရိုက်ပြထားတာ။ သူတို့ဆီမှာ ဆုတွေ အများကြီး ရတဲ့ကားပေါ့။ ဇာတ်ကားထဲက အသက် (၇၇)နှစ် အရွယ် ဇာတ်ဆောင်အဖွားကြီးက ရုပ်ရှင်သရုပ်ဆောင် မဟုတ်ဖူး။ အပြင်က တကယ့်အစိမ်း သက်သက်ကို ထည့်ပြီး ရိုက်ထားတာ။ ရိုက်ရတာ သိပ်ကို ခက်မှာပါပဲ။ ဒီကားလေးကို ကျွန်မက မြန်မာပြည်မှာ ကတဲက ကြည့်ပြီးနေပြီလေ။ စာသင်ခန်းမှာ ကြည့်တာသုံးကြိမ် မြောက်လို့ ပြောတဲ့အခါ ဆရာမ" အင်" က အံ့သြလို့။ မြန်မာပြည်မှာ ရှားရှားပါးပါး ဇာတ်ကား လေးတွေ ရလာရင် လက်တို့ လဲလှယ်ကြည့်ကြတဲ့ ရုပ်ရှင်ရူးအဖွဲ့မှာ ကျွန်မလည်း အဖွဲ့ဝင်တယောက်ပေါ့။ ဆရာသုခမိန်လှိုင်ဟာ ဥက္ကဋ္ဌတောင် ရွေးချယ်တင်မြှောက်ထိုက်တဲ့ သူလေ။

ရှားရှားပါးပါး၊ ဇာတ်ကားကောင်းလေးတကား ကြည့်ရတဲ့ အရသာဟာ ဘာနဲ့မှ မလဲနိုင်ပါဖူး။ ဝတ္ထုကောင်းလေးတပုဒ် ဖတ်ရတဲ့ အရသာနဲ့လည်း ဆင်ဆင်တူပါတယ်။

ကိုးရီးယားဇာတ်ကားအားလုံးကို ကျွန်မ မကြိုက်ပါဖူး။ အထူးသဖြင့် Series လို့ ခေါ်တဲ့ Soap Opera အမျိုးအစား၊ ဇာတ်လမ်းတွဲတွေကို မကြိုက်ဖူး။ soap opera ထုံးစံအတိုင်း၊ ဇာတ်ကို ဆွဲဆန့်ရတဲ့ အခါမှာ လှလှပပ၊ သပ်သပ်ရပ်ရပ်၊ ဆွဲမဆန့်တတ်ရင်၊ "ဆွဲဆန့်ထားတဲ့ အရာကြီး" ကို မြင်နေရရော။ အရသာက ဘယ်လိုမှ မရှိတော့ဖူး။ ကိုးရီးယားရုပ်ရှင်ဇာတ်ကား ကို ပိုကြိုက်တယ်။

မြန်မာပြည်မှာတုန်းက ဘယ်လိုမှ အရသာမရှိတဲ့ ခိုးကူးခွေတွေကို မကြည့်ချင်တာနဲ့ မကြည့်ဖြစ်ခဲ့တဲ့ နံမည်ကျော် ဒါရိုက်တာ ရင် (ဂျန်ဒေါင်ဝန်) နဲ့ ထယ်ဆောက် တို့ရဲ့ နံမည်ကြီး ကိုးရီးယားစစ်ကားကို ဒီကျမှ ကျွန်မကြည့်ရတယ်။ "Taegukgi" ဆိုတဲ့ ၁၉၅၀က တောင်နဲ့မြောက် ကိုးရီးယားစစ်ပွဲကားပေါ့။

ကျွန်မကြည့်ရတဲ့ နေရာက အဲဒီ စစ်ပွဲဖြစ်ခဲ့တဲ့နေရာ၊ "ဒယ်ဂု" မြို့ရဲ့ စစ်သမိုင်းပြတိုက်ကို လေ့လာဖို့ အသွား၊ ကားပေါ်မှ အဲဒီရုပ်ရှင်ကို ပြတာ။ ကာလဒေသ နောက်ခံကပဲ တိုက်ဆိုင်နေလို့လား မသိပါဖူး။ ကောင်းလိုက်တဲ့ရုပ်ရှင်။

တောင်နဲ့မြောက်ကိုးရီးယား စစ်ပွဲအတွက် လူငယ်တွေကို အတင်းအဓမ္မ စစ်တပ်ထဲ ဝင်ဖို့ ဆွဲခေါ်တဲ့ အထဲမှာ ညီငယ်လေးက ပါသွားတော့၊ အကိုလုပ်သူက လိုက်ခေါ်ရင်း... သူပါ . လိုက်သွားရပြီး၊ စစ်ပွဲထဲ ရောက်သွားကြရတဲ့ ဇာတ်ပေါ့။ စစ်ပွဲတွေကို ရိုက်တာလည်း သိပ်ကောင်းတာပဲ၊ ကင်မရာတွေရော၊ သရုပ်ဆောင်တွေရော၊ စစ်ပွဲထဲကို ကိုယ်ပါရောက်သွား တော့တာပါပဲ။ တကယ်တမ်းဆို ကျွန်မက "စစ်ကား" ဆို သိပ်မုန်းတာ၊ သိပ်ကောင်းလွန်းတဲ့ ကားကျမှ ကြည့်တာ။ ဒီဇာတ်ကားကို ကျတော့ သဘောကျလိုက်တာ။ စိတ်ထဲမှာလည်း ဖြစ်မိတယ်၊ အော် သူတို့ စစ်ကားလည်း ကောင်းကောင်း ရိုက်တတ်သွားပြီလို့။

အဲဒီကားထဲမှာ ကျွန်မ သိပ်ကို ခံစားရတဲ့ အကွက်လေး တကွက် ရှိတယ်။ ကျွန်မကို ရက်ပေါင်း တော်တော်ကြာကြာ စိတ်ထိခိုက်စေခဲ့တဲ့ အခန်းလေးပေါ့။ စစ်ထဲပါသွားတဲ့ အကို လုပ်သူမှာ မအေမုဆိုးမ မိသားစုနဲ့အတူတူ ကျန်ခဲ့တဲ့ ငယ်ငယ်ကတည်းက အတူနေလာခဲ့ သူလေး ရှိတယ်။ အဲဒီ မိန်းကလေးကပဲ ညီအကိုနှစ်ယောက်ရဲ့ မိသားစုကို စစ်အတွင်းမှာ လုပ်ကိုင်ကျွေးမွေးခဲ့ရှာတာပေါ့။ တောင်ကိုးရီးယားတပ်တွေက အောင်ပွဲခံပြီး၊ ညီအကို နှစ်ယောက် ပြန်လာတဲ့အခါမှာ အဲဒီမိန်းကလေးဟာ စစ်အတွင်းမှာ မြောက်ကိုးရီးယားတပ်ကို ထောက်ခံကြောင်း လက်မှတ်ရေးထိုးခဲ့မှုနဲ့ အဖမ်းခံနေရရှာပြီ။ အကိုလုပ်သူက ဒေါသနဲ့ လိုက်သွားတဲ့အခါမှာ သူတို့ရဲ့ တောင်ကိုးရီးယားစစ်တပ်က မရဖူး၊ သစ္စာဖောက်တွေကို လွှတ်မပေးနိုင်ဖူးတဲ့။ စစ်အတွင်း တိုက်ပွဲတွေမှာ အသေခံတိုက်ပွဲဝင်ခဲ့တဲ့၊ သူရဲကောင်းဘွဲ့ တံဆိပ်ရ အကိုလုပ်သူက မိန်းကလေးကို၊ "ဒါ ငါ့မိသားစုဝင်ကွ" လို့ပြောပြီး ဆွဲခေါ်တဲ့အချိန်မှာ မိန်းကလေးက ပြောရှာတယ်။ "ငါလက်မှတ်ထိုးတာ မှန်ပါတယ်ဟယ် ....တဲ့၊ ဒါပေမဲ့ ငါ ငတ်လွန်းလို့ ထိုးလိုက်မိတာပါ၊ အဲဒီလက်မှတ်ထိုးရင် တို့မိသားစုအတွက် စားစရာပေးမယ် ဆိုလို့ပါ... " တဲ့။ အကိုလုပ်သူက မချိတင်ကဲနဲ့ မိန်းကလေးကို ဆွဲအထွက်၊ နောက်ကနေ သေနတ်နဲ့ ပစ်ချလိုက်တာ၊ နောက်ကျောတည့်တည့်မှန်ပြီး လဲကျသွားရှာတဲ့ မိန်းကလေးက ချစ်တဲ့သူရဲ့ ရင်ခွင်မှာ နောက်ဆုံး စကားလေးတခွန်းကို ပြောပြီး ဆုံးပါးသွားခဲ့ရှာတာ။

"ငါနင့်ကို ဘယ်လောက်လွမ်းခဲ့ရတယ်ဆိုတာ နင်သိမှာ မဟုတ်ပါဖူး...." တဲ့။ မျက်ရည်မပါပဲ သူပြောသွားတဲ့ စကားလေးတခွန်းဟာ ကျွန်မကို မျက်ရည်တပေါက်ပေါက် ကျစေခဲ့ပါတယ်။ တကယ်တော့ သူပြောတဲ့ စကားလေးဟာ အင်္ဂလိပ်လို စာတမ်းလေးပါ။ သူပြောတဲ့ ကိုးရီးယားစကားကို ကျွန်မ နားမလည်ပါဖူး ။

ကျွန်မတို့ စာသင်ခန်းမှာ ကြည့်ရတဲ့ မြေးအဖွားဇာတ်ကားလေးကလည်း၊ ဇာတ်ကလေးက ပါးပါးလေးရယ်။ ဝေးလံသီခေါင်လှတဲ့ ရွာကလေးမှာ တယောက်ထဲ နေရရှာတဲ့ အဖွားအိုဆီကို ဆိုးလ်မြို့ကြီးမှာနေတဲ့၊ သမီးလုပ်သူက သူ အဆင်မပြေတဲ့ အခိုက် အတန့်လေးမှာ သူ့ရဲ့ ခုနှစ်နှစ်ရွယ်သားလေးကို ခဏလာပို့ထားတဲ့ အဖြစ်အပျက်လေးပေါ့။

မြေးနဲ့အဖွားက တခါမှ မတွေ့ဖူးကြဖူး။ အဖွားက စကားလည်းမပြောတတ်၊ စာလည်းကောင်းကောင်းမတတ်ရှာဖူး။ မြေးကလည်း မြေးဆိုးကလေး။ ခါးကုန်းကုန်းကြီးနဲ့ ဆင်းရဲပင်ပန်းစွာ နေရရှာတဲ့ အဖွားကို အမျိုးမျိုးဆိုး။ အဖွားကအားလုံးခွင့်လွှတ်။ နောက်ဆုံးတော့ မြို့ကအမေက ပြန်လာခေါ်ခါနီးမှ မြေးကလေးကသံယောဇဉ်တွယ်သွားပြီး စိတ်ထိခိုက်စွာခွဲခွါကြတာလေးကို ရိုက်ပြထားတာ။

ကျွန်မ ဒီဇာတ်ကားလေးကို ကြည့်တဲ့အခါတိုင်း မြို့ကို ပြန်ရခါနီးမှာ၊ မြေးကလေးက မမြင်မစမ်းနဲ့ အပ်ပေါက်ထိုးရရှာတဲ့ အဖွားအတွက်အပ်ပေါက်ထိုးပြီးသား ချည်အရှည်ကြီးတွေနဲ့ အပ်တွေကို အပ်ချုပ်ခုံကလေးမှာ အများကြီးထိုးပေးထားခဲ့တဲ့ အခန်းလေးကိုရောက်ရင် ဘယ်လိုမှထိန်းမရပဲ မျက်ရည်က ဝေစမြဲပေါ့။ ကျွန်မချစ်တဲ့အဖွားကို ဟိုစဉ်ငယ်ဘဝတုန်း က အမြဲ အပ်ပေါက်ထိုးပေးရတာလေ။

ကျွန်မတို့ ကြည့်နေကြတုန်း အဲဒီအခန်းလေးလည်းရောက်ရော။ မှောင်နေတဲ့အခန်းထဲ မှာ ရှိုက်ကြီးတငင် ငိုချလိုက်တဲ့ အသံက အကျယ်ကြီး ထွက်လာခဲ့ပါတယ်။ ဆရာမ "အင်" လည်း လန့်ဖြတ်သွားပြီး မီးကိုဖွင့်လိုက်တော့ အိန္ဒိယသူလေး ဂျူဒီရယ်လေ။ ကျွန်မက"ဂျူဒီ" လို့ ခေါ်လိုက်တော့ မျက်ရည်ဝေနေတဲ့ ကျွန်မဆီ သူပြေးလာပြီး "နုနု.. နုနု" ဆိုပြီး ဖက်ပြီး ငိုတာ၊ ငိုတာ၊ မနဲချော့ရတယ်။

ခံစားတာချင်း၊ ခံစားတတ်တာချင်း မတူကြပုံများ၊ အီရန်သားလေး "အားလီ" နဲ့ အီရန်မလေး "မာရီ" တို့ကတော့ တခိခိနဲ့၊ ဂျူဒီလေး ဘာကြောင့် အဲလို ဖြစ်တာလဲတဲ့။ မာရီက သူ့အနေနဲ့ အဲဒီ ရုပ်ရှင်ထဲက မြေးဆိုးကောင်လေးကို အပြင်ဖက်ခေါ်ထုတ်ပြီး ခပ်စပ်စပ်လေး ရိုက်ပစ်ချင်တာပဲ ရှိတယ်တဲ့။

နီပေါသူ "မန်ဂျူ" လေး ဆရာမ"အင်" ကို မေးတဲ့ မေးခွန်းကတော့ good question ပါ။ ဒါလောက်အသက်ကြီးပြီး ဆင်းဆင်းရဲရဲပင်ပင်ပန်းပန်းနေရရှာတဲ့ အဖွားအိုတယောက်ထဲ ပစ်ထားတာ ဘာ

ကြောင့်လဲတဲ့။ ဆရာမ"အင်"ခမျာ ကျေနပ်လောက်တဲ့အဖြေကို မပေးနိုင်ရှာဘူး။ "တောရွာမှာ နေကြတဲ့ လူငယ်တွေဟာ၊ ဆိုလ်း မြို့ကြီးမှာပဲ နေချင်ကြတယ်တဲ့၊ အဲလိုနဲ့ မြို့ကို တက်လာကြပြီး အဖိုးအို အဖွားအိုတွေကို တောရွာတွေမှာ အဲလိုပဲ ထားပစ်ခဲ့ကြတယ်..." တဲ့လေ။

ဒီဇာတ်ကားလေးဟာ သူတို့ရဲ့ ဒီနေ့ လူနေမှုဘဝအစစ်ကို ထင်ဟပ်တယ်ဆိုရင်ဖြင့် စိတ်မကောင်း စရာပါ။ ကျွန်မတို့ အာရှရဲ့ လူနေမှုဘဝယဉ်ကျေးမှုဟာ ဒီလိုမှ မဟုတ်တာပဲ။ ဒီလိုနဲ့ပဲ ပြောင်းလဲ သွားရတော့မှာလား။

ကျူးဘားကလေး မောင်အန်းဒီက မျက်နှာငယ်လေးနဲ့ မျက်ရည်သုတ်စရာ တစ်သျှူးစက္ကူလေးတွေ ကို ကျွန်မနဲ့ ဂျူဒီကိုပေးရင်း သူ့စတိုင်အတိုင်း ခေါင်းလေးတရမ်းရမ်းနဲ့ "grandma" "grandma" တဲ့။

ရုပ်ရှင်ပြပြီးတော့ ဆရာမ"အင်" က စာဆက်သင်တော့ နဲနဲခက်တဲ့ သင်ခန်းစာအသစ်ကို စသင် တယ်လေ။ ထုံးစံအတိုင်း စိတ်ရှုပ်ထွေးသွားတဲ့ မျက်နှာနဲ့ မောင်အန်းဒီက ကျွန်မကို လှမ်းကြည့် တယ်။ ပြီးတော့ ကျွန်မနားကို ဖြတ်ကနဲ ကပ်ပြီး "နန ဆဲဂျုန်း ဘုရင်က ရူးနေတာ" တဲ့လေ။ ကျွန်မ သာ ရယ်ချင်တဲ့ စိတ်ကို ချုပ်တည်းထားရတာ၊ သူက ခပ်တည်တည်နဲ့၊ လက်ညှိုးကို ကောက်ပြီး နားထင်ကို ထောက်ပြထားလို့။ ဆရာမစာသင်တာကို စိတ်ဝင်စား ချင်ဟန်ဆောင်နေတယ်။ ချစ်စရာ ရယ်စရာကောင်းတဲ့ ကလေးလေး။

ဒီ သူစိမ်းကလေးတွေနဲ့တော့ တခါတလေ ပျော်စရာကောင်းပေမဲ့၊ အခန်းထဲမှာ တယောက်ထဲ ဆိုရင်တော့ စိတ်က ဖောက်ချင်လာတတ်တယ်.. မြေးကလေးရေ။

ဟောကြားလား... ဒေါ်ရီသန့်ကလေ

"ဘယ်ဝယ်ဆီ တမ်းတကာ မှန်းဆကာ လွမ်းရပ့ါမည်... ငှက်အသွင် တောင်ပံဖြန့်ချီ...." တဲ့.... မြေးကလေးရဲ့။
ဘာတဲ့.. ကျောက်ပန်းတောင်း ခင်စိုးဦးလေးကလဲ...

"ကျွန်မတို့.. ရွှေပြည်ကြီး.. ကွာဝေးသလို.. ကွာဝေးသလို" တဲ့။



## သူစိမ်းတွေကြားမှာ{၅- ဇာတ်သိမ်း}

အို.... အသင်လောက။ ယခု ကျွန်မကား ကျွန်မ၏ မနက်လက်ဘက်ရည်ချိန်လေးကို ပြန်လည်ရရှိပေပြီ။

အသင်လောက၊ ကျွန်မ၏ ကိုးရီးယားစာသူငယ်တန်းကျောင်းသူဘဝ ပြီးဆုံးသွားလေပြီ။ အဟော သုခံ ချမ်းသာစွ။ လာကြလော့ ဒေါ်ရီသန့်တို့၊ ဒေါ်ချိုပြုံးတို့၊ ကိုသုမောင်တို့၊ စိန်မောင်ကိုကြီးတို့၊ စိန်မွတ်တားတို့၊ ဦးအံ့ကြီးတို့ရေ.. စိမ်းမြတဲ့ တောအုပ်ကလေးကို ကြည့်ရင်း လက်ဘက်ရည်တူတူ သောက်ကြရအောင် လာကြလော့။

မကြာမတင်မှာလည်း ကျွန်မသည် အိမ်လက်ဘက်ရည်လေးကို ချစ်တဲ့သူနဲ့အတူ သောက်ရပေ တော့မည်။ ကျွန်မ အိမ်ပြန်ရတော့မှာလေ။

သူစိမ်းတွေကြားမှာ ကျွန်မနေခဲ့ရှာတာ ငါးလကျော်ကြီးများတောင် ရှိခဲ့ပြီလေ။ နိုဝင်ဘာ သုံးဆယ် ရက်နေ့ဆို.... ကျွန်မ အိမ်ပြန်ရတော့မှာ။

နောက်တလနေရင်ပေါ့၊ တလဆိုတာ ခဏလေးပါ၊ ခဏလေးပဲ စောင့်ရတော့မှာပါ.. လို့ အားတင်း စကား ဆိုတတ်တဲ့ ချစ်တဲ့သူ ပြောသလိုပါပဲပေါ့။ ခုဆိုရင် ဂျူမုံတို့ ရှေးဂျိုဆောင်နယ်မြေက လည်း အေးစိမ့်စ ပြုလာနေပြီ။

စိမ်းမြတဲ့ သစ်ရွက်တွေက အရောင်ပြောင်းစ ပြုပြီ။ မကြာခင်မှာ ဆောင်းဦးရွက်ကြွေ လေးတွေကို မြင်ရတော့မယ်။ ပြီးတော့မှ အရိုးပြိုင်းပြိုင်း သစ်ပင်တွေဘဝနဲ့ အင်မတန် အေးလှတဲ့ ဆောင်းရာသီ ကို ဖြတ်သန်းရရှာတော့မယ်။

သူတို့ ဆောင်းရာသီမှာ ဘယ်လောက်များ အေးသလဲဆိုရင် ဆိုလ်းမြို့ကို ဖြတ်သန်းစီး ဆင်းနေတဲ့ ဟန်မြစ်ဟာ ရေခဲသတဲ့။ ဟန်မြစ်ရေခဲပြင်ပေါ်မှာ လမ်းလျှောက်သွားလို့ ရသတဲ့။ အဆိုးဝါးဆုံးက "ရေခဲလေ" ပဲတဲ့။ ရေခဲလို အေးစိမ့်နေတဲ့ လေတိုက်ထဲမှာ လှုပ်ရှားသွားလာ ရတာဟာ အဆိုးဝါးဆုံးပဲတဲ့။ အိမ်ထဲမှာလဲ အပူငွေ့လွှတ်မထားရင်၊ Heater မရှိရင် ဘယ်လိုမှ နေလို့မရ၊ အိပ်လို့မရအောင် အေးတာပေါ့။ သူတို့ပြောတဲ့ ရေခဲလေကို ၁၉၉၈ ခုနှစ် အင်္ဂလန်နွေရာသီမှာ ကျွန်မခံစားဖူးခဲ့ပြီ။ ကျွန်မ ကိုယ်ချင်းစာနိုင်ပါတယ်။

သူတို့က ဒီ အောက်တိုဘာလ အေးစိမ့်စိမ့်ကလေးကို အင်မတန်ကြိုက်ကြတယ်။ သူတို့အတွက် မပူမအေး၊ အနေတော်လေးနဲ့၊ အဲယားကွန်းမလို၊ ဟီတာ Heater မလို။ ပိုက်ဆံလဲ ချွေတာလို့ ရတာကိုး။ အဲယားကွန်းခ၊ ဟီတာခက ဈေးသိပ်ကြီးတယ်လေ။ သူတို့အတွက် အေးစိမ့်စိမ့်ကလေး ပေမယ့် ကိုယ့်အတွက်ကတော့ တော်တော်ကလေးကို အေးစိမ့်ပါတယ်။ အပြင်ထွက်ရင် ဂွမ်းကပ်ဆွယ်တာထူထူနဲ့ ခြေအိတ်စွပ်၊ ခြေနင်းစီးထွက်တဲ့ ကျွန်မကို အင်္ကျီလက်ရှည် အပါးလေးတွေနဲ့ သူတို့က အထူးအဆန်း ကြည့်ကြတယ်။ ဈေးတွေ၊ စူပါမားကက်တွေ၊ မောလ် Mall တွေမှာလည်း ဖြတ်ဆို နွေရာသီသုံး ပစ္စည်းတွေ အကုန်ပျောက်ကုန်ပြီ။ ဆောင်းရာသီသုံးပစ္စည်းတွေ အကုန်ရောက်လာတော့တာပဲ။

နွေအဝတ်အစားတွေ၊ ဖိနပ်တွေ၊ ဘယ်မှာမှ ရှာလို့ မတွေ့တော့ဘူး။ အနွေးထည်တွေ၊ လည်ပင်းစီ စကပ်ပုဝါနဲ့။ ဖိနပ်တွေကလည်း အားလုံး ထိပ်အလုံတွေနဲ့ ဝေါ့ကင်းရှူးတွေချည့်ပဲ။ ပြီးတော့ သူတို့ဆီမှာ ဈေးဝယ်ရတာ ထူးဆန်းတာ တခုက တွေ့ရင်ဝယ်ထား၊ ဈေးမများဆိုသလိုပဲ။ ပစ္စည်းတခုကို တွေ့လို့ ကြိုက်ရင် ဝယ်ပစ်လိုက်ပေတော့။ မဟုတ်လို့ ကတော့ နောက်နေ့မှ စဉ်းစားအုံးမယ်လေဆိုရင်တော့ နောက်နေ့မှ နောက်တခါမှာ မရှိတော့ ဘူးသာ၊ မှတ်ပေတော့။ ချီတုံချတုံ လုပ်တတ်တဲ့ ကျွန်မ ခဏခဏ ကြုံဖူးပြီ။

ပြီးတော့ ဈေးထဲက ဈေးဝယ်နဲ့ ဈေးသည်ဆက်ဆံရေးကိုလည်း ခဏခဏ နားမလည်နိုင် ဖြစ်ရဖူးပြီ။ ဈေးဝယ်တဲ့သူက ပစ္စည်းတခုကို အကြာကြီးရွေးနေရင် သူတို့ စိတ်မရှည်တော့ဘူး။ စိတ်တိုနေတဲ့ အမူအရာ၊ သည်းမခံတော့ဘူးဆိုတဲ့အမူအရာကို ခပ်ရိုင်းရိုင်းပဲပြတတ်တယ်။ ပြီးတာနဲ့ မရောင်းတော့ဘူး ဆိုတာမျိုးလည်း လုပ်တတ်တယ်။ သူတို့ လူမျိုးအချင်းချင်းကိုရော၊ နိုင်ငံခြား သားကိုရောပဲ။

"မြောင်ဒုံ" လို့ခေါ်တဲ့ နံမည်ကျော် ဈေးအကြီးကြီးထဲမှာ မောင်ငယ် ဦးမြတ်ထွန်းအောင် (မန္တလေး ယဉ်ကျေးမှုတက္ကသိုလ်၊ ပန်းချီတွဲဖက်ပါမောက္ခ) တွေ့ခဲ့တာဆို၊ အရုပ်ရောင်းတဲ့ ဆိုင်ရှင်ယောကျ်ားက ဈေးဝယ်အမျိုးသမီးတယောက် (သူတို့လူမျိုးပဲ) ကို သူ့ဆိုင်က မြေကြီး ပေါ်ပေါက်ကြည့်ရတဲ့ ပလပ်စတစ်ပျော့ ဘောလုံးအရုပ်လေးကို မပြောမဆို မြေကြီးပေါ် ပေါက်ကြည့်လိုက်တဲ့ အမှုနဲ့ "ပါး" ကို ဖျန်းကနဲ ရိုက်ထည့်လိုက်သတဲ့။

ပြီးတော့ သူတို့တွေ (sub way) ပေါ်မှာ တယောသံစုံနောက်ခံတေးဂီတနဲ့လည်း ရန်ဖြစ်၊ နပန်းလုံးတတ်ကြတယ်။ အစိုးရ အစည်းအဝေးတွေမှာလည်း ဖိနပ်ချွတ်ပြီး ဖိနပ်နဲ့ ထပေါက်ကြ တာမျိုးလည်း ရှိတယ်။
ဘယ်လိုလဲ မသိပါဖူး။ တခုတော့လည်း ကျွန်မတွေးမိပါတယ်။ သူတို့တွေလည်း အာရှတိုက် သားတွေပီပီ၊ သွေးပူ၊ သွေးဆူလွယ်၊ စိတ်လှုပ်ရှားလွယ်ကြတာလည်း ဖြစ်နိုင်ပါတယ်။ ကျွန်မတို့ ဒီက "ရွှေမြန်မာတွေ၊ (ရွှေ)တွေ"ရဲ့အခေါ် "ကကြီးသား"တိုင်းတော့ မဟုတ်ပါဖူး။ တချို့သော "ကကြီးသား" တွေကျတော့လည်း သူတို့ခင်မိရင် ဖွတ်ကိုခင်နေတော့တာပဲ။ ကျွန်မတို့ ကျောင်းနားက " ဆန်ဝဲကုတ်" ဈေးကလေးထဲမှာတင်ကို ဈေးလေး အလည်တန်းက ကိုးရီးယားမိတ်ဖိနပ်တွေ ရောင်းတဲ့ "ကကြီးသား" ဆို ကျွန်မတို့ကို "ဖတ်စ်ကပ်ချင်းဂု" တဲ့၊ "ပထမတန်းစာသူငယ်ချင်း" ပေါ့လေ။ "ချင်းဂု" ဆိုတာ ကိုးရီးယားလို "သူငယ်ချင်း" ကို ပြောတာ။ ကျွန်မတို့ သူ့ဆိုင်ရှေ့က ဖြတ်သွားတာနဲ့ "ဟေး" ဆိုပြီး ဝမ်းသာအားရအော်နှုတ်ဆက်တော့တာပဲ။ သူ့ဆီက ဖိနပ်ဝယ်ရင်လည်း ဈေးအမြဲလျှော့ပေးတယ်။ ကုန်စုံဆိုင်က "အိုမား(အမေ)" တယောက်နဲ့ "အိုနီး(အမ)" တယောက်လည်း အဲလိုပဲ။ သဘောကောင်းပြီးအမြဲကူညီတယ်။ ဈေးလည်းအမြဲ လျှော့ပေးတယ်။ အဲဒီဈေးလေး ထဲမှာပဲ နဲနဲလေး ပစ္စည်းရွေးတာ ကြာတာနဲ့ "ရှူးရှူး" "ရှူးရှူး" ဖြစ်ပြီး စိတ်တိုမောင်းထုတ်တတ်တဲ့ သူတွေလည်း ရှိတယ်။

ကိုးရီးယားလူမျိုးတိုင်းဟာ "ဂျွန်စော"တို့၊ "အွန်စော"တို့၊ "ဂျူမုံ"တို့၊ "ဒါရိုက်တာရင်"တို့ "ချန်ဂင်"တို့ လိုတော့ မဖြစ်နိုင်ဘူးလေ။ ရုပ်ရှင်ထဲက ဘဝတွေနဲ့ အပြင်လောက က ဘဝတွေဟာ ထပ်တူထပ်မျှ ဘယ်လိုတူနိုင်ပါ့မလဲ။ သူတို့ မင်းသား မင်းသမီးလေးတွေ တောင်မှ သူတို့သရုပ်ဆောင်နေရတဲ့ ဘဝနဲ့ အပြင်ဘဝတွေက တူနိုင်ရှာကြတာမှ မဟုတ်တာ။

အခု ဒီ အောက်တိုဘာလဆန်းမှာတင် ကိုယ့်ကိုယ်ကိုသတ်သေသွားရှာတဲ့ နံမည်ကြီး မင်းသမီးလေး တယောက်ရှိတယ်လေ။ "Choi"တဲ့။ ကျွန်မတို့ဆီက ကိုးရီးယားရုပ်ရှင်ပရိသတ်တွေ ကောင်းကောင်း သိတဲ့ မင်းသမီးလေးတယောက်ပေါ့။ ပြီးခဲ့တဲ့ စက်တင်ဘာလတုန်းကလဲ မင်းသားတယောက် အဲလို

ပဲ။ (suicide) ပဲ။ ကိုးရီးယားမင်းသား မင်းသမီးတွေကြားမှာ ကိုယ့်ကိုယ်ကို သတ်သေတဲ့ suicide ဟာ ဖက်ရှင်တခုလို ဖြစ်နေတာဟာလဲ ကြောက်စရာကောင်းပါတယ်။ သူတို့ စာရင်းမှာ ကျွန်မဖတ်ကြည့်တာ ရုပ်ရှင်လောကသားတွေရဲ့ (suicide) ဟာ ၁၉၆၀ ခုနှစ်ပိုင်းကနေ စလိုက်တာ ၁၉၉၀ လောက်ကစပြီး ဒီနှစ်ထိ နှစ်တိုင်း၊ နှစ်ယောက်နဲ့သုံးယောက်ကြာမှာ ဖြစ်နေတာပဲ။

ကျွန်မထင်တော့ ဘာသာရေးအဆုံးအမ မရှိတာလည်း ပါမယ်ထင်တယ်။ ဒီနေ့ခေတ် မျိုးဆက်သစ် ကိုးရီးယားလူငယ်တော်တော်များများက ဘယ်ဘာသာကိုမှမကိုးကွယ်တဲ့၊ ဘာသာမရှိတဲ့ "ဘာသာမဲ့" တွေ ဖြစ်ကုန်ကြပြီလေ။

ဘာသာရှိတဲ့ လူနည်းစု ကိုးကွယ်ကြတာက ခရစ်ယန်ဘာသာပေါ့။ ဗုဒ္ဓဘာသာဝင်က သိပ်နည်းတယ်။ ပြီးတော့ မဟာယနပဲ။ ကျွန်မတို့ ထေရဝါဒ ကိုးကွယ်သူ ရှားတယ်။ ဆိုးလ်မြို့တဝိုက်မှာ နေကြတဲ့ မြန်မာတွေရဲ့ ကြိုးစားမှုနဲ့ မြန်မာဘုန်းကြီးကျောင်း ၃ ကျောင်း ရှိတယ်။ မြန်မာပြည်က တကူးတက ပင့်ပြီးကိုးကွယ်ထားတဲ့ ဉာဏ်တော်၊ တော်တော်မြင့်တဲ့ ရုပ်ပွါးတော် တဆူလည်း ရှိတယ်။ ကိုးရီးယားမှာ တောင်တွေ အလွန်ပေါပေမယ့် စေတီပုထိုးကတော့ အလွန်ရှားတာကိုး။

အံ့သြစရာကောင်းပြီး ထူးခြားတာတခုကတော့ ကျွန်မတို့နိုင်ငံကို "မြန်မာ" လို့ ပြောလိုက်တာနဲ့ ချက်ချင်းသိပြီး "မြန်မာ" အကြောင်းကိုပါ သိနေတဲ့ "ကကြီးသား ကကြီးသူ" တွေဟာ အခြေခံလူတန်းစားတွေ ဖြစ်နေတာပါပဲ။

ကိုးရီးယားရဲ့ ဒုတိယမြို့တော် ပူဆန် (Pusan) ကို ( cultural field trip ) သွားရတုန်းက ပုဆန်ရဲ့ ပင်လယ်ကမ်းခြေ၊ မီးပြတိုက်က သန့်ရှင်းရေး အလုပ်သမကြီး "ချွဲစုအီ" က ကျွန်မကို "မြန်မာ" မှန်းသိတာနဲ့၊ အင်္ဂလိပ်လို ပြောတတ်တဲ့ ကိုးရီးယားမလေးကနေ တဆင့် တန်းပြောတာ၊ "နာဂစ်" အကြောင်းကိုလေ။ "နာဂစ်" မုန်တိုင်းဒဏ်ကို ခံကြရတဲ့ မြန်မာပြည်အကြောင်းကို သူ တီဗွီမှာကြည့်ရတယ်တဲ့။ သူအများကြီး စိတ်မကောင်း ဖြစ်တယ်တဲ့။ ခုကော ဘယ်လိုနေသေးလဲလို့ မေးရှာတယ်။ ပြီးတော့ ကျွန်မကို၊ စာရေးဆရာမှန်းလည်း သိသွားရော (women right) ကို သူသိသလို ပြောပြခဲ့သေးတယ်။ သူ့ရဲ့ဇာတိမြို့ (ပူဆန် မလာခင် ကျွန်မတို့ တညဝင်အိပ်ခဲ့ရတဲ့မြို့) "ဂျောင်ဂျူး (Gyeongju)" မြို့က ကိုးရီးယားအမျိုးသမီးတွေမှာ လွတ်လပ်စွာ ကွာရှင်းခွင့် မရှိဘူးတဲ့။ အဲဒါကြောင့် သူဟာ ပူဆန်သားကို လက်ထပ်ပြီး၊ ပူဆန်ကို လိုက်လာခဲ့တာတဲ့။





နောက်.. ပူဆန် ဟိုတယ်က လုံခြုံရေး ဝန်ထမ်း အလုပ်သမားကြီးတယောက်။ ဓါတ်လှေကားထဲမှာ "မြန်မာ" မှန်းသိတာနဲ့ "နာဂစ်"အကြောင်းရော၊ သူမြင်ဖူးတဲ့ တီဗွီသတင်းတွေထဲက မြန်မာအကြောင်းတွေကိုရော မေးတော့တာပဲ။ ပြီးတော့၊ ကျွန်မတို့ ဈေးသွားဝယ် ရာ လမ်းကလေးဘေးက စားသောက်ဆိုင် သေးသေးလေးမှာ အမြဲချွေးတလုံးလုံးနဲ့ ကြော်လှော်နေတဲ့ "ကကြီးသူ" ကြီးတယောက်၊ မြန်မာဆိုတာနဲ့ သူသိထားတဲ့ မြန်မာနံမည်တခုကို ချက်ခြင်းပြောလိုက်တာ အံ့သြသွားတာပဲ။ ကျွန်မနဲ့ တွေ့ရတဲ့ ပညာတတ် လူတန်းစားတွေထဲက "နာဂစ်" အကြောင်း တခုတ်တရ မေးသူ တယောက်မှ မရှိပါဘူး။ "မြန်မာ" ဆိုတာနဲ့ ချက်ခြင်းမသိဘဲ "မြန်မာ မြန်မာ" ဆိုပြီး မျက်တောင် ပုတ်ကလပ် ပုတ်ကလပ် လုပ်နေတဲ့ သူတွေ များတယ်။ အော်... ကိုယ့်စိတ်ထဲမှာတင် မျိုးဆက်သစ်တွေဆိုတော့ မေ့ကြပြီပေါ့။ တကယ်တော့ မမေ့စကောင်းပါဖူးကွယ်။ ၁၉၅၀ ခုနှစ်များဆီတုန်းက.. အစာရေစာ ပြတ်လပ်နေတဲ့ မင်းတို့ အဖိုးအဖွားတွေအတွက် တို့မြန်မာပြည်က ဆန်တန်ချိန်များစွာ ထောက်ပံ့ခဲ့ဖူးပါတယ်လို့။ ၁၉၇၃ မှာလည်း ကိုးရီးယားသမတ ပတ်ချုံဟီးရဲ့ "ပတ်ချုံဟီးဖလား" ကို အနိုင်ရ ဖိုလ်စွဲယူနိုင်ခဲ့တဲ့ ဘောလုံးအသင်းဟာ မြန်မာဘောလုံးသင်း ပါလို့။

အင်း... ကျွန်မလည်း ရွှေရောင်ရက်တွေကို တမ်းတတတ်တဲ့.. "တို့ငယ်ငယ်တုန်းကပေါ့" ဆိုတဲ့ " အဖွားကြီးလေသံ" မျိုးပေါက်နေပြီလားမသိ။ မကြာခင် ကျွန်မမြေး စကားပြောတတ် ရင် "အဖွားတို့ငယ်ငယ်တုန်းကပေါ့" ဆိုတဲ့ စကားကို ကျွန်မမပြောခင် ကြိုပြောပြီး နောက်ပြောင်ခံရတော့မှာ အသေအချာပေါ့။

ကျွန်မ ဒီမှာနေရတဲ့ အတောအတွင်းအမှာ၊ သူတို့ လိုက်ပို့ပေးတဲ့ ယဉ်ကျေးမှု လေ့လာရေးခရီး ခေါ်မှာပေါ့။ (cultural field trip) တွေကိုတော့ အကြိုက်ဆုံးပဲ။ ကိုးရီးယား နိုင်ငံထဲက သွားသင့်တဲ့ မြို့တွေကို နှစ်ညအိပ်၊ သုံးညအိပ် လျှောက်သွားကြည့်တာပေါ့။ အဲဒီမှာ ကျွန်မ စိတ်ဝင်စားတဲ့ တခုက တောင်ကိုးရီးယားနဲ့ မြောက်ကိုးရီးယားနဲ့ နယ်စပ်ဘော်ဒါ၊ စစ်မဲ့ဇုံ ( Demiliterized zone DMZ) လို့ သူတို့ခေါ်တဲ့၊ လွမ်းစရာ၊ ကြေကွဲဖွယ်ရာ နေရာလေးပဲ။

လူမျိုးလည်း အတူတူ၊ ဘာသာစကားလည်းတခုတည်း၊ ဒါပေမယ့် တောင်နဲ့ မြောက် နှစ်ခြမ်းကွဲပြီး၊ ရန်သူကြီးတွေလို အသေအကြေ တိုက်ခိုက်ခဲ့ကြပြီး၊ ခုချိန်ထိလည်း အညိုးအတေး၊ အမုန်းတွေနဲ့ ပြန်လည်ပေါင်းစည်းလို့ မရသေးဘူးလေ။ အဖေနဲ့သား၊ အမေနဲ့သမီး၊ အစ်ကိုနဲ့ နမ၊ ဘယ်တော့မှ ပြန်မတွေ့ရတော့တဲ့ ကြေကွဲဖွယ်ဇာတ်လမ်းတွေဟာ အများကြီး ရှိမှာပေါ့။ အဲဒီ စစ်မဲ့ဇုံ ဘော်ဒါမှာ တန်းစီချထားတဲ့ မှန်ပြောင်းလေးတွေ ရှိတဲ့နေရာကို သူတို့က "အမျိုးကြည့်တဲ့နေရာ" " တဲ့။ အဲဒီ

မှန်ပြောင်းလေးတွေကနေ ကိုယ့်ဆွေကိုယ့်မျိုးကို အလွမ်းပြေ လာကြည့်ကြသတဲ့။ ရာသီဥတုကောင်းရင် ဟိုဖက် မြောက်ကိုရီးယားဘက်က လယ်ကွင်းတွေ ထဲမှာ အလုပ်လုပ်နေတဲ့ သူတွေကို ဒီတိုင်း လှမ်းမြင်ရတာကိုး။ ကျွန်မတို့ သွားတဲ့နေ့ကတော့ မိုးတွေက သဲသဲမဲမဲ ရွာနေလေတော့ လှမ်းကြည့်လို့ ဘာမှ မမြင်ရဘူး။ မှတ်မှတ်ရရ ကျွန်မတို့ (၆၁) နှစ် မြောက် အာဇာနည်နေ့ပေါ့။ မိုးရွာကြီးထဲမှာ မျက်နှာသေကြီးတွေနဲ့ တောင့်တောင့်ကြီး ရပ်နေတဲ့ စစ်သား အစောင့်တွေကို ကျွန်မတို့ကို လိုက်ပို့တဲ့ တာဝန်ရှိတဲ့သူတွေက "ကျေးဇူးပြုပြီး ပြုံးမပြပါနဲ့၊ စကားလှမ်းမပြောပါနဲ့...." တဲ့။ ကြောက်နေရပါလား။ ဟုတ်တော့လည်း ဟုတ်ပါတယ်။ ဒီနယ်စပ် ဘော်ဒါတဝိုက်ကို စစ်မဲ့ဇုံလို့ နှစ်ဖက်သဘောတူ သတ်မှတ်ထားပေမယ့် မသွားရတဲ့နေရာတွေ ရှိတယ်တဲ့။ လွန်ခဲ့တဲ့ နှစ်ပါတ်ကပဲ မသွားရတဲ့ နေရာကို သွားမိတဲ့ တောင်ကိုးရီးယား အမျိုးသမီးကြီးတယောက်ကို ဟိုဖက် မြောက်ကိုးရီးယားတပ်က သေနတ်နဲ့ ပစ်ချလိုက်လို့ သေရှာပါရော့လား။ ကျွန်မတို့မှာ တာဝန်ရှိသူများနဲ့ တလက်မမှ မခွါရဲပါဘူး။

အဲဒီ စစ်မဲ့ဇုံမှာ ဒီဖက် တောင်ကိုးရီးယားက ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်မှုတရပ် အနေနဲ့ လုပ်စားနေတာ တခုကတော့ မြောက်ကိုးရီးယားများအတွက် မခံချိ မခံသာ ဖြစ်ဖွယ်ပါဘဲ။ ၁၉၇၈ မှာ မြောက်ကိုးရီးယားက ဒီဖက် ဆိုးလ်မြို့လည်ခေါင်ထိ ဥမင်လိုင်ခေါင်းတူးပြီး တိုက်ခိုက်မဲ့အကြံအစည်ကို တောင်က သိသွားတာလေ။ ဥမင် လိုင်ခေါင်းက သုံးခုတောင်တူးတာ။ တောင်ကိုးရီးယားထဲကို တော်တော်ရောက်နေပြီ။ လယ်သမားတယောက်နဲ့ တက္ကစီသမားတယောက်က သတိထားမိရာက ပေါ်သွားတာ။ အဲဒီ လိုင်ခေါင်းတွေကို ထရော်လီတွေ၊ ကားလေးတွေနဲ့ ကမ္ဘာလှည့်ခရီးသည်တွေကို ပြပြီးတော့ တောင်ကိုးရီးယားက လုပ်စားတော့တာကိုး။ အိုး ကျွန်မဖြင့် အေးစိမ့်နေတဲ့ အဲဒီ လိုင်ခေါင်းရှည် တွေကို ဖြတ်ရင်း မြောက်ကိုးရီးယားများကိုလည်း ချီးကျူးမိပါတယ်။ မပြေနိုင်တဲ့ အညှိုးအတေး၊ အမုန်းတွေက ပေးတဲ့ အားအင်တွေနဲ့ ဒီဥမင်တွေကို တူးနိုင်ခဲ့တာ ထင်ပါရဲ့။

စစ်မဲ့ဇုံ (DMZ) နယ်ခြားမြေရဲ့ နောက်ထပ် လွမ်းမောကြေကွဲစရာနေရာလေးက "ဒိုရာဆန်ဘူတာရုံ" (Dorasan station) ကလေးနဲ့ မီးရထားလေးပါ။ ဒီရထားလေးဟာ တောင်နဲ့မြောက် နှစ်နိုင်ငံက ကွဲကွာနေသူများ ပြန်လည်ဆုံတွေ့ကြမဲ့နေ့ကို စောင့်နေရတာ (၅၂) နှစ်တောင် ရှိပါပြီတဲ့။ ဒီဖက် ဟိုဖက် ကွဲကွာနေသူများကို တင်ဆောင်လို့ ဟိုဖက်ဒီဖက် လွန်းထိုးပြေးချင်လွန်းလို့ စောင့်နေရှာပါတယ်တဲ့လေ။ ဆိုးလ်မြို့ကလာတဲ့မီးရထားလမ်းဟာ ဒီ"ဒိုရာဆန်"ဘူတာကလေးမှာ ခရီးဆုံးပါတယ်။

နောက် ကျွန်မ သဘောကျတဲ့ နေရာလေးတခုက (DMZ) နဲ့ တနေ့ထဲ သွားခဲ့တဲ့ "ဟေရီ (Heyri)" ဆိုတဲ့ အနုပညာရွာလေး (Art village) ပေါ့။ ဆိုးလ် ကနေ (၉) မိုင်ကျော်ပဲ ဝေးတယ်။ ဟေရီ အနုပညာရွာလေးက အနုပညာသမားတွေချည်း သီးသန့်နေထိုင်ကြတဲ့ ရွာလေး လေ။ စာရေးဆရာ၊ ကဗျာဆရာ၊ အဆိုတော်၊ သီချင်းရေးဆရာ၊ ရုပ်ရှင်မင်းသား၊ ရုပ်ရှင်မင်းသမီး၊ ဒါရိုက်တာ၊ ပန်းချီဆရာ၊ ဒီဇိုင်းဆရာ၊ အတီးအမှုတ်ဆရာ၊ အက မင်းသား မင်းသမီး စတဲ့ စတဲ့ အနုပညာ သမားတွေ စုပြီးနေထိုင်ကြသတဲ့။ နေထိုင်သူပေါင်း သုံးရာကျော်၊ လေးရာနီးပါး ရှိသတဲ့။ ဒီနေရာမှာ တယောက်က စနေရင်း သဘောကျကြပြီး လိုက်နေကြရင်းနဲ့ များများလာတာလို့ပြောတယ်။ ခုဆိုရင် ဒီနေရာက ဈေးလည်း သိပ်ကြီးသွားပြီ၊ ကမ္ဘာလှည့်ခရီးသည်တွေ စိတ်ဝင်စားတဲ့ နေရာလည်း ဖြစ်သွားပြီတဲ့။

အိမ်တွေက တောင်ကုန်းလေးတွေပေါ်မှာရော၊ ချိုင့်တွေထဲမှာရော၊ တောင်ကြားမှာ ခပ်စောင်းစောင်း ကန့်လန့်ဖြတ်တင်ထားတာရော၊ ရှည်မျောမျော၊ ဝိုင်းတိုင်းတိုင်း၊ မျှောင်းမျှောင်းကလေးတွေမျိုးလည်းပါရဲ့။ အိမ်ပုံစံတွေကတော့အမျိုးစုံပါပဲ။ စိတ်ထင်ရာတွေ လုပ်ထားကြတာလေ။ တကယ်တော့ ကျွန်မတို့လို လူစားမျိုးတွေရဲ့ "အရူးရွာ" ပေါ့။

အဲဒီ "ဟေရီ" ဆိုတဲ့ နံမည်ကတော့ ကိုးရီးယားရိုးရာသီချင်းခေါင်းစဉ် "The Sound of Heri" ကနေ ယူထားတာတဲ့။ အဲဒီမှာ စာအုပ်ဆိုင်တွေလည်း ရှိတယ်။ (ထုတ်ဝေသူတွေလည်း နေတာကိုး)။ ပန်းချီပြခန်းတွေလည်းရှိတယ်။ အတီးအမှုတ်ဂီတဆရာတွေ အိမ်ကျတော့ နိုင်ငံတကာ တူရိယာပစ္စည်းတွေနဲ့ဆင်ယင်ထားလိုက်တာ။ ကြည့်လို့ရတယ်လို့ ရေးထားလို့ ဝင်မသွားလိုက်နဲ့၊ တယောက်ကို ဝမ် ငါးထောင် ရှင်းရပြီးသာမှတ်။ အဲလိုပဲ ပန်းချီပြခန်းလည်း ကြည့်ချင်ရင် ပိုက်ဆံပေးရတယ်။ ကျန်တဲ့ အိမ်တွေလည်း အဲလိုပဲ၊ ဘာမှ အလကားကြည့်လို့ မရဘူး။ စာအုပ်ဆိုင်တခုပဲ အလကား ဝင်ကြည့်လို့ ရတယ်။ စာအုပ်ကြိုက်ရင်ဝယ်ပေါ့။ စားသောက်ဆိုင်လေး တွဲဖွင့်ထားတယ်။ စားချင်ရင် ဝယ်စားပေါ့။ "ဟေရီ" ဟာ ကမ္ဘာလှည့် ခရီးသည်စိတ်ဝင်စားတဲ့ နေရာတနေရာ ဖြစ်နေပြီလေ။ "ဟေရီရွာ" ကလေးရဲ့ တောင်စောင်းတခု ပေါ်ကနေ ကာလာရောင်စုံရွာလေးကို စီးမိုးကြည့်ရင်း ကျွန်မ စိတ်ကူးယဉ်မိတယ်။ ဒို့တတွေလည်း မြေကျယ်ကျယ်နဲ့ အေးအေးချမ်းချမ်း ရှိတဲ့နေရာလေး၊ တနေရာမှာ ဒို့လူတွေ ဒီလိုမျိုးလေး စုနေကြရင် ကောင်းမှာပဲလို့။

ကျွန်မ စဉ်းစားကြည့်မိတယ်။

ကျွန်မအိမ်ပုံစံကို ကျွန်မတို့ရဲ့ ဗိသုကာ (ဆရာရွှေ)ကို အဆန်းတကာ့ အဆန်းဆုံး ထွင်ခိုင်းပြီး ဆောက်မယ်လေ။ ပြီးတော့ ကျွန်မ ဘယ်သူတွေနဲ့ အိမ်နီးနာချင်း နေရင်ကောင်းမလဲ။

အင်း.... ကျွန်မကို မြောက်ဒဂုံပစ္စန္တရာဇ်အရပ်မှာ အိမ်နီးနာချင်းနေဖို့ ဆွယ်တရားဟော ဖူးတဲ့ ကျွန်မ အကိုကြီး ဆရာမောင်ကျောက်မဲ (ဒါရိုက်တာကြည်စိုးထွန်း) (အဲလေ.. မောင်ကျောက်ခဲ ပါ။ အသားအရေက မျက်လုံးထဲ အရင်ပေါ်လာလို့ပါ...) ဆိုရင်ရော... မဖြစ်ဖူး...မဖြစ်ဖူး။ ဒင်းက အညာစာက အင်မတန်ငတ်ပါဘိသနဲ့၊ ကျွေးရတာက ကိစ္စမရှိဘူး၊ မောင်ကျောက်မဲနဲ့ ဘာမှမဆိုင် အောင် ဖြူဖွေးသဘောကောင်းတဲ့ ကျွန်မအစ်မ မငွမ်းပုံလေးက ပြောဖူးတယ်။ မောင်ကျောက်မဲ ဗိုက်ကြီး အင်မတန် စူထွက်လာလို့ ဝိတ်လျှော့တာ၊ ညနေစာမစားဘူး။ အသုပ်ကလေးပဲ စားမယ်ဆိုလို့ သုတ်ပေးရတာ၊ "ဇလုံ" အကြီးကြီးနဲ့ အပြည့်အမောက်တဲ့။ မဖြစ်ဖူး။ မဖြစ်ဖူး။

မောင်ဂွစာ(ပုတီးကုန်း) ကျတော့လည်း နေ့စဉ်နဲ့အမျှ "နလုံး" (နလုံးသားမဟုတ်) ဝေါဟာရတွေ၊ နားညီးအောင် လာပြောနေမှာ။ ပြီးတော့ သူ့ခွေးတွေ ရန်ကလည်း ရှိသေးတယ်။ ဆရာမောင်ဘိုချစ် (ချစ်ဦးညို) ကျတော့လည်း ယောင်းမ "မယ်မြင့်ကြီး" က စေတနာကောင်းပြီး၊ အချက်အပြုတ် ကောင်းတော့ (ကိုယ်စာရေးနေတဲ့အချိန်၊ အိုးပျောက်ခွက်ပျောက် ဖြစ်တဲ့အချိန် မှာ) အရှည်ကို မျှော်တွေးပြီး စဉ်းစားမိပေမဲ့ ညနေတိုင်း ရင်ဆိုင်ရမယ့် အရေးဟာ ဘယ်လိုမှ စိတ်အေးနိုင်စရာ မရှိဘူး။ အက၊ အဆို၊ အငို မြိုင်ဆိုင်စွာနဲ့ စတိတ်ရှိုး၊ အော်ပရာ၊ ပြဇာတ်၊ နှစ်ပါး၊ နောက်ပိုင်း စုံနေအောင် (သမီးယောက်ဖနှစ်ယောက်) မိုးအလင်းခင်းပစ်မှာ.. တော်၊ တော်၊ မဖြစ်ဖူး။

ကိုယ့်ကို ချစ်ခင်ပြီး ကိုယ့်အတွက် အဆင်ပြေမယ့် စေတနာကောင်းပြီး အချက်အပြုတ် ကောင်းတဲ့ မတင်တင်ရီလေး(ဦးသွေးဆိုသူ၏ဇနီးလေး) ကိုလည်း ခေါင်းထဲရောက်လာပေမယ့်၊ ကဗျာဆရာ မောင်သွေးသစ် ဆိုသူသည်လည်း နဲနဲလေးမှ ရီဝေလာပလားဆို "ညီမလေး.. ငါပြောမယ်" ဆိုပြီး ဘာမှလည်း မပြောပဲ အလကားနေရင်း မျက်နှာကြီးက အရင် "မဲ့" လာပြီး မျက်ရည်တွေ၊ တွေတွေ တွေတွေ စီးကျလာတဲ့ ဒဏ်၊ တဖြည်းဖြည်း ပြင်းထန်လာပြီး ဘာမှန်းမသိ ရှိုက်ငို၊ နှပ်တွေ တရှီးရှီး ညှစ်တဲ့ဒဏ်ကို ဘယ်လိုမှ မခံနိုင်ပါဘူး။ မဖြစ်ဘူး..မဖြစ်ဘူး။

အင်း ကိုသုမောင်တို့၊ ကိုမင်းလူတို့ ဆိုရင်ရော၊ မအေးဘုံတို့၊ မစန်းစန်းအောင်တို့က ကျွန်မနဲ့ ချစ်ခင်တဲ့သူတွေ၊ ကိုမင်းလူရဲ့ မစန်းစန်းအောင်ဆို ကျွန်မနဲ့ စာကြည့်တိုက်ဆွေမျိုး လေ။ ဒါပေမယ့် မဖြစ်နိုင်။ ဒင်းတို့ ညီအကို နှစ်ယောက်လုံးဟာ အိမ်နီးချင်း လူ့ပ်သမျှကို၊ ဝတ္ထု လုပ်စားတတ် တဲ့လူတွေ၊ ပြီးတော့ တောင်ကျောင်းဘုန်းကြီး မောင်မင်းလူတယောက်၊ မစန်းစန်းအောင်ရဲ့ စီမံခန့်ခွဲ ညွှန်ကြားမှု အောက်မှာ ရေခပ်၊ ထင်းခွဲ၊ အဝတ်လျှော်၊ ကြမ်းတိုက်၊ ခြင်ရိုက်၊ ခွေးမောင်း၊ ဈေးဝယ်၊ ထမင်းချက်၊ ဇက်ကြောဆွဲ စတဲ့ စတဲ့ တောက်တိုမယ်ရတွေ လုပ်နေရတာကို ကိုယ့်အချင်းချင်းဆို





တော့ မကြည့်ရက်ပါဘူး။

သူတို့ အကိုကြီး ဟိုပိန်တာရိုး လူကြီး (ချစ်ခင်တဲ့ မချိုရီလေးအတွက် စဉ်းစားမိတိုင်း ရင်ထုမနာ ဖြစ်ရတဲ့) ဒါရိုက်တာ မောင်ဝဏ္ဏ ဆိုတဲ့သူတော့ ( အခုလောလောဆယ် ကျွန်မနဲ့ မခေါ်တဲ့အတွက်) လုံးဝကို မစဉ်းစားဘူး။

နေအုန်း၊ အိမ်နီးနာချင်းအဖြစ် အသင့်တော်ဆုံးဟာ ဘာမှဇယား မရှုပ်တဲ့၊ ကျွန်မအကို လူပျိုကြီး ရွှေ (ရွှေကိုဝင်းငြိမ်း) ဆိုဘယ်နယ်လဲ။ စာမူခတွေ ဘာတွေ ကြိုထုတ်လို့ရမယ်။ ပြီးတော့ ဒင်းက စာနယ်ဇင်းခေါင်ချုပ်ကြီး ဖြစ်တဲ့အပြင်၊ မိတ်ဆွေတွေလည်း ပေါများတော့ စားစရာ၊ သောက်စရာ၊ လက်ဆောင်ပဏ္ဏာတွေလည်း ပေါများတယ်။ ဒင်းတယောက်ထဲဆို အလျှံပယ်ဖြစ်နေတာ။ ကိုယ်သွားစားရုံပဲ။ မကောင်းဖူးလား။ ဟင့်အင်း မကောင်းသေးဘူး၊ မဖြစ်ဘူး၊ ဒင်းရဲ့ လက်သုံး စကားကြီး ရှိတယ်လေ။ "ဒီမယ် ငါ့နှမ၊ စာမူမပါရင် တိုက်ကိုမလာနဲ့" ဆိုတဲ့ စကားကြီးလေ။ "စာမူ မပါရင် အိမ်ကိုမလာနဲ့.. ငါ့နှမရေ" လို့ ပြောမဲ့လူမျိုးကြီးနဲ့လည်း နေလို့မဖြစ်နိုင်။

သူနဲ့တွဲရက် စဉ်းစားမိတဲ့ ဇမ္ဗူတာလူ (ရွှေမောင်ဇော်) (ဆိုက်ကားတစီးနဲ့ တမြို့လုံး လှည့်တဲ့ ဇမ္ဗူတာလူ (ရွှေဦးဉာဏ်လှိုင်) ရဲ့ သားချစ်ကလေး) ကျတော့လည်း ငယ်ငယ်ကတည်းက ချစ်ခင်တဲ့ ကလေး၊ ကိုယ့်စာအုပ်တွေကိုလည်း ဂရုတစိုက် လုပ်ပေးရှာတဲ့ ကလေးပေမယ့်.. ဒင်းကလေးက လည်း "ထုတ်ဝေသူ is ထုတ်ဝေသူကလေး"။ (ဒီကိုမထွက်ခင် ဒင်းမှာတဲ့ စကား က "အမ ကိုးရီးယား မှာ လုံးချင်းတအုပ် ပီးအောင်ရေးခဲ့၊ ကျွန်တော်ထုတ်မှာ" တဲ့) ဆိုတော့ အိမ်နီးနားချင်းဆိုလို့ကတော့ ကျွန်မ ဘယ်လောက်များ နားညီးရမလဲ။ တော်သေးပြီ။

အင်း... ရေးတေးတေးရှိတာကတော့ "ရွှေ"ရဲ့ ညီလေးတွေ၊ ကိုဆန်နီငြိမ်းတို့၊ ကိုမျိုးမြင့်ငြိမ်း တို့တွေပဲ။ ကျွန်မဝတ္ထု မျက်နှာဖုံးအတွက် ကိုဆန်နီကို အချိန်မရွေးအပူကပ်လို့ ရမယ်။ ပြီးတော့ သူ့ချစ်ဇနီးကလေး "အေမီ"လေးက စစ်ကိုင်းသူပီပီ ကျွန်မကြိုက်တဲ့ အညာစာတွေ အကုန်ချက် တတ်တယ်။ မဆိုးဖူးနော်။ ဒါတောင် ဆရာမျိုးမြင့်ငြိမ်းကို (ပေဖူးလွှာ သံယောဇဉ် ဘယ်လောက်ကြီး ပေမယ့်) စဉ်းစားရမဲ့ထဲမှာ ပါတယ်။ ကျွန်မ နေရဲပ့ါမလား။

အိုတော်ပြီ၊ အကောင်းဆုံးကတော့ လူကြီးတွေနဲ့ နီးနီးနေတာ အကောင်းဆုံးပဲ။ ဆရာပါ၊ ဆရာတာ၊ မေဦး၊ မမဝင်း၊ ကျွန်မဦးလေးကဗျာဆရာကြီးတွေ၊ ဆရာနိုး (ဆရာနိုးကတော့ သူ့ကို ဇာတ်လိုက်

လုပ်မှာစိုးလို့ ကျွန်မနားမှာနေချင်မယ်မထင်)။ ဘာပဲဖြစ်ဖြစ် လူကြီးတွေနားမှာ နေတာပဲ ကောင်းမယ်။

အင်း.... ကျွန်မ မြင်ယောင်သေးတော့တယ်။

ရွာလမ်းမပေါ်မှ ကဗျာကို အော်ဟစ်ရွတ်နေမယ့်သူတွေ။ "ဘယ်သူပြောလဲ တတောလုံးကြွေ" တွေလေ။ ဆွေးနွေးငြင်းခုန် ရန်ဖြစ်သံတွေ။ ရီဝေသီဆို ကခုန်သံတွေ။ အိုး.. ကိုယ့်လူတွေကတော့ လူ့ဂုဏ်တန်တွေချည့်ပဲ။

ပြောရင်းဆိုရင်းနဲ့ ကိုယ့်လူ၊ လူ့ဂုဏ်တန်တွေကို ကျွန်မ လွမ်းလိုက်တာ။

လွမ်းအောင်လည်း ကျွန်မကို ရွာစားကျော် စိန်မောင်ကိုကြီးနဲ့ ကိုအံ့ကြီးတို့ရဲ့ နံမည်ကျော် "မြိုင်ဟေ မဝန်" မြိုင်ထနစ်ပါးသွားက ဖေးကူနေတယ်လေ။

"လွမ်းစရာ့ မြိုင်ကုန်းဖွေ တခိုင်လုံးရွှေ" တဲ့။

တခိုင်လုံးရွှေ၊ ဟုတ်တာပေါ့။ ကြည့်ပါအုံး.. တကယ့်ကို တခိုင်လုံးရွှေ။ ကျွန်မရှေ့က ခူနွာ တောအုပ်ကလေးလေ။ ကျွန်မရောက်စတုန်းက အစိမ်းရောင်တွေနဲ့ ကျွန်မကိုကြိုဆိုခဲ့တဲ့ စိမ်းမြမြ တောအုပ်ကလေးက လွမ်းစရာ အဝါရောင်တွေနဲ့ ကျွန်မကို နှုတ်ဆက်နေပါပေါ့လား။

"သင်း၍ပျော်ကျူးဝေ.. ညှင်းလေ့ဆော်ဦးနွေ သင်း၍ သင်း၍ ပျော်ကျူးဝေ၊ နွေဦးဆန်း.. သမို့"

လွမ်းဖွယ် ဦးအံ့ကြီးရဲ့အသံ။ မြန်မာဆန်လှတဲ့ အသံ၊ အလွန်ဆွဲဆောင်မှု ရှိတဲ့အသံ။ ထပ်တလဲလဲ နားထောင်လို့ မဝတဲ့အသံ။

အိုး ရွာစားစိန်မောင်ကိုကြီးရဲ့ လက်သံကရော၊ ကောင်းလိုက်တာ၊ တဝိုင်းလုံးကလည်း မြိုင်နေတာပဲ၊ "ချွင်" ဆိုတဲ့ စည်းသံလေးကလည်း လွင်နေတာပဲ၊ ဝါးလက်ခုပ်သံလေးကလည်း ချိုနေတာပဲ။ ဆိုင်းနောက်ထကြီး ပြောသလို "ပါရမီ့ရှင်" နှစ်ဦးတွေ့တဲ့ ပွဲပေကိုး။

ကျွန်မငယ်ငယ်တုန်းက၊ ဂါဝန်ဝတ်အရွယ်တုန်းက၊ ဘာမှန်းညာမှန်း မသိပဲ၊ ဒီမြိုင်ဟေမဝန်





မြိုင်ထကို မပီကလာ ပီကလာဆိုပြီး ကတန်းခုန်တန်း ကစားခဲ့ဖူးတယ်။ သီချင်းထဲက "တောင်ဝဏ္ဏဖွေတခွင်မှာ မောင်လှဖေ မြင်ရုံနဲ့မော" ဆိုတာကို "မောင်လှဖေ မြင်ရုပ်ကြီးနဲ့" လို့ပဲ ကျွန်မက ဆိုတယ်လေ။ ပြီးတော့ ကျွန်မစိတ်ထဲမှာ ကျွန်မအဖိုးရဲ့ ကူးတို့ဆိပ်က ရထား(မြင်းလှည်း) မောင်းတဲ့ ကိုလှဖေကြီးကို ပြောတယ်လို့ ထင်နေတာ။ အဲဒီခေတ်အခါက အင်မတန်ခေတ်စားပြီး လူတိုင်းပါးစပ်ဖျား ရောက်ခဲ့တဲ့ သီချင်းမို့ ကလေးတွေ ပါးစပ်ထဲအထိ ရောက်သွားတာပေါ့။

နဲနဲကြီးလာတော့ ဒီသီချင်းကို ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ "သူငယ်ချင်းလို့ပဲဆက်၍ခေါ် မည်ခိုင်" ဝတ္ထုထဲက "ကြိုင် လှိုင် ခိုင်လုံးရယ်၊ မြိုင်လုံးရယ်" ဆိုတာနဲ့ ထပ်ပြီး သိတယ်။ သေသေချာချာ ခံစားဖူးတာက ကိုအံ့ကြီးသီချင်းတွေကို ကျွန်မ အရူးအမူး စွဲလန်းသွားတဲ့ အချိန်။ ကျွန်မ အကြိုက်ဆုံး၊ အနှစ်သက်ဆုံးနဲ့ အစွဲလန်းဆုံး သီချင်းနှစ်ပုဒ်က "မြိုင်ဟေမဝန်" မြိုင်ထနဲ့ ဆရာကြီးဦးဘသိန်း (မန္တလေး)ရဲ့ "စိမ့်ကြီးမြိုင်ကြီး" ပြည်တော်ပြန် နှစ်ပါးသွားပေါ့။

ဝေးမြေရပ်ခြား ရောက်နေတဲ့ အချိန်မို့လေလား၊ မပြောတတ်ပါဘူး၊ နားထောင်ရ တာ ပိုလို့ အရသာ ရှိနေသလိုပဲ။ လွမ်းစရာလည်း ပိုတောင်ကောင်းနေသလိုပဲ။ အခုဒီမှာ ကျွန်မတယောက် ဘယ်လိုဖြစ်နေလဲ မသိ။ မနက်စာစားလည်း ဒီသီချင်းနှစ်ပုဒ်။ ညစာစားလဲ... ဒီသီချင်းနှစ်ပုဒ်နဲ့၊ စာရေးတော့လဲ ဒီသီချင်းနှစ်ပုဒ်နဲ့။ အငိုဆရာတွေရဲ့ နမပီသစွာ မျက်ရည်ကလဲကျရသေးတာ။ ကျွန်မရူးလောက်အောင်လည်း သီချင်းက ကောင်းပေတာကိုး။ အဆိုက ကောင်းပေတာကိုး။

"စိမ့်ကြီးမြိုင်ကြီး" ထဲက ဆရာကြီးဦးဘသိန်းရဲ့ စကားလုံး အနု၊ အနွဲ့၊ အလှလေးတွေ ကိုလဲ ကြည့်စမ်းပါအုန်း။

" ဖိုးရွှေခေါင် ငှက်ငယ်ကရယ်... မလေးကို မြည်ကာချော့တယ်...ရီကာချော့တယ် ရီပါတော့ကွယ်၊ မြည်ကာချော့တယ်လေး..." တဲ့။

ပြည်တော်ပြန်လမ်း ခရီးကြမ်းမှာ၊ ပင်ပန်းရှာတဲ့ ချစ်သူမင်းသမီးလေးကို မင်းသားလေးက ချော့တဲ့ အချော့လေး လေ။ စကားလုံးလေးတွေ ထပ်ထားတာများ ဘယ်လောက်လှလဲ။ ကြင်နာ ညှာတာ တတ်တဲ့ ယောကျ်ားကောင်းတို့ရဲ့ စိတ်ကိုလည်း ကြည်နူးစရာ မြင်ရတယ်။ မလေးရယ်၊ မင်းမျက်နှာလေး ညှိုးနေလို့၊ ရွှေဖိုးခေါင်ငှက်ကလေးက၊ ပြုံးကာရီကာနဲ့ အော်မြည်လို့ ချော့နေရှာတာ... ရီလိုက်ပါတော့ကွယ်တဲ့။

"ဟောဒီ ကုန်းအတက်ကလေးက ချော်မယ်.. မောင်ပုခုံးကို မှီတွဲလိုက်ပေါ့ကွယ်" ဆိုတဲ့ အဖွဲ့လေးကိုများ ကြည့်ပါအုန်း။ "ချော်မယ်" ဆိုတဲ့ စကားလုံးမျိုးလေးကို လူတိုင်း သုံးနိုင်ဖို့ မလွယ်ပါဖူး။

"တလှမ်းမကွာတယ်၊ ဘယ်ဆီ မြန်းပါစေတော့ရယ်၊ နန်းညာနွယ် တွယ်မှီကာ လိုက်ရှာလေတဲ့မယ်"တဲ့။

"ကန္တာမဆုံးမီမှာကွယ်... တလမ်းလုံး သီကရီ... မဒီပန်းရှာရှေ့မယ်" တဲ့။

"ရှာ"ဆိုတဲ့စကားထောက်လှလှလေးကို မွန္တလေးသားဆရာကြီးက သုံးသွားတာလေးများ လှလိုက်တာ။

ကျွန်မကြိုက်သလောက်သာ ပြောရမယ် ဆိုရင်ဖြင့် ဒီသီချင်းနှစ်ပုဒ်ကို နားမထောင်ဘူး သေးရင်၊ နားထောင်ပြီးတော့လဲ မခံစားရဖူးဆိုရင် အဲဒီသူဟာ မြန်မာမဟုတ်ဖူး။

"မြိုင်ပေမဝန်" ကို တစိမ့်စိမ့်နားထောင်ရင်းနဲ့ မြိုင်ပေမဝန်စပါယ်ရှယ်လစ် ဆရာနီး (ဆရာမောင်သာနီး) ရဲ့ အသံဝါကြီးကိုလဲ လွမ်းပေါ့ ဆရာနီးရယ်။ အိုး.. ပြီးတော့ ခုမှ သိတယ်။ ကိုအံ့ကြီး ဆိုပေါက်တွေကို.. ဆရာနီးက အပီရတာပဲ။ "နွေဦးဆန်း... သမို့" "ဆန်း" ဆိုတဲ့ နေရာမှာ လည်ချောင်းသံလေးနဲ့ "ဆန်း" လိုက်တာကအစ အပီပါပဲလား။

တောရိပ်တောင်ရိပ်တွေအောက်မှာ အသံကုန် ဟစ်အော်တတ်တဲ့ ဆရာနီးရဲ့ "မြိုင်ပေမဝန်" သံကို နားမထောင်ရတာ ကြာပြီ။

ကျွန်မ ပြန်လာရင် တောရိပ်တောင်ရိပ် တနေရာကို ကျွန်မတို့သွားပြီး အော်ကြရအောင် ဆရာနီးရေ။ ဒါပေမယ့် မမခင်လေးနွယ်ရေ။ ကျွန်မတို့မှာ ဆရာနီးအော်ရင် လိုက်အော်မဲ့ အဖွဲ့က နည်းသွားပြီနော်။ လက်ခုပ်သံတွေက သိပ်မြိုင်မှာ မဟုတ်တော့ဘူး။

"မောင်မင်းတို့ရေ" လို့ တိုင်လိုက်တဲ့နေရာရောက်ရင် "ဘုရား" ဆိုတဲ့ အသံကုန် အော်လိုက်မယ့် အသံတွေက အားပျော့နေတော့မှာ။

လက်ခုပ်တီးနေရာက စိတ်ပါလာရင် ခါးထောက်ပြီး ကဗျာလွတ်ထ "က" တတ်သူ တယောက်လဲ ပါမှာမဟုတ်တော့။

ပြုံးချိုမြမြနဲ့ လပ်ခုပ်တီးရင်း ပြာလဲ့လဲ့အသံနဲ့ လိုက်အော် ပျော်ရွှင်တတ်ရှာသူ တဦးဟာလည်း ကျွန်မတို့နဲ့ ဘယ်တော့မှ ပြန်မတွေ့နိုင်တော့တဲ့ ဟို... အဝေးကြီးကို ထွက်သွားခဲ့ပြီ။

"ကမ္ဘာတဝှမ်းမှာ
ငါ့အလွမ်းဆုံး ရိပ်မြုံ
ရွှေတိဂုံစေတီရှိရာ
ကိုယ့်ပြည်ကိုယ့်ရွာသို့
ဘယ်ခါကျမှ ပြန်နိုင်ပေါ့
လေယဉ်ဘယ်တော့မှ ဆိုက်နိုင်ပေါ့
သည်မှာ မင်္ဂလာဒုံ
သည်မှာ ရွှေတိဂုံ လို့
အာရုံညွှတ်တမ်း
စိတ်ကပဲ မှန်းလိုက်ရ
အိမ်ပြန်လမ်းစ... မှုန်ပျပျ...." တဲ့။

ကျွန်မ စိတ်ထိခိုက်လှတဲ့ ဒီကဗျာအပိုင်းအစလေးကို ပြီးခဲ့တဲ့ အပါတ်တနင်္ဂနွေ စာအုပ်ဂုဏ်ပြုပွဲမှာ ကျွန်မ ရွတ်ပြမိတော့၊ မျက်ရည်သုတ်ရှာတဲ့.. မြန်မာလူငယ်လေးတွေ။

အိမ်ပြန်ချင်နေကြရှာတဲ့ ကျွန်မတို့ လူမျိုးတွေ။

ကျွန်မမှာ အိမ်ပြန်ချိန် နီးပေမဲ့ ဒီမှာ ကျွန်မကို တုပ်နှောင်ထားတဲ့ သံယောဇဉ်ကြိုးတွေ ကလဲ အများကြီးရယ်။

ညနေစောင်းလို့ အလုပ်သိမ်းချိန်ရောက်တာနဲ့ ကွန်ပြူတာမျက်နှာပြင်ပေါ်မှာ တဖျပ်ဖျပ် စိမ်းလာကြတဲ့ GTalk ရဲ့ သံယောဇဉ် မီးစိမ်းလေးတွေ။

"ဆရာမ နေကောင်းပါရဲ့လားခင်ဗျာ၊ ရာသီဥတု အေးလာလို့ နွေးနွေးထွေးထွေး ဝတ်ပြီးနေပါခင်ဗျာ.. လိုတာရှိရင်လဲ အားမနာပဲ မှာစေချင်ပါတယ်ခင်ဗျာ၊ ရာသီအကူးအပြောင်းမှာ ဖျားနာတတ်တဲ့ အတွက် ကျန်းမာရေး ဂရုစိုက်ပါခင်ဗျာ.."

"ဆရာမ ဒီနေ့ ကျောင်းမသွားရဖူးလား၊ မီးစိမ်းနေတာ မြင်လို့၊ နေမှ ကောင်းရဲ့လားလို့၊ ဘာပဲဖြစ်ဖြစ် အကြောင်းကြားစေချင်ပါတယ် ခင်ဗျာ.."

"ဆရာမရေ.. ခုတလော အဖမ်းအဆီးတွေ ကြမ်းနေတယ်၊ အသွားအလာခက်နေလို့ တနင်္ဂနွေ ဆရာမဆီ လာလို့ မရတော့ဘူး၊ စိတ်မပူပါနဲ့ ဆရာမ"

"ကျွန်တော်က ကျွန်ဇာတာပါတယ် ထင်ပါရဲ့ ဆရာမရယ်၊ ဆယ့်လေးနှစ်ရှိပြီ၊ ခုထိတော့ အဖမ်းမခံရသေးဘူး ဆရာမရဲ့..."

"ဆရာမ.. ကိုးရီးယားမှာ မြင်းခွါရွက်နဲ့ နံနံပင်ကို ခွဲလို့ရရဲ့လား၊ ဆရာမ ဒီလို ခရီးတွေလျှောက်သွားနေတာကို အဖိုး(ဘိုးကျောက်ကြီး)များသိရင် သိပ်ဝမ်းသာမှာပဲနော်၊ သမီးက ငယ်ငယ်လေးကတည်းက ဆရာမရဲ့ စာဖတ်ပရိသတ်ပါ၊ စကၠာပူကပါ၊ သမီး ဆရာမကို မအိပ်ခင် စကၠာပူပုံပြင်တွေ ပြောပြမယ်နော်.."

"ဆရာမရေ.. ဟိုတခါ.. ဘောကျော်မွေးနေ့မှာ မုန့်ဟင်းခါး တူတူစားတဲ့ "ကိုဘိုးသာ" တယောက် ပြေးရင်လွှားရင်း နလုံးသွေးရပ်ပြီး ဆုံးသွားရှာပြီ.. ဆရာမရယ်"

"ဆရာမက ကြွက်နီ ကျတော့ သတိရ၊ မိုးဇော်ကျတော့ သတိရ ကျနော့်ကျတော့မေ့၊ ချင်းမိုင်က.. ကြွက်ဖြူလေ၊ ခုတော့ ချင်းမိုင်ကို မေ့ပြီပေါ့...."

ကျွန်မမှာ သူတို့လေးတွေရဲ့ မေတ္တာတွေနဲ့လည်း နွေးထွေးလှပါရဲ့။ စိတ်ထိခိုက်စရာကျတော့လည်း စိတ်ထိခိုက်ပါရဲ့။

ညဖက်ရောက်လို့ တယောက်ယောက်ရဲ့ မီးစိမ်းလေး တက်မလာရင်.. ရင်ပူရပြီ။ ကလေးတွေ ပါသွားပြီလား။ ဘာများဖြစ်ပါလိမ့်ဆိုပြီး ဖုံးဆက်ချင်ပြီ။

မီးစိမ်းလေးတွေနဲ့အတူ တင်ထားတတ်တဲ့ သူတို့ပြောချင်တာ၊ သတင်းပေးချင်တာ၊ ဝေမျှချင်တာ၊ ခံစားရတာလေးတွေကို ဖတ်ရတာကလဲ တခါတရံ စိတ်ဝင်စားစရာ၊ တခါတရံ ပြုံးစရာ၊ တခါတရံ ကျတော့လည်း မျက်ရည်ဝဲချင်စရာပါ။



"ကိုဘိုးသာ" လေး ဆုံးတဲ့နေ့က သူတို့တင်ထားတဲ့ စာလေးတွေလေ။

"စနေနေ့တိုင်း သတိရနေတယ် ဘိုးသာရာ" တဲ့။

"ငါတို့အားလုံး စိတ်မကောင်းကြပါဖူးကွာ.. ဘိုးသာရာ၊ ကောင်းရာသုဂတိလားပါစေ" တဲ့။

ဒီက သံယောဇဉ်တင်မကပါဖူး။ ဟိုး ကမ္ဘာအနောက်ခြမ်းမှာ နေထိုင်တဲ့ ကျွန်မရဲ့ ချစ်သူငယ်ချင်း အကိုကြီး မောင်မာယာ တယောက်ကလဲ အလွန်စိတ်ထိခိုက်အောင် ပြောတတ်တာ။

"မြန်မာပြည်က ထညက်ခဲကို လွမ်းတယ်ဗျာ... မစားရတာ ဘယ်လောက် ကြာသွားပြီလဲ တောင် မပြောတတ်တော့ဘူး...."

".... သူနဲ့ ငရုံ့ အူနဲ့ မစားရတဲ့ သက်တမ်း၊ အတူတူလောက်ရှိမှာ "

"ဒီနေ့ တခုသတိရတယ်၊ "ဝရောင်းချဉ်"၊ မစားရတာ နှစ်နှစ်ဆယ် ကျော်သွားပြီ.."

" "ဝရောင်းချဉ်" ဆိုတာ သိလား၊ မော်လမြိုင်က။ ဒေါင်းခြေရောပဲ"

"အညာက နွားနို့ခဲ၊ ကျွဲနို့ခဲ ကိုလဲ လွမ်းတယ်...."

"စားချင်တာတွေ၊ သွားချင်တာတွေ၊ ကျန်းမာတုန်း၊ စားနိုင်တုန်း၊ သွားနိုင်တုန်း၊ ပြန်နိုင်ရင် ကောင်းမှာနော်၊ ကပ်ပေါ်တင်ပြီး ပက်လက်ပြန်သွားရလို့ ဘာလုပ်ရမှာလဲ..."

"ဘယ်လိုမှ မတတ်နိုင်ပါဖူး "

ဘယ်လိုမှ မတတ်နိုင်ပါဘူးတဲ့။ မပြောပါနဲ့။ အဲလို မပြောကြပါနဲ့။ အိမ်ပြန်ချိန်ဆိုတာ ရောက်လာမှာ ပါ။ ပျော်စရာအကောင်းဆုံးနဲ့ ကြည်နူးစရာအကောင်းဆုံး အိမ်ပြန်ချိန်ဟာ တနေ့နေ့မှာရောက်ကိုလာမှာပါ ။။

နုနုရည်(အင်းဝ)

ဆရာမ ရဲ့ ရှားရှားပါးပါး ကဗျာလေးပါ။

## ခါတ်ရှင်ကြိုက်တဲ့ ငှက်ကလေး

ကျွန်တော့်သခင်က....
ဓါတ်ရှင်သိပ်ကြိုက်ပါတယ်၊
မြို့လည်ခေါင်က ရုံတော်မင်္ဂလာစီနီမာမှာ....
ကားလဲတိုင်း အမြဲကြည့်တတ်တယ်။
သူကြည့်တိုင်းလည်း ကျွန်တော့်ကို....
အမြဲပဲ ခေါ်သွားတတ်ပါတယ်။
လက်မှတ်ရုံမှာ....

ကျွန်တော့်အတွက် လက်မှတ်တစောင်
ကျွန်တော့်လှောင်အိမ်ကလေး ကိုင်ထားတဲ့
(သခင့်အတွက်) လက်မှတ်တစောင်
လက်မှတ်နှစ်စောင် ဝယ်ပြီး....
တူတူကြည့်ကြတယ်။

ဓါတ်ရှင်ပြရင်...
သခင်က... သူသဘောကျသမျှ...
ကျွန်တော့်ကို ပြောပြ၊
ပထမတော့ ကျွန်တော့်မှာ အူကြောင်ကြောင်နဲ့ပေါ့။
အမယ်...နောက်တော့လည်း..ကျွန်တော်ပါ
သဘောကျလာတတ်ပြီဗျို့။
တကယ်ဗျာ.. မယုံမရှိနဲ့...
ကျွန်တော်တို့ ဆရာတပည့်..
စွဲကြတာလည်း မပြောနဲ့။
တကယ်ကောင်းတဲ့ ဓါတ်ရှင်တွေဗျ..
ဟိုဗျာ.. ဗိုလ်အောင်ဒင် ဆိုတဲ့ကား..
ခင်ဗျား ကြည့်ဖူးမလား.. မသိဘူး
ဗိုလ်အောင်ဒင်၊ ဦးဘချစ်၊ မမြဝင်းတို့လေ
"မကြောက်ပါနဲ့ ဦးဘချစ်ရဲ့ မိုးပေါ်ထောင်ပစ်လိုက်တာပါ"
"ကြည့်စမ်း"မြ"၊ "မြ" နဲ့သေနတ်၊ သေနတ်ကပိုအရေးကြီးသတဲ့..."
"လှေနံတော့ နှစ်ဖက်မနင်းလိုက်ပါနဲ့ မမြဝင်းရယ်၊ နင်းချင်းနင်းရင်....
ကျုပ်ဖက် ဖိနင်းလိုက်စမ်းပါ"
တကယ်စကားပြောကောင်းတဲ့ ခင်မောင်ရင်ပဲဗျာ၊
ကျွန်တော်သာ မမြဝင်းဆိုရင်
တကယ်ပါ ဘာကမှ မစဉ်းစားပဲ
သူ့ဖက်ဖိနင်းပစ်လိုက်မှာ... အသေအချာပေါ့။
ပြီးတော့ဗျာ... ဟိုကား တကား
ဘာတဲ့.. အဲ.."ချွေးနှင့် သွေးနှင့် ရင်းသည့်မြေ"
မြတ်လေးရယ် ကောလိပ်ဂျင်နေဝင်းရယ် မြင့်မြင့်ခင်ရယ်၊ ဦးကျောက်လုံးရယ်
အဲဒီထဲမှာ....
နယ်ခံဗိုလ်ကျစိုးမိုးသူ "မြို့ခင်းသာကျောက်ခဲ" အဖြစ်နဲ့...
သရုပ်ဆောင်တဲ့ ဦးကျောက်လုံးကြီးလေ၊
"မြို့ခင်းသာကျောက်ခဲ" က "ဦးကျောက်ခဲ"ကို မဲပေးပါတယ်..."

ရှုတည်တည်နဲ့ ဘယ်သူ့မှ မရက်တဲ့မျက်နှာ..
ကျွန်တော်တောင် သူ့အစား ကြားက ရှက်လာတယ်။
"ရန်ကုန်ဆိုတာ သွားသုတ်သုတ်၊ လာသုတ်သုတ်၊ စားသုတ်သုတ်
မဆာလည်းစား၊ ဆာလည်းစား၊ ရုံးမီအောင်၊ ဘတ်စ်ကားမီအောင်"
မြက်ခမောက်နဲ့ လက်နောက်ပစ်ထားတဲ့..
စကားပြောမင်းသား မြတ်လေးကလည်း
နံမည်နဲ့ လိုက်ပါပေရဲ့ဗျာ၊
ကျွန်တော်ကတော့ ကြိုက်မှကြိုက်ပဲ။
အဲ... ပြီးတော့ သိပ်ခိုက်တဲ့ နောက်တကားက....
ဟိုကားလေဗျာ...
ဒါရိုက်တာမောင်မိုးသူရိုက်တာ..
"ရေပွက်ပမာ" ဆိုတဲ့ကား၊
ဇော်ခင်၊ မြတ်လေး၊ နေစိုးတို့ရဲ့...
နံမည်ကြီး ကား ပေါ့။
"သိန်းနက်"၊ "သိန်းနက်"၊ နာမည်ဝှက်နဲ့လူဟာ
ဒီလူကြီး "ဦးအောင်" လို့... သိလိုက်ရတဲ့ တခဏ
""သိန်းနက်"က "ဦးအောင်"၊ "ဦးအောင်"က "သိန်းနက်"
ဟုတ်လားကွ...ဟင်"
"သုံးယောက်တယောက် ဒီပွဲကြည့်မကောင်းဖူး
ကောင်မလေးကို လွှတ်လိုက်"
"ဟေ့ကောင် မြဒင် မင်းသေနတ်ကို မရောင်နိုင်တော့ဖူးလား
တော်လှန်ရေးကာလ သွေးမြေကျ ငါဖြေနိုင်သေးရဲ့ကွာ"
ဟာ... ကျွန်တော် မျက်ရည်လည်လာအောင် ကြိုက်တယ်ဗျာ။
ဒါပေမယ့်ဗျာ....
ဟို.. "မုန်း" ဆိုတဲ့ ဇာတ်ကားမှာ၊
ကျွန်တော် သိပ်ကြိုက်တဲ့ ကောလိပ်ဂျင်နေဝင်းက...

"လှောင်ချိုင့်ထဲက ငှက်ဟာ လှောင်ချိုင့်ထဲကိုပဲ
ပြန်သွားချင်တာပါပဲ" တဲ့ ။



အဲဒါကတော့ မဟုတ်ဖူး၊
ကျွန်တော် သဘောမတူနိုင်ဖူး၊
လှောင်ချိုင့်ကို ကျွန်တော်မုန်းတယ်၊
ငှက်ပဲဖြစ်ဖြစ်...
လူပဲဖြစ်ဖြစ်....
လှောင်ချိုင့်ထဲမှာ ဘယ်သူနေချင်မှာလဲ..
ဘယ့်နှယ်လဲ....
ခင်ဗျားရော.. ကျွန်တော်နဲ့... သဘောချင်းတူရဲ့လား။ ။

{မာယာနှစ်လည်အတွက် -၁၉၉၀ ကျော် နှစ်များဆီက (ကဗျာမရေးတတ်ပဲ) ရေးချင် လွန်းလို့ ရေးထားမိတဲ့ ကဗျာလေးကို- ပေးပို့လိုက်ပါတယ်။}

# နုနုရည်(အင်းဝ)

## သူစိမ်းတွေကြားမှာနှင့်အခြားစုစည်းမှု

**မားဆိုး**(mmcybermedia)
**မှစာရိုက်ပေးပါသည်**

mmcybermedia.com
edit & PDF • rfanquee (mmcybermedia)